www.burmeseclassic.com

အိမ်သူရွှေမ စာပေ

# အရိုး

အာရေဘီယံ ညည



www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| စာမူ ခွင့်ပြုချက် အမှတ် | ၄၀၀၄၉၆၀၄၀၈ |
| မျက်နှာဖုံး ခွင့်ပြုချက် အမှတ် | ၄၀၀၈၄၁၀၈၀၈ |
| ပထမ အကြိမ် | အောက်တိုဘာလ၊ ၂၀၀၈ |
| မျက်နှာဖုံး ပန်းချီ | မုတ်သုံ |
| မျက်နှာဖုံး ဒီဇိုင်း | ရဲမြင့်သူ |
| မျက်နှာဖုံးရိုက် | ဒေါ်ချွ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက် ၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်၊ ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံ မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ၊ ၁၁၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၂၀၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

တစ်ခါတုန်းက နတ်ပြည်က နတ်သမီးလေး တစ်ယောက်ဟာ တစ်နေ့ တစ်နေ့ နတ်တွေနဲ့ချည်းပဲ နေရတာ ကြာတော့ ငြီးငွေ့လာသတဲ့။ အဲဒါနဲ့ လူတွေ ကြားမှာ သွားနေကြည့်ချင်တယ် ဆိုပြီး သူ့ အုပ်ထိန်းသူ နတ်ကြီးတွေကို ပူဆာပါလေရော။ နတ်အုပ်ထိန်းသူတွေလည်း ခေါင်းခဲ ကြတာပေါ့။ ဒါနဲ့ သူတို့ချင်း ကျိတ်တိုင်ပင်ကြပြီးတော့ လူတွေဆီမှာ တစ်ဘဝလောက် သွားနေချင်လည်း နေကြည့် ဆိုပြီး နတ်သမီးလေးကို ခွင့်ပြုလိုက်တယ်။ နတ်သမီးလေးလည်း ဝမ်းသာ အားရ လူယောင် ဖန်ဆင်း ပြီး 'လူတွေ အများကြီး ရှိတဲ့ ကြားထဲ ရောက်သွားရပါလို၏' လို့ မျက်စိ စုံမှိတ် ဆုတောင်းလိုက်တယ်။ မျက်စိ ပြန်ဖွင့်ကြည့်လိုက်တော့ သူ့ဆုတောင်း ပြည့်နေတာ တွေ့ရတယ်။ ဒါပေမဲ့ တစ်မျိုးကြီး။ နတ်သမီး လေးဟာ သူ့ဆုတောင်း အတိုင်း လူတွေ အများကြီး ကြားထဲတော့ ရောက်သွားပါရဲ့။ ဒါပေမဲ့ ...

ဘောလုံးကွင်းထဲမှာ .......



www.burmeseclassic.com

www.burmeseclassic.com

(၁)

နည်းနည်းနောနော လူအုပ်ကြီး မဟုတ်ဘူး။ တုတ်တွေ၊ ဓားတွေ မြှောက်လို့ ကျွန်တော့် နောက်က လိုက်ချလာကြတာ။ အော်ဟစ် ဆူညံလို့။ ပြေးရင်းလွှားရင်း လဲတဲ့လူက လဲနဲ့။ လဲသွားတဲ့ လူကိုလည်း ကျန်တဲ့လူတွေ က လှည့်တောင်မကြည့်ဘူး။ ကျွန်တော့် နောက်ကိုပဲ အတင်းမဲပြီး ဆက် လိုက်နေကြတာပဲ။ ပုံစံတွေ ကြည့်ရတာလည်း တကယ် လုပ်မယ့် ရုပ်တွေ။ တချို့ဆို ပြေးရင်း လွှားရင်းပဲ ထိလို ထိငြား ရရာပစ္စည်း ကောက်ပြီး ကျွန်တော့်ကို လှမ်း လှမ်း ပေါက်ကြသေး။ ကျွန်တော်ကလည်း ရှေ့က ခွေးပြေး ဝက်ပြေးကို ပြေးနေတာ။ ဟော်ဟော်တော့ မပေါ့ပါး မြန်ဆန်နေတယ်။ နောက်က လူတွေ လိုက်မီဖို့ မပြောနဲ့။ လှမ်းပစ်တဲ့ ခဲတွေ၊ တုတ်တွေ၊ တိုလီ မိုလီတွေတောင် ကျွန်တော့်ကို လာမထိဘူး။ ကျွန်တော် စဉ်းစားကြည့် တယ်။ ငါက ဘာဖြစ်လာလို့ ဒီလောက် သေပြေး ရှင်ပြေး ပြေးနေရတာလဲ။ သူတို့ကရော မိသွားရင် တစ်စစီ .ဝိုင်းဆွဲဆုတ်မယ့် ပုံမျိုးတွေနဲ့ ဘာလို့ အတင်း ဝိုင်းလိုက်နေကြတာလဲပေါ့။ နောက်ပြီး ဒီလောက် လူအများကြီး ဗုန်းဒိုင်းကြဲ အော်ဟစ် ဆူညံပြီး သဲကြီးမဲကြီး ဝိုင်းလိုက်လာကြလောက်အောင် ငါက ဘာတွေများ သွားလုပ်ထားခဲ့လို့လဲပေါ့။ ရှေ့က ပြေးနေရင်း ကျွန်တော် စဉ်းစားကြည့်တယ်။ စဉ်းစားလို့ကို အကြောင်းရင်း ရှာမရဘူး

www.burmeseclassic.com



ပြေးရင်း လွှားရင်းနဲ့ အာရှေ့ဘီယံ ရုပ်ရှင်တွေထဲက ဈေးတန်း တစ်ခုလို နေရာမျိုးကို ကျွန်တော် ရောက်လာတယ်။ တောင်းတွေ၊ ပလုံးတွေ၊ ကုလားအုတ်တွေ၊ ခေါင်းမြီးခြုံပြီး သွားလာနေကြတဲ့ မိန်းမတွေ၊ အုတ်တိုက် ကြီးတွေ ဘေးမှာ အဖီတွေ ချပြီး ရောင်းနေတဲ့ ဆိုင်တွေ၊ သစ်သီးတွေ ရောင်းနေတာလည်း တွေ့တယ်။ ကြက်တွေကလည်း လူကြားထဲ လျှောက် ပြေးလို့။ အမယ် … တစ်နေရာမှာများ ပခြုပ်ထဲက မြွေဟောက် အနက်ကြီး နဲ့ အလမ္ပာယ် ပြနေတဲ့ ပေါင်းထုပ်ကြီးနဲ့ အရာကြီး တစ်ယောက်တောင် ထိုင်နေသေး။ သဲကန္တာရ ဆိုတော့ မြေကြီးပေါ်မှာလည်း သဲတွေချည်းပဲ။ သေပြေး ရှင်ပြေးနဲ့ ကျွန်တော် မြင်ခဲ့သလောက် ကိစ္စတွေပါ။ ခဏ ရပ်ပြီး နောက်ကို တစ်ချက် လှည့်ကြည့်တော့ လိုက်တဲ့ လူအုပ်ကြီးက လိုက်လာ ကြတုန်းပဲ။ လူအုပ်ထဲမှာ ဓားကောက်ကြီးတွေ ကိုင်ထားတဲ့ ပထန် နုထွားကြီး တွေတောင် သုံးလေးယောက် ထပ်တိုးလာသေး။ မျက်လုံးကြီးတွေ ပြူးပြီး နှုတ်ခမ်းမွေးကြီးတွေက ထောင်လို့။ သူတို့က တခြား လူတွေထက် ပိုအပြေး သန်ပုံ ရတယ်။ ရှေ့ဆုံးက ဓားကြီးတွေ မြှောက်ပြီး ပြေးလာနေကြတယ်။

ကျွန်တော် သိပ်စဉ်းစားနေချိန် မရတော့ဘူး။ ခြေရော လက်ရော သုံးပြီး ဈေးတန်းထဲက အတင်း ဖြတ်ပြေးတယ်။ ဟိုပေါ် ခုန်တက်လိုက်၊ ဒီပေါ် ခုန်တက်လိုက်နဲ့။ အမယ် … အတော်တော့ မြန်သားဟ။

တစ်နေရာ ရောက်တော့ အမိုးပေါ်မှာ အလုံးကြီးတွေနဲ့ နန်းတော် ကြီးလို တိုက်ကြီး တစ်ခုကို ဈေးရဲ့ အဆုံး လမ်းထောင့်မှာ သွားတွေ့တယ်။ တိုက်ကြီးက အဆောင်တွေ အဆင့်ဆင့်နဲ့။ ပြတင်းပေါက်တွေကလည်း အများကြီး။ နောက်က လူအုပ်ကြီးကလည်း ‘ဟိုဘက်ကို ကွေ့သွားတယ်၊ လိုက်ဟ၊ ဖမ်းဟ’ နဲ့ နီးလာတယ်။

ကျွန်တော် သိပ်စဉ်းစားမနေဘူး။ နန်းတော်ကြီးနားမှာ ရပ်ထားတဲ့ လှည်းကြီး တစ်ခုပေါ်က တစ်ဆင့် အနိမ့်ဆုံး ပြတင်းပေါက် တစ်ခုပေါ် ခုန်တက်လိုက်တယ်။ နောက်တော့ နံရံတွေ၊ အမိုးစွန်းတွေ၊ ပြတင်းပေါက် ဘောင်တွေကနေ တစ်ဆင့်ပြီး တစ်ဆင့် လွှားခနဲ၊ လွှားခနဲ ဆက်ခုန်တက် လိုက်တာ တော်တော် မြင့်မြင့်က ပြတင်းပေါက်ကြီး တစ်ပေါက်ရဲ့ဘောင် ပေါ် အထိ ရောက်သွားတယ်။ ကျွန်တော်ဟာ ခြေမြဲ လက်မြဲနဲ့ အတော်



www.burmeseclassic.com

www.burmeseclassic.com



ထေါ့ပါးနေတာ သတိထားမိတယ်။ နောက်က လိုက်လာတဲ့ လူအုပ်ကြီးတတော့ ကျွန်တော် ရုတ်တရက် ပျောက်သွားလို့ အော်ကျယ် အော်ကျယ်နဲ့ဟိုရှာ သည်ရှာ ရှာနေကြတာကို ပြတင်းပေါက် ဘောင်ပေါ်ကနေ မြင်နေရတယ်။

ကျွန်တော် သည်မှာ ထိုင်နေလို့ မဖြစ်ဘူး။ လူအုပ်ထဲက တစ်ယောက်ယောက်က အပေါ် မော့ကြည့်လိုက်ရင် ပြတင်းပေါက် ဘောင်က ကျွန်တော့်ကို တွေ့သွားနိုင်တယ်။ ဒါနဲ့ အခန်းထဲကို ခုန်ဝင်လိုက်တော့ ပြတင်းပေါက်နားမှာ ခုတင်ကြီး တစ်လုံး ရှိတာ တွေ့တယ်။ ခေါင်းမိုးပေါ် မော့ကြည့်လိုက်တော့ ထုပ်တန်းကြီး တစ်တန်းကို တွေ့တယ်။ ခုတင်တိုင်ကနေ တစ်ဆင့် အဲဒီ ထုပ်တန်းကြီးပေါ် အထိ ကျွန်တော် တွယ်တက်သွားလိုက်တယ်။ အခန်းထဲ ရောက်သွားလို့ အောက်က လူတွေ အသံ သိပ်မကြားရတော့ဘူး။ ကျွန်တော် ရောက်နေတဲ့ ထုပ်တန်းကြီးက အုတ်နဲ့ လုပ်ထားပြီး လူတစ်ယောက် လှဲအိပ်လို့ ရနိုင်အောင် ကျယ်တဲ့ အကြီးကြီးပဲ။ အဲဒီတော့မှ စိတ် နည်းနည်း အေးသွားပြီး ထုပ်တန်းပေါ်မှာ ခြေပစ် လက်ပစ် ထိုင်ချလိုက်မိတယ်။ ပြီးတော့ ကျွန်တော် ခိုးဝင်လာခဲ့တဲ့ အခန်းကိုလည်း အပေါ်ကနေ အခုမှ လိုက်ကြည့်နေမိတယ်။

အခန်းကြီးက တော်တော် ကျယ်တယ်။ အခန်းထဲက အသုံးအဆောင်ပစ္စည်းတွေကလည်း တကယ် အဖိုးတန် ခမ်းခမ်းနားနားတွေပဲ။ ကော်ဇောကြီးတွေ၊ ကတ္တီပါ ခန်းဆီးလိုက်ကာကြီးတွေ၊ အတွန့်အလိပ်တွေ ဖော်ထားတဲ့ ပရိဘောဂ ပစ္စည်း အကြီးကြီးတွေ၊ ရွှေချည် ငွေချည် ထိုးထားတဲ့ ထိုင်ခုံကြီးတွေ၊ ကြေးနဲ့ လုပ်ထားပြီး ပြောင်လက်နေတဲ့ အသုံးအဆောင် ပစ္စည်းနဲ့ မီးတိုင်ကြီးတွေ။ တစ်ခန်းလုံးမှာ အမွှေးနံ့သာ အနံ့တွေ ဖုံးလွှမ်းနေတာပဲ။ တစ်နေရာမှာ အသီးအနှံ့ အစုံအလင် ထည့်ထားတဲ့ ဇန်းကြီး တစ်ခုနဲ့ စားပွဲကြီး တစ်လုံး။ တစ်နေရာမှာ ပုံရိပ် ထင်အောင် လုပ်ထားတဲ့ ကြေးမုံပြားကြီး တစ်ခုကို မှန်တင်ခုံလို စားပွဲကြီးပေါ် တင်ထားတယ်။ အဲဒီမှန်တင်ခုံကြီးရှေ့က ကုလားထိုင် တစ်ခုပေါ်မှာ ....

အင်မတန် လှပတဲ့ မိန်းမပျို တစ်ယောက်ဟာ ကြေးမုံပြားကြီးပေါ် ထင်နေတဲ့ သူ့ပုံရိပ်ကို သူ ကြည့်ရင်း ပြုံးနေတယ်။ သူ့ မျက်လုံးတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစက်ပြီး တလက်လက် တောက်ပနေတယ်။ သူ့မျက်ခုံးနဲ့ မျက်တောင်တွေဟာ မည်းနက်နေတာပဲ။ သပ်သပ်ရပ်ရပ် ထင်ပေါ်နေတဲ့ နှာတံဟာ ဖြောင့်စင်းနေပြီး နှုတ်ခမ်း ထူထူ နှစ်ခုနားမှာ အဆုံးသတ်ထားတယ်။ သူ့မျက်နှာဟာ ဝိုင်းတယ်လို့ ပြောလို့ မရသလို ရှည်တယ်လို့လည်း မပြောနိုင်ဘူး။ သူ့မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းတွေ ပိုလှသွားအောင် တိတိပပ ဘောင်ခတ် ပုံသွင်းပေးထားသလို ဖြစ်နေတယ်။ သူ့ဆံပင်တွေဟာ မည်းနက်ပြီး ပခုံးပေါ်ကို ဝဲကျနေတယ်။ အနက်ရောင် ပြောင်လက်နေတဲ့ ကတ္တီပါသားပေါ်မှာ ရွှေကနုတ် အတွန့်အကွေးတွေ ဖော်ထားတဲ့ သူ့ရင်စည်းနဲ့ တစ်ဆက်တည်း ဂါဝန်ရှည်ကြီးက သူ ထိုင်နေတဲ့ ခုံနား တစ်ဝိုက်မှာ ပုံကျနေတာ ဖိတ်ဖိတ်တောက်လို့။ အဝါရောင်သန်းပြီး ဖြူဖွေး ကြည်လင်တဲ့ သူ့မျက်နှာ၊ လည်ပင်း၊ ပခုံးနဲ့ ရင်ဘတ် အထက်နားက အသားအရောင်ပေါ်မှာ ကြေးမုံပြင်က ရောင်ပြန်ဟပ်တဲ့ ရွှေရောင်တွေ လင်းနေတယ်။ မိန်းမပျိုဟာ ထုပ်တန်းပေါ်က ကျွန်တော့်ကို မမြင်ဘူး။ ကျွန်တော် ဝင်လာတာကို သိလိုက်ပုံလည်း မရဘူး။ သူ့ဟာသူ တစ်ယောက်တည်း ရှိနေသလိုမျိုး သူ့ကိုယ်သူ အေးအေးလူလူပဲ ကြေးမုံ ကြည့်ရင်း ခြယ်သနေတာ သူ့ပစ္စည်းလေးတွေနဲ့သူ ရှုပ်လို့။

မိန်းမပျိုဟာ မှန်တင်ခုံကြီးပေါ်က ငွေဘူးလေး တစ်ခုကို သူ့လက်ချောင်း ဖြူဖြူတွေနဲ့ လှမ်းယူပြီး အဖုံး ဖွင့်လိုက်တယ်။ ဘူးထဲမှာက အနက်ရောင် ဆေးပျစ်ပျစ် တချို့ ရှိနေတယ်။ မိန်းမပျိုဟာ ဝါဂွမ်း ပတ်ထားတဲ့ တုတ်တံ သေးသေးလေး တစ်ခုနဲ့ အဲဒီ အနက်ရောင်ဆေးတွေကို သူ့နှုတ်ခမ်း ထူထူပေါ်မှာ စိတ်ရှည် လက်ရှည် ဆိုးနေလိုက်တယ်။ ပြီးတော့နောက် ငွေရောင်ဘူးလေး တစ်ခုကို ယူလိုက်ပြီး အဲဒီ ဘူးထဲက ဆေးအနက် တစ်မျိုးနဲ့ ပန်းရောင် ထပြီး သွယ်လျနေတဲ့ သူ့ လက်သည်းခွံတွေကို ဆိုးနေပြန်တယ်။ အားလုံး ပြီးသွားတဲ့အခါ မှန်တင်ခုံကြီးပေါ်ကို လက်နှစ်ဖက် ထောက်ပြီး သူ့မျက်နှာကို ကြေးမုံပြင်နား ကပ်လို့ ခပ်တည်တည် ကြည့်လိုက်တယ်။

ဖြူဖွေးတဲ့ လက်ဆယ်ချောင်း အဆုံးက အနက်ရောင် လက်သည်းခွံတွေ၊ တလက်လက်နဲ့ ကြေးမုံကို စိုက်ကြည့်နေတဲ့ ခပ်တည်တည် မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံး တစ်စုံ၊ ဝါဝင်း ဖြူစင်တဲ့ မျက်နှာပေါ်မှာ အနက်ရောင် နှုတ်ခမ်းထူထူ တစ်စုံက စေ့စေ့ ပိတ်လို့၊ လှပပေမဲ့ ခပ်တည်တည် မျက်နှာထား။

ကျွန်တော့် ကျောရိုးထဲမှာ စိမ့်ခနဲ ဖြစ်သွားတယ်။

သူ့ကို ကြည့်ရတာ နတ်သမီး တစ်ပါးလိုပဲ။

ဒါပေမဲ့ …

သူ့ရဲ့ လှပမှုကို လျှို့ဝှက်တဲ့ အနက်ရောင်တွေနဲ့ ထောက်ပံ့ထားရင်းနားလည်နိုင်အောင် ကြိုးစားလို့ မရတဲ့ တစ်စုံတစ်ရာ တန်ခိုး အာနိသင်တစ်ခုက လွှမ်းမိုးထားသလိုပဲ။

ထုပ်တန်းပေါ်မှာ ကျွန်တော် အနည်းငယ် နေရာ ပြင်ထိုင်လိုက်တယ်။ ဘယ်လို ဖြစ်တာပါလိမ့်။ ထိုင်ရတာ ခါတိုင်းလို သက်သောင့်သက်သာရှိပါလား။ တင်ပါး အောက်မှာ ခိုးလိုးခုလုနဲ့။ ဘာလဲဟ … ဒါ။

'ဟိုက် …'

အမြီးကြီးပါလား။ အရှည်ကြီးပဲ။ အမွေးစုတ်ဖွားနဲ့။ ကျွန်တော့်မှာအမြီးကြီး ပေါက်နေပါလား။ အမယ် အမြီးက လှုပ်လို့တောင် ရနေသေး။ဒါ … ဒါဆိုရင် …

ကျွန်တော့် ခြေတွေ၊ လက်တွေ၊ မျက်နှာတွေကို ထိတ်လန့်တကြားလိုက်စမ်းကြည့်မိတယ်။ ကျွန်တော့် တစ်ကိုယ်လုံးမှာ အမွေးကြမ်းကြီးတွေပေါက်နေပါလား။

ဟုတ်ပါပြီ။

တော်တော့်ကို သေချာနေပါပြီ။

ကျွန်တော်ဟာ လူမှ မဟုတ်တာ …။ မျောက်ကြီး တစ်ကောင်ဖြစ်နေတာကိုး …။

ဒါကြောင့် ပြေးရ လွှားရ ခုန်ရ ပေါက်ရတာ ဒီလောက် လျင်မြန်နေပါးပြီး အမောခံနိုင်နေတာကိုး။

အခန်းထဲမှာ ရှိနေတဲ့ နတ်သမီးကို ကျွန်တော် ခဏ မေ့သွားတယ်။ကျွန်တော်ဟာ စကားရော ပြောနိုင်ရဲ့လား။

ကြောက်အား လန့်အားနဲ့ ခေါင်းနားပန်းကြီးသွားပြီး အားခနဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အကျယ်ကြီး အော်လိုက်မိတယ်။ ကျွန်တော် အော်လိုက်တဲ့ အသံကို ချက်ချင်း ကျွန်တော် ပြန်ကြားရတယ်။ ဒါပေမဲ့ အားခနဲ အော်လိုက်တဲ့ လူသံ မဟုတ်ဘူး။

မျောက်ရိုင်းကြီး တစ်ကောင်ရဲ့ ခွီးခနဲ အော်လိုက်သံကြီး ဖြစ်နေတယ် ....။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ကြောက်ကြောက်နဲ့ အိပ်ရာက နိုးလာတော့ နေတောင် အတော်မြင့်နေပြီ။ ဆယ်နာရီခွဲလောက်တော့ ရှိပြီ ထင်ပါရဲ့။ ဖုန်းကလည်း တတီတီနဲ့ ဘယ်နားက အော်နေမှန်း မသိဘူး။ အိပ်ရာထဲ တစ်နေရာရာတော့ ရှိမှာပဲ။ ဒါပေမဲ့ ထမရှာအားဘူး။ အရေးကြီးတာ ရှိသေးတယ်။ အိပ်နေရင်းကပဲ ကိုယ့် တင်ပါး ကိုယ် ဆတ်ခနဲ အားတင်းပြီး စမ်းကြည့်လိုက်တယ်။

တော်ပါသေးရဲ့။

အိပ်မက်ထဲကလို ဟိုဒင်း စုတ်ဖွား အရှည်ကြီးကို မစမ်းမိဘူး။ အဲဒီတော့မှ မျက်လုံး ဖွင့်ပြီး ကိုယ့်ကိုယ်ကိုယ် စေ့စေ့စပ်စပ် ခြေတွေ၊ လက်တွေ ကြည့်ရတယ်။

ဘုရားမလို့။ လူအကောင်လိုက် စစ်စစ်ကြီး ရှိသေးတယ်။ မျောက်ကြီး ဖြစ်နေတာ မတွေ့ရလို့ အခုမှ အလုံးကြီး ကျသွားတော့တယ် ခင်ဗျ။

ဝတ္တရား ရှိတဲ့ အတိုင်း နင်းကန် မြည်နေတဲ့ ဖုန်းကို လိုက်ရှာတော့ ခြေရင်းက စောင်ကြားမှာ သူကောင်းသားက အော်နေတာကိုး။ ဒါနဲ့ ကောက်နှိပ်လိုက်ပြီး ထူးမယ် လုပ်တော့ အိပ်မက်ကို သတိပြန်ရလို့ ချီတုံချတုံ ဖြစ်သေးတယ်။ မျောက်သံကြီး ထွက်လာရင် ဒုက္ခ။ နားနား ကပ်ထားမှ တစ်ခါ ပြန်ခွာပြီး *Screen* ကို ကြည့်တော့ ကျွန်တော့် ချစ်ပှစ္စာ



www.burmeseclassic.com

www.burmeseclassic.com



သော အစ်မကြီး ဆက်နေတာကိုး။ မထူးပါဘူး ဆိုပြီး အသံပြုလိုက်တယ်။

'ဟုတ်ကဲ့' (တော်သေးတာပေါ့ လူသံ ထွက်လာလို့)

'သားငယ် … မနိုးသေးဘူးလား၊ ဘယ်အချိန် ရှိပြီလဲ၊ ငါ ဆက်နေတာ သုံးခါ ရှိပြီ၊ ကိုင်လည်း မကိုင်ဘူး၊ ဘာလုပ်နေလဲ'

'အိပ်ပျော်နေတာ'

'ဟဲ့ ငါပြောတာကော နင် ကောင်းကောင်း ကြားရဲ့လား၊ နိုးကော နိုးပြီလား'

'ကြားပါတယ်၊ နိုးပါပြီဗျ'

'ကိုယ်တော်လေး … နိုးရင်လည်း ထတော့၊ ပြန်ခွေမနေနဲ့၊ ဒီမှာ ငါ ပြောတာ နားထောင်စမ်း'

ဩော် … ဒုက္ခပါပဲ၊ နားထောင်နေပါတယ် ဆိုမှ နားထောင်စမ်း ဆိုပြီး ဆရာလုပ်နေသေး။

'နားထောင်နေပါတယ် မကြီးကလည်း၊ ဘာပြောမလို့လဲ'

'နင် မေ့နေမှာ စိုးလို့ ငါ ထပ်ပြောတာ၊ ဒီမှာ ဒေါ်ဆင်ကို လိုက်ရှာပြီး ဒီနေ့ ဆေးခန်း ပြဖြစ်အောင် ပြ၊ နောက်ပြီး ကွန်ပရက်ဆာ မော်တာကို ဒီနေ့ ဖွင့်တ်ဖြစ်အောင် ဖွတ်ပြီး ဆိုင်ပို့၊ ကြားလား'

'ဟုတ်ကဲ့'

'ဟဲ့ … နေဦး'

'တစ်ယောက်တည်း ဖြုတ်လို့ မနိုင်ရင် မော်တာကြီးကို အတင်းကုန်းရုန်း မ မနေနဲ့ဦးနော်၊ ခါးတွေ ဘာတွေ မျက်ပြုနေဦးမယ်'

'ဟုတ်ကဲ့'

'အေး အေး ဒါဆိုလည်း ဒါပဲ၊ နင် ဒီညနေ ဘာမှာဦးမလဲ၊ ငါ ဘာဝယ်လာပေးရမလဲ'

'မမှာတော့ဘူး မကြီး'

'အေး အေး၊ ပြီးရော ပြီးရော'

အမိ အရာ အစ်မကြီးက ဆရာ လှမ်းလုပ်ပြီး ဖုန်းချသွားတယ်။

ကြုံလို့ ပြောပြရဦးမယ်။ ကျွန်တော်တို့မှာ မိဘတွေ မရှိတော့ပါဘူး။ မောင်နှမ သုံးယောက်ပဲ ကျန်ခဲ့တယ်။ အကြီးဆုံး အစ်ကိုကြီးနဲ့ အစ်မကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့က တစ်နှစ်ကြီး တစ်နှစ်ငယ်။ နှစ်ယောက်စလုံး လူပျိုကြီး၊ အပျိုကြီးတွေ။ သူတို့ နှစ်ယောက်နဲ့ ကျွန်တော်နဲ့က အသက် ဆယ်နှစ်လောက် ကွာတော့ ကျွန်တော့်ကို သူတို့ သားသမီးလို သဘောထားပြီး စောင့်ရှောက်ထားကြတာ။ အဖေတို့ အမေတို့က မြစ်ကြီးနား အဆက်တွေပါ။ အမျိုးတွေကလည်း မန္တလေးနဲ့ မြစ်ကြီးနားမှာပဲ နေကြတာ များတယ်။ ရန်ကုန်မှာ ဆိုလို့ ကျွန်တော်တို့ မောင်နှမ သုံးယောက်ရယ်၊ မြို့ထဲမှာ နေတဲ့ ဘကြီး တစ်ယောက်ရယ်ပဲ ရှိတယ်။ ကျွန်တော်တို့ မိသားစု မျိုးရိုးက ကျောက်စိမ်း လုပ်ငန်းနဲ့ အသက်မွေးကြတာချည်းပဲ။ ကျွန်တော်တို့ မိဘတွေကလည်း ဒီအလုပ်နဲ့ပဲ ပစ္စည်း ဥစ္စာ ရှာဖွေခဲ့ကြတာ ကျွန်တော်တို့ မမွေးခင်ကတည်း ကပေါ့။ မိဘတွေ ဆုံးပါးသွားတော့ ဖားကန့်မှာ ကျန်ခဲ့တဲ့ တွင်းကို အစ်ကိုကြီးက ဦးစီးရတယ်။ သူက အဲဒီမှာပဲ အနေများတယ်။ ကိစ္စကြီးငယ် ရှိမှ ရန်ကုန် ဆင်းလာတယ်။

အစ်မကြီးကတော့ ရန်ကုန်မှာ ရှိတဲ့ ရတနာဆိုင်ကို လုပ်ရင်း ကျွန်တော့်ကို အုပ်ထိန်းနေတာပါ။ မန္တလေးက အမျိုးတွေ မကြာခဏ လာနေတတ်ကြပေမဲ့ များသောအားဖြင့်တော့ ရန်ကုန် အိမ်မှာ ကျွန်တော်တို့ မောင်နှမ နှစ်ယောက်နဲ့ မကြီးရဲ့ လက်တိုလက်တောင်း ဆိုင်ကူထိုင် အလုပ် သမလေး နှစ်ယောက်ပဲ နေဖြစ်တာ များတယ်။ အစ်မကြီးက ကျွန်တော့် အတွက် အမေလိုပါပဲ။ စီးပွားရှာ၊ ချက်ပြုတ်၊ လျှော်ဖွပ် အားလုံး သူပဲ ဦးစီးတယ်။ သူ့အကြောင်း တွေးမိရင်းကမှ သူ ခိုင်းတာ သတိရသွားတယ်။ မဖြစ်သေးပါဘူး။ အိပ်ရာ ထပြီး ဒေါ်ဆင်ကို ရှာဦးမှ။

မျက်နှာသစ်ပြီး ဒေါ်ဆင်ကို ရှာဖို့ အောက်ထပ် ဆင်းလာလိုက်တယ်။ ဒေါ်ဆင် ဆိုလို့ မသိတဲ့ လူက အဒေါ်ကြီး တစ်ယောက်လို့ ထင်မှာ။ နောက်ပြီး လိုက်ရှာပြီးတော့ ဆေးခန်း ပြရမယ် ဆိုတော့ စိတ်တွေ ဘာတွေ မနှံ့ဘူးလို့ ဆက်ထင်ရင် ထင်ကြဦးမှာ။ မဟုတ်ဘူးဗျ။ ဒေါ်ဆင် ဆိုတာ အင်္ဂလိပ်လို (*Dawson*) လို့ ခေါ်တဲ့ မကြီးရဲ့ အချစ်တော် လစ်ဘရစ်ဒေါ်မျိုး ခွေးထီးကြီး။ ဒီကောင်ကြီးက အိမ်ထဲမှာရော၊ ခြံထဲမှာပါ သွားချင်ရာ လျှောက်သွားနေတဲ့ ဟာကြီး။ မနေ့က နည်းနည်း နေမကောင်းချင်လို့ ရလို့ ဒီနေ့ လိုက်ဖမ်းပြီး ဆေးခန်း ပြရအောင် ကျွန်တော့်ကို တာဝန် ပေးထားတာ။



www.burmeseclassic.com

www.burmeseclassic.com



မူလီတွေ ဖြုတ်။ စက်မှာ ပေနေတဲ့ အင်ဂျင်ဝိုင်တွေ ဆီချေးတွေနဲ့ ပေကျံနေတာပဲ။ ဒေါ်ဆင်ကတော့ ဘေးနား လာပြီး သေချာ ထိုင်ကြည့်နေတယ်။ ကိုယ့်ဆရာနှယ် ဘာတွေ လျှောက်လုပ်နေလဲ ဆိုတဲ့ မျက်နှာပေးနဲ့။ ခွေးမှာလည်း မျက်နှာ အမူအရာ ရှိတယ်ဗျ။ သားသမီးလို မွေးဖူးတဲ့ လူတွေ သိတယ်။

ခဏ ကြာတော့ 'ဝုတ်' ခနဲ ဟောင်ပြီး အိမ်ရှေ့ဘက် ပြေးသွားတယ်။ ဒီကောင် တစ်ယောက်ယောက် လာလို့ ခြံဝ သွားဟောင်တာ။ ကျွန်တော် လုပ်လက်စတွေ ခဏ ထားပြီး အိမ်ရှေ့ လိုက်သွားလိုက်တယ်။ ဧည့်သည်တွေ ဘာတွေ လာရင် ဒေါ်ဆင်ကို ထိန်းရအောင်လို့။ ဒီကောင့် ဟောင်သံ ဆက်မကြားရတော့ဘူး။ ဒါဆို သူငယ်ချင်း တစ်ယောက်ယောက်ပဲ ဖြစ်မှာ။ ခြံဝ ရောက်တော့ ဒေါ်ဆင်က အမြီး နှန့်လို့။ ကျွန်တော့် သူငယ်ချင်း ဘူးသီးက ခြံတံခါး ဟိုဘက်ကနေ မမီမကမ်း လက်လျှိုပြီး ဒီကောင့် ခေါင်းကို ပွတ်လို့။ ဘူးသီး နာမည်ရင်းက အောင်ဇေယျာထွေးပါ။ ကျွန်တော် တံခါး ဖွင့်ပေးလိုက်တော့ ဝင်လာတယ်။ ကျွန်တော့်ကို ကြည့်ပြီး

'မင်း ဘာဖြစ်နေတာလဲ'

သူ မေးမှ ကိုယ့်ကိုယ်ကိုယ်တောင် မသင်္ကာ ဖြစ်သွားတယ်။ ပြန်ကြည့်တော့လည်း နည်းနည်း ပေကျံနေတာက လွဲရင် အကောင်းကြီးပါ။

'ဘာဖြစ်လို့လဲ၊ ငါ ဘာမှ မဖြစ်ပါဘူး'

'လင်းလွန်း မင်း မှန်မှန် ပြောစမ်း၊ လူကြီးတွေ မရှိတုန်း တစ်ခုခုကို ဖြုတ်ရောင်းစားဖို့ ကြံနေတာလား'

'အာ ... ငါ ဒီလောက် မမွဲသေးပါဘူးဟ၊ ရေမော်တာ ပျက်နေ ...'

ပြောရင်း သတိရသွားပြီ။ ကျွန်တော် ဒီကောင့် အကူအညီကို လိုအပ်တာပဲ။

'ဒီလိုကွာ ... ငါတို့ အဝီစိတွင်း မော်တာ ပျက်သွားလို့၊ အဖေ့ဒါ မကြီးက ဖုန်းဆက်ပြီး မော်တာဆိုင် သွားပို့ပေးဖို့ ပြောတာနဲ့ ငါ ဖြုတ်နေတာ၊ ပြီးမှ မင်းကို လာခေါ်ပြီး အကူအညီ တောင်းဖလို့၊ ဒါမျိုး ကိစ္စ မင်းက

www.burmeseclassic.com



ငါ့ထက် ပိုသိတယ်လေ၊ အဲဒါ …'

ကျွန်တော် ပြောတာကို ဒီကောင် ခပ်တည်တည် ကြည့်နေတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ကျပ်နေကျ ဆိုတော့ သိပ်တော့ သက်ဘုံ မရဘူး။ ကျွန်တော့်ကို ထပ်မေးတယ်။

'မင်း မဟုတ်တာ တစ်ခုခု လုပ်မနေတာ သေချာပါတယ်နော်'

'ဩော် ခက်ပြီ၊ ငါ တကယ် ပြောနေတာဟ၊ မင်း ငါ့ကို ကူညီမလား'

ကူညီရင် ဘာဖြစ်မလဲ ဆိုတဲ့ ပုံနဲ့ ပြန်ကြည့်တယ်။ သူငယ်ချင်း အချင်းချင်း ဒီလောက် ပြောနေရတာ မဟုတ်သေးဘူး။ ဒီကောင်လည်း တစ်ခုခု ကိစ္စရှိလို့ လာတာ နေမှာ။ အဲဒါနဲ့ …

'ဘူးသီး ငါ ရှင်းရှင်း ပြောမယ်ကွာ၊ မင်းလည်း ကိစ္စ ရှိလို့ လာတာ မဟုတ်လား၊ ကိစ္စ မရှိရင် မင်း ဖုန်းပဲ ဆက်မှာ ငါ သိတယ်၊ အဲဒီတော့ မင်း ငါနဲ့ မော်တာ ကူဖြုတ်ပြီး ဆိုင်ပို့ပေး၊ ပြီးရင် မင်းကိစ္စ ငါ လိုက်လုပ်ပေးမယ်၊ ဘယ်လိုလဲ'

အဲဒီတော့မှ ဟိုကောင် စပ်ဖြီးဖြီး ပြန်ဖြစ်သွားပြီး

'အေး ပြီးရော၊ ပြီးရင် မင်း ငါနဲ့ ဘောပွဲ လိုက်ကြည့်ရမယ်၊ ဘယ့်နှယ့်လဲ'

လက်စသတ်တော့ ဒီလိုကိုး။ ဒီကောင် ဘောပွဲ သွားကြည့်မလို့ အဖော် မရှိလို့ လာခေါ်တာပဲ။ ဘောပွဲ လိုက်ကြည့်ရတာ ဘာခက်မှာ မှတ်လို့ …။

'အေး လိုက်မယ်ကွာ၊ အဲဒါဆို မင်း ဆိုက်ကား သွားခေါ်ပေး၊ ငါ ပြီးအောင် ဆက်ဖြုတ်ထားမယ်'

'ပြီးရောကွာ'

ဒီကောင် ငိုက်စိုက် ငိုက်စိုက် ထွက်သွားတော့မှ သတိရတယ်။ ဒေါ်ဆင် ကိစ္စ ဘယ်လို လုပ်ရပါ့။ မတတ်နိုင်ဘူးကွာ။ ဘောပွဲ ပြီးမှပဲ တစ်ခုခု ကြံတော့မယ်။ ဒေါ်ဆင် ကြည့်ရတာ ဘာမှ မဖြစ်သလိုပါပဲ။ မကြီး အဖြစ်သည်းနေကျ အတိုင်းပဲ နေမှာ။

ဘူးသီး ဆိုက်ကားနဲ့ ပြန်လာတော့ ကျွန်တော် ဖြုတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မော်တာကို ဝိုင်းမပြီး ဆိုက်ကားပေါ် တင်၊ အိမ်သော့ခတ်ပြီး ထွက်လာကြတယ်။ အဝတ်အစားတွေ ဘာတွေလည်း လဲမနေပါဘူး။ ဘောပွဲ ဆက်သွားပြီး ပြန်လာမှာပဲ ဥစ္စာ။ ဒေါ်ဆင်ကတော့ ထုံးစံအတိုင်း အိမ်စောင့်ပေါ့။

လမ်းရောက်မှ မကြီးဆီ ဖုန်းဆက်ပြီး အိမ်ပိတ်ထားခဲ့တာ ပြောပြလိုက်တယ်။ ဘောပွဲ သွားမယ် ပြောလို့ ထုံးစံအတိုင်း ပွစိ ပွစိ လုပ်သေး။ ဒါပေမဲ့ ထုံးစံအတိုင်းပဲ 'အေး … အေး စောစော ပြန်ခဲ့' နဲ့ ပြီးသွားတယ်။

မော်တာကို ဆိုင်မှာ ဝင်အပ်ပြီးတော့ ကျွန်တော်နဲ့ ဘူးသီး ဘောလုံးကွင်းဘက် ဆက်လျှောက်ကြတယ်။ ကျွန်တော်တို့က သုဝဏ္ဏမှာ နေတာဆိုတော့ သုဝဏ္ဏ ဘောလုံးကွင်းကို လမ်းလျှောက်သွားရင် အနီးလေး။ ဘာနဲ့ ဘာနဲ့ ကန်မှာလဲကို လမ်းကျမှ ဘူးသီး မေးကြည့်ရတယ်။ အဲဒီလိုနဲ့ …



www.burmeseclassic.com

www.burmeseclassic.com

## (၃)

အားကစားသမားတွေထဲမှာ ဘောလုံးသမားတွေလောက် သနားစရာကောင်းတဲ့လူ ခပ်ရှားရှားဗျ။ သူတို့ခမျာ လာကြည့်တဲ့ ပရိသတ်ကို မောမောပန်းပန်းနဲ့ ကြိုးစား ပမ်းစားလည်း ကန်ပြရသေးတယ်။ အဆဲလည်း ခံရသေးတယ်။ ဘောပွဲ လာကြည့်တဲ့ ပရိသတ် ဆိုတာကလည်း သိတဲ့အတိုင်း ကောင်းလည်း ဆဲတာပဲ၊ မကောင်းလည်း ဆဲတာပဲ။ မကန်ရင်လည်း မကန်လို့ ဆဲ၊ ကန်ရင်လည်း ကန်လို့ ဆဲတာပဲ။ မပြေး မလွှားဘဲ ကစားကွက် အကဲခတ်နေမိရင် ရေသာခိုတယ် ဆိုပြီး ဆဲတယ်။ ပြေးလွှားလှုပ်ရှား နေရာ ယူနေရင်လည်း လျှောက်ပြေးနေရသလားလို့ ဆဲပြန်ရော။ ကွင်းလယ် ဒိုင်လူကြီး မပြောနဲ့၊ ဘေးက စည်းကြပ်ဒိုင်လည်း ဆဲခံရတာပဲ။ အားမပေးကြတာလည်း မဟုတ်၊ အော်ဟစ် ခုန်ပေါက် အားပေးနေရင်းနဲ့ကို ချစ်စနိုးနဲ့ ဆဲနေကြတာ။ လက်သီး လက်မောင်းတန်း ခုန်ပေါက်အော်ဟစ်၍ ချစ်ခင် မြတ်နိုးစွာ ဆဲဆို အားပေးကြကုန်သည်လို့ ပြောရင် ရမယ်။

ကျွန်တော်နဲ့ ဘူးသီးနဲ့ ခဏ ခဏ ဘောလုံးပွဲ လာလာကြည့်ကြပါတယ်။ ကျွန်တော်တို့ နည်းနည်း မျက်မှန်းတန်းမိနေကြတဲ့ တချို့ ပြန်မောလိဂ် ကြည့်နေကျ လူတွေတောင် ရှိတယ်။ သူတို့ဆို သိတယ်။ ကျွန်တော်

www.burmeseclassic.com



တို့ ဘယ်ဘောလုံးပွဲမှာမှ ဘယ်သူ့ကိုမှ မဆဲဖူးဘူး။ ဒီလို ပြောလို့ မင်းတို့ ယဉ်ကျေးချင်ယောင် ဆောင်မနေနဲ့လို့ မေတ္တာ မထားကြပါနဲ့။ ကျွန်တော် တို့ ဘောလုံးကွင်းထဲ ရောက်ရင် ဘယ်တော့မှ အော်မဆဲဘူး။ ဆဲတာထက် ဆိုးတယ်။ ဆဲချင်တဲ့ လူတွေ အုပ်စုလိုက် အားရပါးရ ဆဲရအောင် ရှေ့က တိုင်တိုင်ပေးကြတာ။

ဥပမာ - ကျွန်တော်တို့ တစ်ယောက်ယောက်ကို ဆဲချင်လာရင် (ဒိုင်လူကြီးပဲ ထားပါတော့) နှစ်ယောက် သံပြိုင် ဖြစ်အောင် ညှိပြီး ဝမ်းတူး သရီး ဒိုင်လူကြီး ဆိုပြီး အော်လိုက်တယ်။ လိုက်ညှိနေစရာ မလိုဘူး။ နောက်က ကိုယ်နဲ့ သဘောချင်း မျှသူတွေက မျိုးစုံ လိုက်ဖောက်တော့ တာပဲ။ ကျွန်တော်တို့က 'ဒိုင်လူကြီး' လို့ အော်လိုက်၊ နောက်က 'ဘာဖြစ် တယ်' လို့ ဆဲလိုက်၊ ကျွန်တော်တို့က တိုင်ပေးလိုက်၊ နောက်က လူတွေ က 'ဟိုဟာပဲဟေ့' 'ဒီဟာပဲဟေ့' လို့ ဆဲလိုက်နဲ့ မကျေနပ်မချင်း၊ အားမရ ချင်း အော်နေကြတာ မောတော့မှ ငြိမ်တော့တယ်။ ဒါပေမဲ့ ခဏပဲ။ နောက်တစ်ယောက် ပြောင်းပြီး ခုနကလို လုပ်ကြပြန်ရော။

ဘောလုံးပွဲကို ကွင်းထဲ လာကြည့်ဖူးတဲ့ လူတွေ သိပါတယ်။ တစ်ယောက်တည်း ထ ထ ဆဲနေရတာ သိပ်အားရစရာ မကောင်းဘူး။ အုပ်စုလိုက် သံပြိုင် ဟစ်ထည့်လိုက်ရမှ စီးစီးပိုင်ပိုင် ရှိတာ။ အားကစား သမားတွေကို မုန်းလို့လည်း မဟုတ်ဘူး။ ဒေါသ ထွက်လို့ အတေးအမှတ် ထားလို့လည်း မဟုတ်ဘူး။ စိတ်လွတ်ကိုယ်လွတ် အားပေးရတဲ့ ဘောလုံးပွဲ ရသကို ကွင်းထဲ အထိ အပြည့်အဝ လာခံစားကြတာ။ တချို့ဆို ကျွန်တော် တို့လို သုဝဏ္ဏမှာ နေပြီး သုဝဏ္ဏကွင်း လာကြည့်တာတောင် မဟုတ်ဘူး။ သံယောဇဉ်ကြီးစွာနဲ့ အဝေးကြီးကနေ တကူးတက လာလာကြည့်ကြတာ။ ဘောပွဲလည်း ပြီးရော အားလုံး ခြေကုန် လက်ပန်းကို ကျလို့။ နှယ်နှယ်ရရ မဟုတ်ဘူးဗျ။ ဘောလုံးပွဲကို ကွင်းထဲ လာကြည့်ရတာ ပညာပါတယ်။ ဂိုးသွားတာတို့ ဘာတို့ကို တီဗီမှာလို ရီပလေးတွေ ဘာတွေ ပြန်ကြည့်လို့ ရတာ မဟုတ်ဘူး။ အဲဒါကြောင့် ကန်နေတဲ့ ပွဲကိုလည်း မျက်ခြေပြတ် ကြည့်ရသေးတယ်။ အော်လည်း အော်ရသေးတယ်။ လွယ်တာ မဟုတ်ဘူး။

ဒီနေ့ပွဲလည်း ဒီလိုပဲဗျ။ ကျွန်တော်နဲ့ ဘူးသီး ပွဲကြည့်စင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ပွဲက စလို့ ငါးမိနစ်လောက်တောင် ရှိပြီ။ အဲဒါနဲ့ ကိုယ်ကြည့်နေကျ နေရာကို တိုးဝှေ့သွားပြီး ထုံးစံအတိုင်း အားပေးနေလိုက်တာ အသံကို ပြာလို့။ ပွဲကလည်း ပွဲကောင်းဗျ။ မြန်မာလိဂ် အသင်းကြီး နှစ်သင်း ခြေညီနေတော့ သူတပြန် ကိုယ်တပြန်ပဲ။ ဘောလုံးခများလည်း နားရတယ်ကို မရှိဘူး။ ဟိုဘက် ရောက်လိုက် သည်ဘက် ရောက်လိုက်၊ ဘေးစည်းကျော်လို့ အောက်သွားရင်တောင် အတင်း လိုက်ကောက်ကြပြီး ကွင်းထဲပြန်ပစ်ထည့်ခံရလိုက်နဲ့ နားရတယ်ကို မရှိဘူး။ ဘောလုံးလိုပဲ ကျွန်တော်တို့ ပါးစပ်တွေလည်း မနားရဘူး။ 'ဟိုဘက် ပေးလိုက်ပါလား' 'သည်ဘက်ကို ပေးပါလား' ဆိုတာက တစ်မျိုး၊ 'ဘယ်သူဟေ့' 'ဘာပဲကွ' နဲ့ အတိုင်အဖောက် လုပ်ရတာက တစ်မျိုး၊ ကိုယ်က ကန်နေတဲ့လူ မဟုတ်ဘဲ ကြည့်နေတဲ့လူ ဆိုတော့ မညှာမတာ 'အတင်း ပြေးလိုက်ပါလားကွ' 'ဘယ်သူနဲ့များ ကွာပါ့ကွာ' 'တယ်နှေးတာကိုး' 'ရေသာခိုတာ ထင်တယ်' စသဖြင့် ဝေဖန်ရတာက တစ်မျိုးနဲ့ အနားကို မရဘူး။

ဒီလိုနဲ့ ပထမပိုင်း ပြီးခါနီးကျ တစ်သင်းက ဂိုး စသွင်းလိုက်တယ်။ ဂိုးလည်း ဝင်ရော ပရိသတ် ထုံးစံ ဘယ်ဘက်ကို ဝင်ဝင် 'ဂိုး' လို့ ထပြီး အော်ကြတော့တာပဲ။ ကျွန်တော်တို့ မလှမ်းမကမ်းက နည်းနည်း ထွေနေပုံရတဲ့ တစ်ယောက်ဆို မှောက်လျက် လဲကျမလိုတောင် ဖြစ်လို့ သူ့အဖော်က ထိန်းရတယ်။ ဒါပေမဲ့ သူ့အဖော်ကလည်း သူ့နီးပါး ငထွေဆိုတော့ ယိုင်တိုင်တိုင်ပဲ။ ဒီလိုနဲ့ ပထမပိုင်း ပြီးသွားတယ်။ ဝမ်း ဇီးရိုးနဲ့။

ဒုတိယပိုင်း စတော့ ရှုံးနေတဲ့ အသင်းက တစ်ယောက် လူစားလဲတယ်။ ကစားပုံ တက်လာပေမဲ့ ချေပဂိုးတော့ မသွင်းနိုင်ဘူး။ ဟိုဘက်နောက်တန်းနဲ့ ဂိုးသမားက ကောင်းကောင်း ကာကွယ်နေတယ်။ ဒီလိုနဲ့ မိနစ် နှစ်ဆယ်လောက် ကြာလာတော့ ပွဲက နည်းနည်း ကြမ်းလာတယ်။ ပရိသတ် အားပေးသံလည်း ပိုကျယ်လာတယ်။ ကျွန်တော်လည်း သိပ်တောင် မအော်ဖြစ်တော့ဘူး။ တောက်လျှောက် ဖိနေတဲ့ တိုက်စစ်နဲ့ အကွက်မြင်တဲ့ ခံစစ် ကြားမှာ တစ်ချက် တစ်ချက် 'ဟိုဟာ လုပ်ပါလား ဟိုဘက်ကို ထိုးပေးလိုက်လေ' လောက်ပဲ ထ ထ အော်ဖြစ်တော့တယ်။ ဘောလုံးက ဘေးစည်း ကျော်သွားလို့ ခဏ ငြိမ်သွားတဲ့ အခါမှာ …

www.burmeseclassic.com



'ဘယ်တောင်ပံက နံပါတ် ၃ ကို လဲလိုက်ရင် ကောင်းမယ်'

ကိုယ့် ဘေးနား ကပ်လျက်က မိန်းကလေးသံ ချိုချိုလေး ရုတ်တရက် ပေါ်လာတော့ လန့်တောင်သွားပြီး ဘူးသီးကို လှည့်ကြည့်မိတယ်။ မဟုတ်ဘူး။ ဘူးသီးက ဘယ်ဘက်၊ အသံက ညာဘက်က …။ လှည့်ကြည့်လိုက်တော့ …

ဒီလောက် ရှုပ်နေတဲ့ ဘောလုံးကွင်းကြီးက ကျွန်တော့် အတွက် ရုတ်တရက် တိတ်ဆိတ်သွားသလိုပဲ။ ကျွန်တော့် ဘေးနား ကပ်လျက်မှာ ကောင်မလေး တစ်ယောက် …။

ဘယ်တုန်းက ရောက်နေတာလဲ မသိဘူး။ ကျွန်တော့်ကို ကြည့်နေတာလည်း မဟုတ်ဘူး။ သူ့ဟာသူ ဘောပွဲ ကြည့်နေရင်းနဲ့ ပြောလိုက်တာ။ ဒါပေမဲ့ လေသံက တစ်ယောက်ယောက်ကို ပြောလိုက်သလိုမျိုး။ ဘေးက သူ့အဖော် တစ်ယောက်ယောက်ကိုများ ပြောလိုက်သလားလို့ တွေးပြီး သူ့ဘေးဘီ ရှေ့နောက် ကြည့်တော့လည်း သူနဲ့ အတူ လာတဲ့ ပုံစံပေါက်တာ တစ်ယောက်မှ မတွေ့ဘူး။ သူတို့ အုပ်စုနဲ့ သူတို့ အားပေးနေကြပုံမျိုးတွေချည်းပဲ။ ကျွန်တော်တို့နဲ့ လာတာ မဟုတ်တာတော့ သေချာတယ်။ ဘူးသီးကို ကြည့်တော့လည်း ဒီကောင်မလေး ရောက်နေတာ သိပုံတောင် မရဘူး။ သူ့ဟာသူ ဘောပွဲ ကြည့်ပြီး အော်ဟစ်နေတာ။ အဲဒါနဲ့ ကျွန်တော်လည်း 'ငါ့ပြောတာ မဟုတ်လောက်ပါဘူးလေ' ဆိုပြီး ဘောပွဲ ဆက်ကြည့်နေလိုက်တယ်။ ပွဲကို အာရုံစိုက်မယ် လုပ်တုန်း …

'တောင်ပံက တိုက်စစ် တက်လာမှ အလယ်က လူတွေ ပိုလှုပ်ရှားခွင့် ရလာမှာ'

သူ့အသံ ပေါ်လာပြန်တယ်။ ဒီတစ်ခါတော့ မလွဲတော့ဘူး။ ကျွန်တော့်ကို ပြောနေတာပဲ ဖြစ်မှာ။ အဲဒါနဲ့ …

'ဒီမှာ … ခင်ဗျား …'

ကောင်မလေးက ကျွန်တော့်ဘက် တည့်တည့် လှည့်ကြည့်လိုက်တယ်။ မြတ်စွာဘုရား။

ကျွန်တော် အရမ်း လန့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင် နှုတ်ခမ်းတွေ …
မျက်လုံး တစ်စုံက တလက်လက်နဲ့
ဝါဝင်း ဖြူစင်တဲ့ မျက်နှာ ခပ်တည်တည် …။

ကျွန်တော် မျောက် ဖြစ်သွားတဲ့ ညက အိပ်မက်ထဲက မျက်နှာလေး ပါလား။ ယောင်ပြီး ကိုယ့် တင်ပါး ကိုယ် စမ်းမိသေးတယ်။ တော်ပါသေး ရဲ့။ ကျွန်တော်ကတော့ မျောက် ဖြစ်မနေဘူး။

စကား တစ်ပိုင်းတစ်စနဲ့ ရပ်သွားပြီး တအံ့တဩ ဖြစ်နေတဲ့ ကျွန်တော့် မျက်နှာကို ဘာမှ မဖြစ်သလို တစ်ချက် ကြည့်ပြီး ဘောလုံးပွဲ ဘက် ပြန်လှည့်သွားတယ်။ ပြီးမှ

'ဟုတ်တယ်လေ၊ တောင်ပံ တိုက်စစ်တွေ တက်လာမှ တစ်ဖက် အသင်းရဲ့ ခံစစ်က ပျံ့သွားမှာ၊ ဒါမှ အလယ်က တိုက်စစ်မှူးတွေ လွတ်ရှား ခွင့် ဂိုးသွင်းခွင့် ပိုရလာမှာပေါ့၊ မဟုတ်ဘူးလား'

အမှန်အတိုင်း ပြောရရင် ကျွန်တော့် စိတ်ထဲမှာ ကျွန်တော် ဘောလုံး ပွဲထဲ ရောက်နေတယ် ဆိုတာတောင် ခဏ မေ့သွားတယ်။ မျက်စိထဲမှာ အိပ်မက်ထဲက ကောင်မလေး တစ်လှည့်၊ အခု ကောင်မလေး တစ်လှည့် တူသလိုလို၊ မတူသလိုလို ဖြစ်နေတယ်။ မျက်နှာ၊ အသားအရေက တစ်ပုံစံ ထဲ။ ဒါပေမဲ့ အပြင်အဆင်က မတူဘူး။ အိပ်မက်ထဲက ကောင်မလေးက အာရှောဘီယံ အပြင်အဆင်နဲ့။ အခု ကောင်မလေးက ဆံပင် နက်နက်တွေ ကို နောက်မှာ ခပ်မြင့်မြင့် စုပြီး အနက်ရောင် ဖဲကြိုး တစ်ခုနဲ့ ချည်ထား တယ်။ အစိမ်းရောင်၊ ခရမ်းရောင်နဲ့ စိမ်းပြာရောင် တချို့ ရောယှက် ဒီဇိုင်း ဖောက်ထားတဲ့ ပေါ့ပေါ့ပါးပါး ခေတ်ပေါ် အင်္ကျီပွပွ တစ်ခုနဲ့ အောက်က ဘောင်းဘီလား၊ စကတ်လား ကျွန်တော် မခွဲတတ်တဲ့ ခြေမျက်စိဖုံး အနက်ရောင် (လုံချည်ပဲ ထားပါတော့) တစ်ထည်နဲ့ လက်ပိုက်ပြီး ဘောပွဲ ကို သေချာ ကြည့်နေတယ်။ ဖြူဖွေး သန့်စင်နေတဲ့ ခြေထောက်တွေက အနက်ရောင် ဖိနပ်ပေါ်က ဖိနပ် တစ်ရန် စီးလို့။ ဗုဒ္ဓေါ …။ ခြေသည်းတွေက အနက်ရောင် အောက်တောက် ဆိုးဆေးတွေ တင်ထားပြီး တိတိရိရိ သပ်ရပ် နေပါလား။ ဒါဆို လက်သည်းတွေကရော အိပ်မက်ထဲက ကောင်မလေး လို …။



www.burmeseclassic.com

www.burmeseclassic.com



သူ့ လက်ချောင်းတွေက လက်ပိုက်ထားလို့ ကျွန်တော် မမြင်ရဘူး။ ဒါပေမဲ့ ကားသော့လား ဖုန်းကလား မသိ တွဲလောင်း ကျနေတဲ့ အနက်ရောင် ဝက်ဝံရုပ် သေးသေးလေးတော့ သူ့ ညာဘက် လက်က တွဲလောင်းလေး ကျနေတယ်။ ကျွန်တော် စေ့စေ့စပ်စပ် လိုက်ကြည့်နေတာ ကောင်မလေးက ဂရုစိုက်ပုံ မရဘူး။ ဖြူဖြူ သွယ်သွယ် အရပ် မြင့်မြင့် သူ့ကိုယ်ကို ခပ်မတ်မတ် ရပ်ပြီးတော့ ဘောလုံးပွဲကိုပဲ အာရုံ စိုက်နေပုံ ရတယ်။ ကျွန်တော့်ကို လှည့်မကြည့်ဘဲ …

'ဟဲ့ တွေ့လား၊ နည်းပြက ကျုပ် ပြောသလို နံပါတ် ၃ ကို လဲလိုက်ပြီ၊ ဒါမှ ကောင်းလာမှာ၊ ဒါဆို ချေပဂိုး ပြန်ရနိုင်တယ်'

သူ ပြောမှ ဘောလုံးကွင်းထဲ ရောက်နေတာ ကိုယ့်ကိုယ်ကိုယ် သတိပြန်ရသွားပြီး ယောင်တောင်တောင်နဲ့ ပြန်လိုက်ကြည့်ရတယ်။ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း သူ့ပုံစံကို တစ်ချက် ပြန်ကြည့်မိတော့ စက်ဆီတွေ ပေပေရေရေနဲ့ အိမ်နေရင်း ပုံစံ ပေစုတ်စုတ် ကိုယ့်ကိုယ်ကိုယ် တောင် နည်းနည်း သိမ်ငယ်သွားချင်သလိုလို။ မော်တာဆိုင်ကနေ တောက်လျှောက် တန်းလာမိတာပဲ မှားသလိုလို။ မဟုတ်သေးပါဘူး။ ဒီကောင်မလေးက လူမှားပြီး အနား လာနေနေတာလား မသိ။ ကျွန်တော်ကတော့ တစ်ခါမှ မမြင်ဖူးတာ သေချာတယ်။ သူငယ်ချင်း တစ်ယောက်ယောက်ရဲ့ ညီမတွေ ဘာတွေများလား။ ကြံ့တုန်း ကြွားရဦးမယ်။ ကျွန်တော့်လို ဖိုသီဖတ်သီ ရုပ်ဆိုးဆိုး ကောင်ကို ဘယ်မိန်းကလေးကမှ စိတ်မဝင်စားကြဘူး။ ဒီတော့ ကျွန်တော်လည်း အပင်ပန်းခံပြီး ရည်းစားတွေ ဘာတွေ ထားနိုင်အောင် တစ်ခါမှ မကြိုးစားဖူးဘူး။ အဲဒီ ကိစ္စမျိုးလည်း သိပ် လေးလေးနက်နက် စိတ်မဝင်စားဘူးဗျ။ အဲဒီတော့ အခု ကောင်မလေးဟာ ကျွန်တော့်ရဲ့ အရင် ရည်းစားဟောင်းတို့၊ ရည်းစားဟောင်း တစ်ယောက်ယောက်ရဲ့ သူငယ်ချင်း၊ ဆွေမျိုးတို့ မဟုတ်တာတော့ သေချာတယ်။ အဲဒါနဲ့ …

'ဒီမှာ'

သူ လှည့်ကြည့်တယ်။ တည့်တည့် ကြည့်မိတော့ ဘာမှန်းမသိ ကျွန်တော် လန့်သွားသေးတယ်။ နောက်မှ …

'ခင်ဗျား ကျွန်တော့်ကို လူမှားနေတာတော့ မဟုတ်ဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ချက် ပြုံးတယ်။ တော်တော် လှပါလား …။

'လူ မမှားပါဘူး၊ တစ်ခါမှမှ မမြင်ဖူးတဲ့ ဥစ္စာ'

ပြောပြီးတာနဲ့ ကျွန်တော်နဲ့ သူ ရပ်နေတဲ့ မလှမ်းမကမ်းက ခပ်ထွေထွေ ငနဲ နှစ်ယောက်ဆီကို ဖျတ်ခနဲ တစ်ချက် ကြည့်လိုက်ပြီးမှ ဘောပွဲဆီကို အကြည့် ရွှေ့သွားတယ်။ ကျွန်တော် လှမ်းကြည့်တော့ ငနဲ နှစ်ယောက်က စပ်ဖြီးဖြီးနဲ့ သူ့ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေကြတယ်။ ကျွန်တော် မှတ်မိတယ်။ ပထမပိုင်း ဂိုးဝင်သွားတုန်းက ထအော်ရင်း လဲမလို ဖြစ်တဲ့ နှစ်ယောက်။ မိန်းကလေးနဲ့ ယောကျာ်းလေး အရေအတွက် ဆယ်ပုံ တစ်ပုံတောင် မရှိချင်တဲ့ ကြားထဲမှာ သူ့ကို မိန်းကလေး တစ်ယောက်တည်း ဘောလုံးပွဲ လာကြည့်တယ် ထင်လို့။ အကြိတ်အနယ် ဖြစ်နေတဲ့ ဘောပွဲတောင် အာရုံမဝင်စားဘဲ သူ့ကို ပြီတီတီ လှမ်း လှမ်းကြည့်နေကြတာ။ ဒါပေမဲ့ ကောင်မလေးက ပြီတီတီ ကြည့်ချင်လောက်အောင် ကလက်တာ မဟုတ်ဘူး။ လူကြားထဲ ထင်းနေအောင် သူ့ဟာသူ လှနေတာ။ ဒါပေမဲ့ သူကောင်းသား နှစ်ယောက်က မူးနေလို့။ ကျွန်တော် သဘောပေါက်ပြီ။ အဲဒီလောက် အထိ မထုံမနလှဘူးလို့တော့ ထင်တာပဲ။

'ဂိုး'

ချေပဂိုး ဝင်သွားလို့ ကြုံးအော်လိုက်ကြတာ ဆူညံသွားတာပဲ။ ကောင်မလေးက ကျွန်တော့်ကို တစ်ချက် လှည့်ကြည့်ပြီး

'ကျုပ် မပြောဘူးလား၊ လူလဲလိုက်ရင် ဂိုးမှာပါလို့'

အမှန်အတိုင်း ပြောရရင် တောင်တောင် အီအီ လျှောက်တွေးပြီး ဟိုကြည့် သည်ကြည့် လုပ်နေလို့ ဘယ်လို ဂိုးသွားတာ ကျွန်တော် မသိလိုက်ဘူး။ အဲဒါကြောင့်

'ဘယ်သူ သွင်းသွားတာလဲ'

'ဟင် မမြင်လိုက်ဘူးလား၊ မျက်မှန်က ပါဝါရော ကိုက်ရဲ့လား'

(ကျွန်တော်က အဝေးမှုန်လို့ မျက်မှန် တပ်ရတယ်။ ငယ်ငယ်က တီဗီဂိမ်း အဆော့လွန်ခဲ့တဲ့ အကျိုးပေါ့)

'ပါဝါတော့ ကိုက်ပါတယ်၊ ဒါပေမဲ့ မမြင်လိုက်ဘူး'

'နံပါတ် ၆ နဲ့ ၁၀ နဲ့ ဝမ်းတူး ရိုက်ပြီး သွင်းသွားတာ'



www.burmeseclassic.com

www.burmeseclassic.com



သူ ဘောလုံးပွဲဘက် ပြန်လှည့်သွားတယ်။ အခုမှ ကျွန်တော်လည်း ဘူးသီးကို သတိရလို့ လှည့်ကြည့်တော့ ကျေးဇူးရှင်က သူ့ ဟိုဘက် ဘေးက အဘိုးကြီးတွေနဲ့ စကားလက်ဆုံ ကျနေတာကိုး။ ဒါကြောင့် ဒီကောင် ကျွန်တော် ဘာဖြစ်နေမှန်း မသိတာ။

ဘောလုံးပွဲက တစ်ဖက် တစ်ဂိုးစီ သရေကျသွားလို့ ထိန်းကစားနေကြတော့ နည်းနည်း အေးသလို ဖြစ်သွားတယ်။ ပွဲလည်း ပြီးခါနီးပြီကိုး။

'ပြန်တော့မယ်'

ကျွန်တော့်ကို အသိပေးသလို ပြောပြီးတော့မှ ခပ်လှမ်းလှမ်းက ငမူး နှစ်ယောက်ကို သူ တစ်ချက် ကြည့်တော့ ဟိုက သူ့ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေသေးတာ တွေ့လို့ ငြိမ်နေတယ်။ ငမူး နှစ်ယောက် ကလည်း မူးသာ မူးနေတယ်။ သူများ သားသမီး နှောင့်ယှက်ဖို့ကျတော့ တော်တော် ဖွဲကောင်းပုံမျိုး။ ကောင်မလေးကို နှောင့်ယှက်ရမှ စားဝင် အိပ်ပျော်မယ့် ပုံမျိုး။ ရုတ်တရက် လစ်ထွက်သွားမှာ စိုးလို့လား မသိဘူး။ ခဏ ခဏ ကွက်ကြည့် ကွက်ကြည့် လုပ်နေတာ။

'ကျွန်တော်တို့နဲ့ အတူတူ ထွက်တာ ကောင်းမယ် မကြူတ်'

'ရှင်'

မျက်လုံးလေး ဝိုင်းပြီး သူ လှည့်ကြည့်တော့ ကျွန်တော် ကြောင် တောင်တောင် ဖြစ်သွားတယ်။ ဘာစကားပြော မှားသွားပါလိမ့်။ သေချာ ရှင်းမှ။

'မဟုတ်ဘူး ကျွန်တော် ပြောတာက ပွဲပြီးလို့ အပြင် ထွက်ရင် ကျွန်တော်တို့နဲ့ အတူတူ လိုက်ထွက်ပါလားလို့၊ မကြူတ်မှာ အဖော် မပါရင် ဟိုနှစ်ယောက်က ကိုးရိုးကားရား လိုက်လုပ်နေမှာ စိုးလို့ပါ။ အဖော် တစ် ယောက်ယောက် ပါရင်တော့ ကိစ္စ မရှိဘူးလေ'

'မဟုတ်ဘူး အဲဒါ မဟုတ်ဘူး၊ ရှင် ကျုပ်ကို ဘယ်လို ခေါ်လိုက် တယ်'

'မကြူတ်လို့ ခေါ်တာလေ၊ ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် ကြူတ် ကြူတ်နဲ့ ပြောနေလို့'

'အာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမဟုတ်တာတုန်း'

'ကျုပ်နာမည် မကြွတ် မဟုတ်ဘူး၊ 'ကျုပ်' ဆိုတာ နာမ်စားသုံးတဲ့ ခင်ဗျားတို့ ကျုပ်တို့ ဆိုတာမျိုးက ကျုပ်လို့ ပြောတာ'

ပြောပြီး သူ ရယ်တယ်။ နတ်သမီးရယ်သံ ကြားဖူးတဲ့လူ ရှားမယ် ထင်တာပဲ။

'မသိပါဘူးဗျာ၊ ကျွန်တော်က ရွှေကြွတ်တို့ ငွေကြွတ်တို့လို ကြွတ် မျိုးက ကြွတ်မှတ်လို့ နာမည်မှာ ကြွတ် ထည့်မှည့်ထားတာ မဟုတ်ဘူးလား'

'အာ … မဟုတ်တာ၊ နာမည်က …'

သူ့စကား တိခနဲ ရပ်သွားတယ်။ ကျွန်တော် သွယ်ဝိုက်သော နည်း နဲ့ နာမည် မေးနေတာလား ဆိုပြီး အကဲခတ်တယ်။

သူ ကြာကြာ အကဲခတ်ချိန် မရလိုက်ဘူး။ ဘောပွဲ ပြီးသွားလို့ လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်လာတာနဲ့ ကျွန်တော်တို့လည်း ထွက်ပေါက် ဘက် ဦးတည်လိုက်ရတယ်။ ဘူးသီးလည်း ကောင်မလေးကို အခုမှ မြင်ပြီး မျက်လုံး တပြူးပြူး လက် တကုတ်ကုတ်နဲ့ ကျွန်တော့်ကို လှုပ်နေတယ်။ ကျွန်တော်က အသာနေ ငါလည်း မသိဘူးလို့ အချက်ပေးလိုက်မှ ဘာမှ မပြောဘဲ ကပ်လိုက်လာတယ်။

သုဝဏ္ဏ ဘောလုံးကွင်းကြီးရဲ့ အပြင်ဘက် ပတ်လမ်းပေါ် ရောက်တဲ့ အထိ ငမှူး နှစ်ကောင်က မလှမ်းမကမ်းမှာ ပါလာတုန်းပဲ။ ကျွန်တော် တွေ့သလို ကောင်မလေးလည်း တွေ့ပုံ ရတယ်။ သူ့ကား ရပ်ထားပုံ ရတဲ့ နေရာ အထိ သူ လျှောက်သွားတာ ကျွန်တော်နဲ့ ဘူးသီး ဘာမှ မပြောဘဲ ဘေးက လိုက်သွားလိုက်တယ်။

'ကားပါလား'

ကျွန်တော် မေးတာ ပါးစပ်က မဖြေဘူး။ ခေါင်းလေးပဲ ညိတ်ပြ တယ်။ လျှောက်လာကြပြီး နည်းနည်း ကြာမှ သူ တစ်ချက် ရယ်လိုက်ပြီး

'ကျုပ်နာမည် မကြွတ် မဟုတ်ဘူးနော်၊ နောက်တစ်ခါ တွေ့ရင် မကြွတ်လို့ မခေါ်နဲ့'

'ကျေးဇူးတင်ပါတယ်'

'ဘာရယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောတာ သူ နားမလည်ဘူး ထင်တယ်။

'ကျေးဇူးတင်ပါတယ်လို့ ပြောတာပါ၊ ခင်ဗျား စကားက နောက်တစ်ခါ ကျွန်တော်တို့ တွေ့ကောင်း တွေ့နိုင်တယ်လို့ အဓိပ္ပာယ် ရလို့'

သူ့မျက်နှာ ဟိုဘက် လှည့်ပြီး ပြုံးတယ် ထင်ပါရဲ့။

အနက်ရောင် တူးဒိုး ကားကလေး တစ်စီးကို ဖွင့်ဝင်လိုက်တော့မှ ကျွန်တော်တို့ ဂျူတီ ဆုံးတော့တယ်။ သူက ကားတံခါး ဖွင့်ရင်း သွားတော့မယ်လို့ ပြောတယ်။ ကျွန်တော်နဲ့ ဘူးသီးလည်း အိမ်ဘက် ပြန်လျှောက်လာကြတယ်။

လူစု ခွဲပြီးတာနဲ့ ဘူးသီးက တတွတ်တွတ် မေးတာတွေကို ကျွန်တော် ဒိုင်ခံ ဖြေရတယ်။ အမေး အမျိုးမျိုးပေမဲ့ အဖြေက ကျွန်တော့် အတွက် တစ်ခုပဲ ရှိတယ်။ ဒီကောင် ဘာမေးမေး မသိဘူးချည်း ပြောရတာပေါ့။ နောက်တော့လည်း မေးရတာ မောလို့ ထင်ပါရဲ့။ ဘူးသီးလည်း ဘာမှ သိပ်မမေးတော့ဘူး။ ကျွန်တော်ကတော့ ဟာလာဟင်းလင်းထဲ လမ်းလျှောက်နေရသလိုပဲ။

ရက်တရက် ကျွန်တော်တို့ ဘေးကို အနက်ရောင် ကားလေး တစ်စီး လာရပ်တယ်။ ကောင်မလေးရဲ့ ကားပါ။ မှန်ကျသွားပြီးတော့ သူ မေးတယ်။

'လိုက်ပို့ပေးရမလား'

'ရပါတယ်ဗျ၊ ကျွန်တော်တို့က ဒီနားတင်'

ဘူးသီးက ဝင်ပြောလိုက်တာပါ။ ကျွန်တော် ကြောင်စီစီနိုင်နေလို့။ သူ ကျွန်တော့်ကို တစ်ချက် ကြည့်ပြီး

'မကြွတ် မဟုတ်ဘူးနော်၊ မှတ်ထားဦး'

'ဟုတ်ကဲ့'

'သွားမယ်နော် လင်းလွန်း'

ကားက ဝီခနဲ ထွက်သွားတယ်။ ကျွန်တော်နဲ့ ဘူးသီး အံ့ဩပြီး ကျန်ခဲ့တယ်။ ကျွန်တော့် နာမည် သူ သိတယ် ဆိုပါလား။ ကျွန်တော်က သူ့နာမည် ဘာမှန်း မသိပေမဲ့ မကြွတ် မဟုတ်တာတော့ ကျွန်တော် သိသွားပဲ။ နတ်သမီး စကားသံ များများ ကြားချင်လို့ ဆင်လိုက်ရလေး တစ်ခုပါ။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာ ကျွန်တော်နဲ့ ဘူးသီး စကား သိပ်မပြောဖြစ်ဘဲ လျှောက်လာဖြစ်ကြတယ်။ ဘူးသီးကတော့ ကောက်ချက်တွေ မျိုးစုံ ချပြ တယ်။ သူ စဉ်းစားလို့ ရတဲ့ တစ်ခါ တစ်ခါပေါ့။ ကျွန်တော်ကတော့ ကောင်မလေးနဲ့ ပတ်သက်တဲ့ ဖြစ်နိုင်ချေကို တစ်ခုပဲ ထားထားတယ်။ မကြီးနဲ့ ပတ်သက်တဲ့ ဖောက်သည်ထဲက တစ်ယောက် ဖြစ်နိုင်တယ်။ ဘာလို့လဲ ဆိုတော့ ကျွန်တော့်လို ပုံဆိုးပန်းဆိုး ဖိုသီဖတ်သီ ကောင်မျိုးက ကိုယ်က မသိဘဲ ကိုယ့်ကို သိတဲ့ ကောင်မလေးမျိုး ရှိနေနိုင်တယ် ထင်ရင် ပေါတောတောကြီး ဖြစ်နေမှာပေါ့။ ဒါမှမဟုတ် အဲဒီ ကောင်မလေးဟာ အရာအားလုံးကို သိတဲ့ နတ်သမီး တစ်ယောက် ဆိုရင်တော့ …

အိမ်နား ရောက်ခါနီး လမ်းခွဲတော့ ဘူးသီးက တစ်ခွန်း ပြောတယ်။

'ရုတ်တရက် ပေါ်လာတာ ဆိုတော့ နတ်သမီးပဲ ဖြစ်မယ်'

ကျွန်တော် ကိုယ့် အတွေးနဲ့ ကိုယ် သဘောကျနေတုန်း ဒီကောင် က မရပ်သွားဘဲ ဆက်ပြောတယ်။

'နတ်သမီးက ဘောလုံးကွင်းထဲလည်း ဆင်းလာသေးတယ်၊ ပြီးတော့ … နှုတ်ခမ်းမည်းကြီးတွေနဲ့' တဲ့ …။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

လူတွေ ကြားထဲ နေနေရတဲ့ နတ်သမီးလေးဟာ သိပ်တော့ အဆင်မပြေလှဘူး။ ဘယ်အဆင်ပြေမလဲ။ လူတွေရဲ့ ဆက်ဆံရေးနဲ့ နတ်တွေရဲ့ ဆက်ဆံရေး၊ လူတွေ အမူအကျင့်နဲ့ နတ်တွေ အမူအကျင့် တူမှ မတူတာကိုး။ အဲဒါနဲ့ နတ်သမီးလေးဟာ လူတွေ ကြားမှာ သူ ဘယ်လို အဆင်ပြေပြေ နေလို့ ရနိုင်မလဲလို့ စဉ်းစားတယ်။ သူက နတ်ပဲ။ လိုရာ ဖန်ဆင်းနိုင်တာပေါ့။ လူတွေ အကြောင်း ကောင်းကောင်း သိတဲ့ လူတစ်ယောက်လောက် ဖန်ဆင်းပြီး သူ့အနားမှာ အဖော် အဖြစ် ထားရင် ကောင်းမလားလို့ တွေးတယ်။ ဒါပေမဲ့ လူကို သူ မယုံသေးဘူး။ လူလူချင်း ပေါင်းမိသွားပြီး သူ့ကို ချောက်ချသွားနိုင်တယ်လေ။ အဲဒါနဲ့ နတ်သမီးလေးဟာ လူနဲ့ တော်တော် တူပြီး လူတွေ အကြောင်း အကဲခတ်နိုင်တဲ့ မျောက်တစ်ကောင်ကိုပဲ ဖန်ဆင်းလိုက်ပြီးတော့ သူ့အနားမှာ မွေးထားလိုက်တယ်။ ဒါပေမဲ့ တစ်ခု ခက်တာက ...

နတ်သမီး ဖန်ဆင်းလိုက်တဲ့ မျောက်ရဲ့ အတွေးထဲမှာ သူက နတ်သမီးတစ်ပါး ဖန်ဆင်းထားပြီး မွေးထားတာလို့ ထင်နေလေရဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com

(၄)

ဒီနေ့တော့ ဒေါ်ဆင်နဲ့ ကျွန်တော် ဆေးခန်း မသွားလို့ မရတော့ဘူး။ နေမကောင်းလို့ မဟုတ်ပါဘူး။ ဒီကောင်ကြီး ကာကွယ်ဆေး တစ်ခု ထိုးရမယ့်ရက် ဖြစ်နေလို့ပါ။

မကြီးကတော့ ထုံးစံအတိုင်း ဆိုင်ထွက်ဖို့ ထွက်သွားတယ်။ အမှန်မှာ ဒေါ်ဆင် ဆေးခန်း ပြတာကို သူ လိုက်ပို့ချင် လိုက်ပို့လို့ ရသားပဲ။ သူ့ ဆိုင်က ကောင်မလေးတွေက မျက်နှာ လွှဲလို့ ရတယ်။ ဆိုင်ကို ခဏ ဆောင့်ခိုင်းထားပြီး အိမ်တစ်ခေါက် ပြန်လာလို့ ဘာမှ မဖြစ်ဘူး။ သူ့ သခင်မ ကားနဲ့ အပြင် သွားရမယ် ဆိုရင် ဒေါ်ဆင်ကိုလည်း ကားပေါ် အေးအေးဆေးဆေး တင်လို့ ရတယ်။ ဒါပေမဲ့ အစ်မတော် ဘုရားက ပြန်မလာဘူး။ နင့်ဟာနင် ခေါ်သွားပြီး ထိုးဖြစ်အောင် ထိုးပေးလိုက်လို့ပဲ မှာသွားတယ်။ ငါ မအားဘူး ဆိုပဲ။ တကယ်တမ်းက သူ့ခွေးကြီး ဆေးထိုး ခံရရှာတာကို သူ မကြည့်ရက်တာပါ။ ဒေါ်ဆင်ကြီးကလည်း ဆေးထိုး ခံရပြီ ဆိုရင် နာတာက နည်းနည်း။ ငယ်သံ ပါအောင် အော်ပြီး ချွဲပြတာက ဆ များများကိုး။ ကျွန်တော် ပြောပါရောလား။ ဒီခွေးကြီးဟာ ဆေးခန်းနဲ့ ဆေးဆို ဘယ်လို ကြောက်မှန်း မသိပါဘူးဆို။ သူ့သခင်တွေ အပိုင်အကဲမှာ သူ့ကို ဆေးခန်း သွားပြတော့မယ့် လက္ခဏာ တွေ့ရင် ချောက်ချြေး

www.burmeseclassic.com



ပြီး ပုန်းတော့တာပဲ။ သူ ပုန်းနေတာ တွေ့သွားလို့ ကောက်ချီတော့မယ် ဆိုရင် တစ်ကိုယ်လုံးကို ပျော့စိကြီး ဖြစ်အောင် လုပ်ထားတယ်။ ချီရခက်အောင်လို့။ ချီခံရလို့ ပါလာရင် သနားစရာ ကောင်းအောင် အသံရှည်ကြီး ဆွဲပြီး အီနေတတ်တယ်။ တစ်ခါတလေ လူပေါ်ကနေ အတင်း ကော့လန်ရုန်းပြီး ခုန်ချ ပြေးတတ်သေး။

ပထမတော့ သူ့ကို ကုမယ့် တိရစ္ဆာန် ဆရာဝန်တွေက အိမ်လိုက်ကြည့်ပါသေးတယ်။ နောက်တော့ ခွေးပုန်းနေတာကို လိုက်ရှာနေကြတာ၊ ခွေး ဖမ်းနေကြတာတွေကို ထိုင်စောင့်နေရတာ စိတ်မရှည်ကြလို့ ထင်ပါရဲ့။ ဆေးခန်းကို ခေါ်လာပြဖို့ပဲ ပြောကြတော့တယ်။ ဒေါ်ဆင်ကို ကုပေးခဲ့ရတဲ့ ဆရာဝန်တွေ အများကြီးပဲ။ ဒီကောင် ငယ်ငယ်က တော်တော် ချူချာလို့ ဆေးခန်းတကာ လှည့်ပြခဲ့ရတာ။ အရင်က ရန်ကင်း အထိ သွား သွား ပြရတယ်။ နောက်မှ သုဝဏ္ဏမှာ တိရစ္ဆာန် ဆေးခန်း တစ်ခု လာဖွင့်လို့ နီးနီးနားနား အဆင်ပြေသွားတာ။ အခု သွားသွားပြနေရတာလည်း အဲဒီ ဆေးခန်းပဲ။

ဒေါ်ဆင်က ဆရာဝန်ကို ကိုက်တတ်တဲ့ ခွေးဆိုးကြီးမျိုးတော့ မဟုတ်ရှာဘူး။ သူ့ သနားအောင် အော်နေတတ်တာမျိုးပဲ ရှိတာ။ စိတ်မထင်ရင် တစ်ချက် တစ်ချက် ထ ထ ပြေးချင်တာမျိုးလောက်ပဲ ရှိတယ်။ ခွေးက အကောင်ကြီးတော့ သူ ရုတ်တရက် ထရုန်းရင် ဝရုန်းသုန်းကား ဖြစ်တတ်တယ်။ အခု သူ့ကို ပုံမှန် ကြည့်ပေးနေတဲ့ ဒေါက်တာ အောင်ကျော်ဆို သူ့ သိပ်ချစ်တာ။ ဒါပေမဲ့ ဆရာဝန် ခမျာ ဒေါ်ဆင် လက်ချက်နဲ့ နှစ်ခါ တိတိ ပုဆိုး ကျွတ်ကျဖူးရှာတယ်။ နောက်ပိုင်းတော့ သံဝေဂ ရပုံ ပေါ်ပါတယ်။ ဆေးခန်း ထိုင်ရင် ဘောင်းဘီပဲ ဝတ်တော့တယ်။

ကိုယ့်ခွေး အကြောင်း ကိုယ် သိတော့ ဒီနေ့လည်း ဒေါ်ဆင်ကို အရင် မရှာခင် သူ့ စီးတော်ယာဉ် ဆိုက်ကားသမား ထွန်းအောင်ကျော်ကို အရင် လိုက်ရှာရတယ်။ ဒေါ်ဆင်က ထွန်းအောင်ကျော် ဆိုက်ကားမှ တင်သွားရင် လမ်းမှာ ခုန်ချတာတွေ ဘာတွေ မလုပ်ဘူး။ ငြိမ်ငြိမ်ပဲ လိုက်တတ်တယ်။ ထွန်းအောင်ကျော်က လမ်းထိပ် ဆိုက်ကားဂိတ်မှာ ဘဏ် အနည်းဆုံးနဲ့ အကောင် အကြီးဆုံး ဆိုတော့ ကြည့်ရတာ ဒေါ်ဆင် နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပုံ ရတယ်။ ကျန်တဲ့ ဆိုက်ကားသမားတွေဆို သိပ် မလေးစား ချင်ဘူး။ သူ မသိတဲ့ မျက်နှာစိမ်း ဆိုက်ကားနဲ့များ သူ့ကို တင်ဖို့ ငှားလာရင် ဆိုက်ကားသမား ကြောက်အောင် သူ့ခန္ဓာကိုယ်ကြီးနဲ့ အစွယ်တွေ အားကိုးပြီး အသားကုန် ကြမ်းပြ ဟောင်ပြ သံတံခါးကို ခဲပြန့် ရှီးတော့တာပဲ။ ဆိုက်ကားသမားလည်း ခွေးကြီး မြင်တာနဲ့ လန့်ပြေးရော။

ထွန်းအောင်ကျော်ကိုကျ သူ အဲဒီလို သွားလုပ်လို့ မရဘူး။ ဟိုက အကောင်ကလည်း ကြီးသေး သူ့ထက်လည်း မိုက်သေး။ ဒေါ်ဆင်ကို ဆေးခန်း ပို့မလို့လို့ တစ်ခွန်းသာ ပြောပြီး ခေါ်ခဲ့။ ဒေါ်ဆင် ဘယ်လောက် ကြမ်းပြပြ တွေ့တာနဲ့ အတင်း လိုက်ဖမ်းပြီး ကောက်ချီတော့တာပဲ။ ထွန်းအောင်ကျော် ပခုံးပေါ်များ ကောက်ထမ်းလိုက်လို့ကတော့ ဒေါ်ဆင်ကြီး ကြမ်းဖို့ မပြောနဲ့ အမြီးတောင် မလှုပ်ရဲတော့ဘူး။ ထွန်းအောင်ကျော်ကလည်း ဖမ်းမိသွားတိုင်း ကြိမ်းကြိမ်းထားတာ ပါမယ်။ ခွေး ဘယ်လောက် ဆိုးဆိုး ခွေးကိုက်လို့ လူ မသေဘူးတဲ့။ အဲဒါကြောင့် လူက ခွေးထက် မိုက်တယ်။ လူ ဖမ်းရင် ခွေး အမိ ခံကို ခံရမယ် ဆိုပဲ။

ပြီးရင်တော့ ခွေးရော လူရော ထွန်းအောင်ကျော် ဆိုက်ကား ဘုရားတပြီး စီးဖို့သာ ပြင်ပေတော့။ သူ့ အင်အားကြီးနဲ့ ဆိုက်ကားကို တရကြမ်း နင်းချသွားတာ။ ဆေးခန်း ရောက်တဲ့ အထိ လမ်းမှာ ဘာကိုမှ ကြည့်မနေဘူး။ လူလာလာ ကားလာလာ ချိုင့်ရှိရှိ ဘာမှ ကြည့်မနေဘူး။ အဲဒါကြောင့် ရပ်ကွက်ထဲမှာ ထွန်းအောင်ကျော် ဆိုက်ကား ဖုန်တထောင်းထောင်း ဝုန်းဒိုင်း ကြဲလာရင် ကျန်တဲ့ လူတွေက ကိုယ့်အသိစိတ်နဲ့ ကိုယ် ရှောင်ပေးကြ ဒါပဲ။ သူကတော့ ဘာမှ မကြည့်ဘူး။ စွတ်နင်းတာပဲ။ ထွန်းအောင်ကျော် အမေနဲ့ပါ ကျွန်တော်နဲ့ ရင်းနှီးတော့ သူ့အမေက ပြောပြဖူးတယ်။ ထွန်းအောင်ကျော် ငယ်ငယ်က နို့မထွက်လို့ နွားနို့ တိုက်ပြီး မွေးခဲ့ရတာတဲ့။ ဒါပေမဲ့ ထွန်းအောင်ကျော် အမေကို နွားနို့ ရောင်းတဲ့ ကုလားမက ကျွဲနို့ တွေ လိမ် လိမ် ရောင်းနေတာ ထွန်းအောင်ကျော် ငါးနှစ်သားလောက် ရောက်မှ သိတယ် ဆိုပဲ။ အဲဒါကြောင့် ထွန်းအောင်ကျော်က အကောင်ကြီး တအား ကြီးနေပြီး စိတ်ဆိုးရင် ကျွဲလိုပဲ တိုင်နဲ့ ခေါင်းနဲ့ ဆောင့်တာ ငယ်ငယ်တည်းက အခုထက်ထိ ဆိုပဲ။ အဲဒါနဲ့ပဲ ဦးနှောက်တွေ ချောင်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘာမှ လုပ်စားမရလို့ သူ့အမေက ဆိုက်ကား ဝယ်ပေးထားရတာ။ ရပ်ကွက်ထဲမှာ အကြောင်းသိတဲ့ လူက ထွန်းအောင်ကျော် ဆိုက်ကား ဘယ်တော့မှ ငှားမစီးဘူး။ အပြင်က လာတဲ့ လူ ငှားစီးမိရင်လည်း ဖုတ်လိုက် ဖုတ်လိုက်နဲ့ ဘုရား အဆူဆူ တပြီး ပြန်ဆင်းသွားကြတာချည်းပဲ။ အကောင်းဆုံး ဖောက်သည်က ကျွန်တော်နဲ့ ဒေါ်ဆင်ပဲ။ ထွန်းအောင်ကျော်က ကျွန်တော့်ကို တော်တော်တော့ ခင်တယ်။ ဒေါ်ဆင်ကိုလည်း ချစ်ပုံပဲ။

ခြံဝမှာ ထွန်းအောင်ကျော်လည်း တွေ့ရော ဒေါ်ဆင် အခြေအနေ မကောင်းမှန်း သိလို့ အိမ်ထဲ ဝင်ပြေးတာ တန်းနေရော။ ဖမ်းနေကျ ထွန်းအောင်ကျော်ကတော့ အေးဆေးပဲ။ တစ်လှမ်းချင်း နောက်က လိုက်သွားပြီး ထမင်းစားပွဲအောက် ပုန်းနေတာကို သွားဆွဲထုတ်ပြီး ထမ်းလာတယ်။ ဒေါ်ဆင်ရဲ့ မဟာ ဗျူဟာ၊ နည်းဗျူဟာ၊ ပုန်းတတ်တဲ့ နေရာတွေ ထွန်းအောင်ကျော် သိပြီးသား။ ကျွန်တော် ဆိုက်ကားနားမှာပဲ စောင့်နေတာ သိပ်မကြာဘူး။ ခွေးကို လူထမ်းပြီး ပြန်ထွက်လာကြတယ်။

ရင်တလှပ်လှပ်နဲ့ ဆေးခန်းရှေ့ ရောက်သွားကြတော့ ကျွန်တော့် ပေါင်ပေါ်က ဒေါ်ဆင်ကို ထွန်းအောင်ကျော်ပဲ ပြန်လာထမ်းပြီး ဆေးခန်းထဲ လိုက်ပို့ပေးတယ်။ ဆေးခန်းထဲမှာ ဒေါက်တာ အောင်ကျော် မရှိဘူး။ ကျွန်တော်တို့နဲ့ ရင်းနှီးနေတဲ့ သူ့အကူ ကောင်မလေးပဲ ရှိတယ်။ သူ့ကို ဒေါ်ဆင်ရဲ့ ဆေးခန်းပြ မှတ်တမ်း စာအုပ်လေး ကျွန်တော် ပေးလိုက်တော့ ခဏစောင့်နော် ဆိုပြီး နောက်ခန်းထဲ ဝင်သွားတယ်။ ဆေးခန်းထဲမှာ ကျွန်တော်ရယ်၊ ထွန်းအောင်ကျော်ရယ်၊ ဒေါ်ဆင်ရယ်ပဲ ကျန်ခဲ့တယ်။ ကျွန်တော်က နံရံမှာ ကပ်ထားတဲ့ တိရစ္ဆာန် မျိုးစုံ ပုံတွေကို ဘာရယ် မဟုတ် လျှောက်ကြည့်နေမိတယ်။ ထွန်းအောင်ကျော်က ဒေါ်ဆင်ကို တိရစ္ဆာန်တွေ ကြည့်တဲ့ ခုံပေါ် ချထားတယ်။ ထုံးစံ အတိုင်း 'ငြိမ်ငြိမ် နေနော်' လို့လည်း ပြောတယ်။ ကျွန်တော် သိပါတယ်။ ခွေးကလည်း ထုံးစံအတိုင်း သူ့အလစ် စောင့်ပြီး ပြေးပေါက် ရှာနေမှာ။

အနောက်ဘက်က လျှောက်လာတဲ့ ခြေသံ ကြားတယ်။ ဒေါက်တာ အောင်ကျော် လာပြီ ထင်တယ်။ ဘောင်းဘီ ဝတ်လာပါစေလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းမိသေးတယ်။ သူ ထွက်လာတာနဲ့ ဒေါ်ဆင်က ထထ ပြေးတတ်တာကိုး။ ထွန်းအောင်ကျော် တစ်ယောက်တည်း ဖမ်းမမိရင် ကျွန်တော့်ရော ဒေါက်တာ အောင်ကျော်ပါ ဝိုင်းဖမ်းနေကျ။ ခွေးနဲ့လူ ဝရုန်းသုန်းကားဖြစ်ရင် ဘယ်သူမှ ပုဆိုး မကျွတ်ဘူး။ ဆရာဝန်ပဲ ကျွတ်နေကျ။

ဆရာဝန် ထွက်လာတာနဲ့ ဒေါ်ဆင် ထလစ်တော့တာပဲ။ ဒီကောင်ပြေးပေါက် ကြိုရှာထားပုံ ရတယ်။ သူ့ဖမ်းရင် ကွိခနဲ မိမယ့် ထွန်းအောင်ကျော်ဘက် မပြေးဘူး။ ခုံပေါ်က ခုန်ချပြီးတာနဲ့ ကျွန်တော့်ဘက်က ပတ်ပြီး တံခါးဆီ ပြေးတယ်။ ကျွန်တော်လည်း ဆီးဖမ်းပါသေးတယ်။ ကျောကုန်းနောက်ပိုင်းကြီး ခဏ ဖက်မိပြီးမှ အတင်း ရုန်းတာ အပြင် အမြီးကြီးကလည်း ကျွန်တော့် မျက်နှာနားမှာ ယောက်ယက်ခတ်နေတော့ လွတ်သွားတယ်။ တံခါးဝနား ရောက်သွားပြီ။ ထွန်းအောင်ကျော်ကလည်း သူ ဒီလောက်ကြည့်နေတဲ့ကြားက ရောက်သွားရပ့်မလား ဆိုပြီး လွှားခနဲ လိုက်တယ်။ ဒါပေမဲ့ မမီဘူး။ ဒေါ်ဆင်များ လမ်းပေါ် ရောက်သွားလို့ ကတော့ တစ်ခါတည်း အိမ်ပြန်ပြေးသွားတော့မှာ။ အဲဒီ အချိန်မှာ …

'*Dawson*'

ပီပီသသ စူးခနဲ ထွက်လာတဲ့ မိန်းကလေးသံလေး ပေါ်လာတယ်။ လက်ထောက် ကောင်မလေးရဲ့ အသံ မဟုတ်ဘူး။

အရေးတော်ပုံပေါ်နေတဲ့ လူနှစ်ယောက်နဲ့ ခွေးတစ်ကောင်ဟာ တုံ့ခနဲ ရပ်သွားတယ်။

ကျွန်တော် လှမ်းကြည့်တော့ …

အနက်ရောင် နှုတ်ခမ်းတွေ။

အနက်ရောင် လက်သည်းခွံလေးတွေနဲ့ လက်ဖြူနုနု တစ်ဖက်က ဒေါ်ဆင်ရဲ့ စာအုပ်ကို ကိုင်လို့။

ဘောလုံးကွင်းထဲမှာ တွေ့ခဲ့တဲ့ နတ်သမီးပါလား။

ထွက်လာတာ ဒေါက်တာ အောင်ကျော် မဟုတ်လို့ ကျွန်တော့်လိုပဲ ထွန်းအောင်ကျော်လည်း အံ့ဩသွားပုံ ရတယ်။ ကောင်မလေးကို မျက်ပိုးမွှားပြီး ကြည့်နေတာများ ဒေါ်ဆင်ကိုတောင် လိုက်မဖမ်းတော့ဘူး။ ကျွန်တော် သတိပြန်ဝင်သွားတယ်။ ဒေါ်ဆင် ဘယ်ရောက်သွားပြီလဲ။ ပြေးပြီ နေမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ။ ခွေးကတော့ အလှအပကို ဘယ်ခံစားနေမှာလဲ။ လစ်ပြီပေါ့လို့ ကြည့်လိုက်တော့ ...

ဒေါ်ဆင်က တံခါးဝကနေ ကောင်မလေးကို လှည့်ကြည့်ပြီး တွေဝေ ရပ်နေတယ်။ အမြီးကြီးတော့ တင်းချက် တစ်ချက် နှန့်လို့။

အဲဒီ အချိန်မှာ လက်ထောက် ကောင်မလေးက ခွေးခြေ တစ်လုံး ယူလာပြီး တိရစ္ဆာန် ကြည့်တဲ့ ခုံကြီးနား ချထားလိုက်တယ်။

နတ်သမီးက ကျွန်တော်တို့ကို လုံးဝ ဂရုမစိုက်ဘူး။ ဒေါ်ဆင်ကိုပဲ စိုက်ကြည့်နေပြီးတော့ ပြုံးပြုံးလေးနဲ့

'*Dawson* သား လာ လာ ဒီပေါ်တက်'

ခုံကြီးကို စာအုပ်လေးနဲ့ ပုတ်ပြတယ်။

လောကကြီး ဘာဖြစ်သွားပြီလဲ။

ဆေးခန်း သွားရမှာ သေမလောက် ကြောက်ပြီး ဒီလောက် ထိန်းရ သိမ်းရ ခက်တဲ့၊ ဆရာဝန် မြင်တာနဲ့ အိမ်ရောက်တဲ့ အထိကို တစ်ခါတည်း ပြန်ပြေးသွားတတ်တဲ့ ခွေးကြီးက သူ့သဘောနဲ့သူ ဆေးခန်းထဲ အေးအေး ပြန်ဝင်လာတယ်။ ကောင်မလေးနား ရောက်တော့ မျက်နှာကို မော့ကြည့်လို့ ဝုတ်ဆို တစ်ချက် ဟောင်နှုတ်ဆက်ပြီး အမြီး နှန့်နေတယ်။ ကောင်မလေးက ခွေးခြေခုံကို ပုတ်ပြလိုက် ခုံကြီးကို ပုတ်ပြလိုက် လုပ်ပြီးတော့

'သား ဒီပေါ်တက် လာ လာ ဒီကနေ တက်'

ကိုယ် တစ်သက်လုံး မွေးလာခဲ့တဲ့ ခွေးကြီးမှ ဟုတ်ရဲ့လားလို့ ပြန် စဉ်းစားရတယ်။ ဒေါ်ဆင်က ခွေးခြေလေးပေါ်ကနေ တစ်ဆင့် ခုံကြီးပေါ် သူ့ဟာသူ တက်သွားပြီး ဆောင့်ကြောင့် ထိုင်လို့။ ကောင်မလေးက လည်ပင်း နဲ့ လည်ပတ်နားကို သူ့လက်ဖြူဖြူလေးတွေနဲ့ တစ်ချက် နှစ်ချက် ပွတ်သပ် ပေးလိုက်ပြီး စာအုပ်ကို တစ်ချက် ပြန်ဖတ်ကြည့်နေတယ်။ ခွေးကောင် ကြီးက ထွက်ပြေးဖို့ ဝေးလို့ ...။ ပါးစပ်ကြီးဟာ လျှာကြီး ထုတ်ပြီး တဟဲဟဲနဲ့ ကျွန်တော်တို့ကို ကြည့်လိုက် ကောင်မလေးကို ကြည့်လိုက်နဲ့ သူက တပြန် ကျွန်တော်တို့ကို 'ငြိမ်ငြိမ် နေကြစမ်းပါ ကိုယ့်လူတို့' လို့ ပြောနေသလိုလို။ ကောင်မလေးက ကျွန်တော့်ကို ဂရုတောင် မစိုက်ဘူး။ ထွန်းအောင်ကျော်ဘက် လှည့်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com


'*Dawson* က ဆေးထိုးရင် ကိုက်တတ်လား'

အခြေအနေတွေကို အံ့သြနေတဲ့ ထွန်းအောင်ကျော်က ပါးစပ်က မဖြေဘူး။ ခေါင်းပဲ ခါပြတယ်။ အခုမှ ကျွန်တော်လည်း သတိ ပြန်ဝင်လာတယ်။ ဒီကောင်မလေးက ဘယ်လိုလုပ် ဒီရောက်နေတာလဲ။ ဒေါက်တာအောင်ကျော်က ဘယ်ရောက်သွားပြီလဲ။ ဒီနေ့ ထွန်းအောင်ကျော်က ကျွန်တော့်ထက် နည်းနည်း ပိုသားနားနေတော့ ဒင်းကို ခွေးရှင် မှတ်နေပြီထင်တယ်။ ကျွန်တော့် ခွေးကို သူ ဘာလုပ်မလို့လဲ မသိဘူး။ လက်ထောက်ကောင်မလေးကလည်း ကျွန်တော်တို့ကို ကျောပေးပြီး ဆေးထိုးအပ်တွေ ဘာတွေ ပြင်ဆင်လို့။ နတ်သမီးကလည်း ခွေးကြီး ဘေးထားပြီး ခွေးဆေးမှတ်တမ်း စာအုပ်ကို တစ်ရွက်ချင်း စိတ်ရှည် လက်ရှည် ဖတ်လို့။ မဖြစ်သေးပါဘူး။ မတော်လို့ ဒေါ်ဆင်ကြီးကို ဆေးတွေ ဘာတွေ မှားပြီထိုးလိုက်ရင် ဒုက္ခ။ သူ့ပုံက တိရစ္ဆာန် ဆရာဝန်နဲ့လည်း မတူဘူး။ နောက်ပြီး ဒေါ်ဆင်က အခုသာ ငြိမ်နေတာ။ သူ့ဆေး လာထိုးလို့ ကောင်မလေးကို ကိုက်ထည့်လိုက်ရင် ဒုက္ခ။ ဒေါ်ဆင်နဲ့ ကောင်မလေးက တစ်ခါမှ တွေ့ဖူးတာလည်း မဟုတ်။ ဒါနဲ့

'ဒီမှာ'

သူ စာအုပ် ဖတ်နေရာက မျက်လုံးလေး လှန်ကြည့်တယ်။

'ခင်ဗျားက ဟိုဒင်းလား'

တိရစ္ဆာန် ဆရာဝန်လို့ ခေါ်ရင် ရိုင်းများသွားမလားလို့ ဟိုဒင်းလို့ပဲ သုံးလိုက်မိတာ။ သူလည်း ကျွန်တော် ဆိုလိုတာ သဘောပေါက်ပုံ ရတယ်။ ဆေးခန်း နံရံ တစ်နေရာကို သူ မေးစေ့ လုံးလုံးလေးနဲ့ မေးငေါ့ပြတယ်။ ကျွန်တော် လိုက်ကြည့်တော့ အရင် ဒေါက်တာ အောင်ကျော် ဆိုင်းဘုတ်ချိတ်ထားတဲ့ နေရာမှာ

'မေမွန်နန္ဒ'

သတ္တုစပ် အလွှိုင်းပြားလေး တစ်ခုပေါ်မှာ အနက်ရောင် ဘောင်ခတ်ပြီး အနက်ရောင် စာလုံးတွေ ဖော်ထားတဲ့ ဆိုင်းဘုတ်လေး တစ်ခုက အခန့်သား ချိတ်လို့။ ဘာဘွဲ့တွေ ဘာတွေ ညာတွေမှလည်း မရေးဘူး။ ဒေါက်တာ အောင်ကျော်ကြီးရဲ့ ဆိုင်းဘုတ် ပြူးတူးပြဲတဲကြီးလည်း မရှိတော့


www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဘယ်လိုလဲဟ။ ကျွန်တော် တစ်ခုခု ရိပ်မိသလိုတော့ ရှိတယ်။ ဒါပေမဲ့ သေချာမှ ဖြစ်မယ်။

'ဘာလဲဗျ အဲဒါ၊ ဘယ်သူလဲ … ဘာအလုပ် လုပ်စားတာလဲ၊ အသက် တော်တော် ကြီးပြီ ထင်တယ်'

နောက်ချင်လာတာလည်း ပါပါတယ်။ ကျွန်တော် တမင် မေးလိုက်တယ်။ သူ နည်းနည်း မကျေမနပ် ဖြစ်သွားပုံပဲ။ ကျွန်တော့်ကို ခပ်တည်တည် ကြည့်ပြီး

'အစ်ကို အောင်ကျော်က နယ်ပြောင်းသွားတယ်၊ သူ့ဆေးခန်းကို ကျုပ် ယူလိုက်တာ'

'မကြွတ်က … အဲ … ကြွတ်မက တိရစ္ဆာန် ဗိန္ဒောလား၊ ခွေးကုတတ်သလား'

ဒီတစ်ခါ ကျွန်တော့် စကားလုံးတွေက တော်တော် အရာရောက်သွားပုံ ရတယ်။ တည်တည်ကြီး ကျွန်တော့်ကို တစ်ချက် ကြည့်ပြီး မသိမသာ မျက်စောင်းလေး ထိုးလို့ ဒေါ်ဆင်ဘက် မျက်နှာ လွှဲသွားတယ်။ ဘာမှလည်း ပြန်မပြောဘူး။ နောက် လက်ထောက် ကောင်မလေးဘက် လှည့်ပြီး 'ရပြီလား ညီမလေး' လို့ မေးပြီး ဒေါ်ဆင့် စာအုပ် လှမ်းပေးလိုက်တယ်။ လက်ထောက် ကောင်မလေးက ဆေးစုပ်ပြီးသား အဆင်သင့် ဆေးထိုးအပ်လေး သူ့လက်ထဲ ကမ်းပေးလိုက်လို့ သူ ယူလိုက်တယ်။ လှလိုက်တာ။ သူ စိတ်ကောက်နေသလိုပဲ။ ကျွန်တော် တော်တော် ရယ်ချင်နေပါတယ်။ ဒါပေမဲ့ မျက်နှာ တည်ထားပြီး …

'ဒီမှာ ခင်ဗျား အရမ်း လျှောက်မလုပ်နဲ့နော်၊ ဂဃနဏ မသိဘဲနဲ့တော့ ကျွန်တော့် ခွေးကို ဆေးထိုး မခံနိုင်ဘူး၊ ခင်ဗျား ဘာမှ သေချာ မပြောဘဲနဲ့တော့ မဖြစ်သေးဘူး၊ ကိုထွန်းအောင်ကျော် ကားငှားပေးဗျာ၊ ရန်ကင်းပဲ ခေါ်သွားတော့မယ်၊ ဒေါ်ဆင် လာ … လစ်မယ် ဖေ့သားကြီး'

ကျွန်တော် ခပ်တည်တည်ပဲ ဒေါ်ဆင့်နား ကပ်သွားပြီး လည်ပတ်လှမ်းဆွဲလိုက်တယ်။ ထွန်းအောင်ကျော်ကလည်း အပြင် ထွက်သွားပြီး ပြင်တော့

'နေဦး'



www.burmeseclassic.com

www.burmeseclassic.com



အော်ထည့်လိုက်တာ လူမပြောနဲ့ ခွေးတောင် လန့်သွားတယ်။ အနက်ရောင် အောက်နှုတ်ခမ်း ထူထူထောင့်လေးကို ရှေ့သွား ဖြူဖြူလေးတွေနဲ့ ကိုက်လို့။ ကျွန်တော့်ကို မျက်စောင်း တဒိုင်းဒိုင်း လွှတ်နေလေရဲ့။ နဂါး မျက်စောင်း အကြောင်းမရွေး ပြာဖြစ်နိုင် ဆိုလား။ နတ်သမီး မျက်စောင်းကတော့ ...။ ကြုံဖူးရင် သိမှာ။ ပျော်စရာကြီးဗျ။ လက်ထောက်ကောင်မလေးကတော့ အတည်ပေါက် နောက်နေကျ ကျွန်တော့် အကြောင်းသိလို့ ပြုံးစိစိနဲ့။ ထွန်းအောင်ကျော်ကတော့ မရဘူး။ သူက ဒါဆို ဒါပဲ။ ကားငှားဖို့ အပြင် ထွက်သွားပြီ။ နတ်သမီးက ဆူအောင့်အောင့် လေသံလေးနဲ့။

'လင်းလွန်း ဟိုတစ်ယောက်ကို ပြန်ခေါ်လိုက်'

အမယ်။ ခပ်မာမာဗျ။ ကျွန်တော့်ကို သူ့လက်အောက်ငယ်သားများ မှတ်နေလား မသိ။ ကျွန်တော် သူ့ကို ဘာမှ ပြန်မပြောဘူး။ လက်ထောက်ကောင်မလေးကို လှမ်းပြီး ...

'ညီမလေး သူ့ကို စိတ်ချရပါ့မလား'

နတ်သမီးကို မေးငေါ့ပြပြီး ကျွန်တော် မေးတော့ လက်ထောက်ကောင်မလေး မနေနိုင်တော့ဘူး။ ရယ်ရင်းနဲ့ ...

'ကိုလင်းလွန်း မနောက်ပါနဲ့၊ မမက ဆရာကျော် အစား ဆေးခန်းလွှဲယူလိုက်တာပါ၊ စိတ်ချပါရှင့်'

နတ်သမီးဘက် လှည့်ပြီးတော့လည်း ရယ်သံ တစ်ဝက်နဲ့

'မမ ဒေါ်ဆင်ကြီးက နည်းနည်း ရုန်းတတ်တယ်၊ ဒီနေ့ အရမ်းထူးဆန်းနေတာ၊ ခါတိုင်းဆို ကိုလင်းလွန်းတို့နဲ့ လုံးထွေးနေရတာ'

နတ်သမီးက ကျွန်တော့်ကို ဘုကြည့်နဲ့ မျက်စောင်း အကြီးကြီး တစ်ခု ထိုးလိုက်ပြီးမှ ကောင်မလေးဘက် လှည့်ပြီး

'ကိုက်ရော ကိုက်တတ်လား၊ *Mask* စွပ်ဖို့ လိုလား'

သူ ပြောတဲ့ *Mask* ဆိုတာ ခွေးကြီးမျိုးတွေ ကုသရင် အန္တရာယ်မပြုနိုင်အောင် ခွေးပါးစပ်ကို ခဏ စွပ်ထားရတဲ့ ကြိုးပိုက် တစ်မျိုးပါ။ နတ်သမီးက ခွေးကိုက် ခံရမှာတော့ ကြောက်သားပဲ။

လက်ထောက် ကောင်မလေးက ပြုံးပြီး သူ့ကို ခေါင်းခါပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ဆင်ကြီးက ချစ်ဖို့ ကောင်းတယ်၊ လုံးဝ မကိုက်ဘူး၊ သနားအောင် အော်ပြီး အကြာကြီး ချွဲနေလိမ့်မယ် မမရဲ့'

အံ့ဩဖို့ ကောင်းပါတယ်။ ဒေါ်ဆင်ဟာ နတ်သမီးလေး လက်ထဲမှာ ဘာသံမှ မထွက်သလို ဆေးထိုးလို့ တစ်ချက်တောင် မတွန့်ဘူး။ နတ်သမီးဟာ အရာရာ စေစားနိုင်တယ် ဆိုတော့ သူ့အလုပ်မှာ အင်မတန် ကျွမ်းကျင်သေသပ်နေတာ၊ ဒေါ်ဆင်ရဲ့ စိတ်ကို စကားလေး တပြောပြောနဲ့ သိအောင်လုပ်သွားတာတွေက သိပ်အံ့ဩစရာ မရှိပါဘူး။ အားလုံး ပြီးတော့ ကျွန်တော့်ကို တစ်ခု ပြောတယ်။

'လင်းလွန်း ကျုပ်ကို မကြုတ်လည်း မခေါ်နဲ့၊ ကြုတ်မလည်း မခေါ်နဲ့၊ မကြိုက်ဘူး၊ အိမ်မှာ မေမွန်လို့ ခေါ်ကြတယ်' တဲ့။

ကျွန်တော်ကတော့ ကျွန်တော့်ကို ဘယ်လို သိလဲတို့၊ နာမည်က လှတယ်နော်၊ မေမွန်လို့ ခေါ်ရမလားတို့နဲ့ လျှောက်စကားများမနေခဲ့ပါဘူး။ စကား များများ ပြောတာကို ကျွန်တော် မကြိုက်သလို မလိုအပ်ဘဲ အရောတဝင် စကားများနေတာကို သူလည်း မကြိုက်ဘူး ထင်လို့။

စိတ်ကျေနပ်စွာနဲ့ ခွေးရော လူပါ ဆေးခန်းက အောင်မြင်စွာ ပြန်ထွက်ခဲ့ပါတယ်။ စိတ်မကျေနပ်စရာတော့ တစ်ခု ရှိတယ်။ ထွန်းအောင်ကျော်က ရန်ကင်း သွားမယ် ပြောပြီး ငှားထားလို့ စောင့်နေတဲ့ တက္ကစီ ဦးလေးကြီးကို ကျွန်တော် မနည်း တောင်းပန်ပြီး ပြန်လွှတ်လိုက်ရပါတယ်။ ပွစိပွစိနဲ့ ကျွန်တော့်ကို ပြောချင်တိုင်း ပြောပြီး ထွက်သွားတဲ့ တက္ကစီကို ကျွန်တော် ဒီတိုင်း ပြုံးပြုံးကြီး ရပ်ကြည့်ရင်း ကျန်ခဲ့တယ်။

အိမ်အပြန် လမ်းကတော့ နတ်သမီး ဖန်ဆင်းမှုကြောင့် အရာအားလုံး လှပနေပါတယ်။ ထွန်းအောင်ကျော်ရဲ့ ဝုန်းဒိုင်းကြဲ ဆိုက်ကားက ကျွန်တော့်အတွက် နတ်ပန်းရထား ဖြစ်နေသလားပဲ။ ငြိမ့်လို့ ညောင်းလို့။ ခြံရှေ့ရောက်လို့ ကျွန်တော့်ကို နှုတ်ဆက်တော့ ထွန်းအောင်ကျော်က ပြောတယ်။

'ဆရာဝန်မက အရမ်း လှတယ်နော် အစ်ကို' ဆိုပဲ။

တစ်ရပ်ကွက်လုံးက ဉာဏ်မရှိဘူး ပြောတဲ့ ထွန်းအောင်ကျော်ကြီးက နတ်သမီး တွေ့လို့ လှတယ် ပြောတတ်လာတာ ကျွန်တော့် စိတ်ထဲတော့ အင်မတန် ဉာဏ်ရည် မြင့်မား တိုးတက်လာသလိုပါလား။

**အိမ်သူရွှေမ စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာပေါ့။

နတ်သမီး တွေ့ရင် ဘယ်သူက မလှဘူး ပြောမှာလဲ။

ကျွန်တော်ကရော .....



www.burmeseclassic.com

www.burmeseclassic.com

## (၅)

'အန်ကယ် ဦးနန္ဒရဲ့ သမီးလေ၊ အန်ကယ် ဦးနန္ဒ ဆိုတာဟယ် … အရင်တုန်းက ဖေဖေတို့နဲ့ လုပ်ဖော်ကိုင်ဖက် ကျောင်းနေဖက်တွေ၊ သိပ်ရင်းနှီးကြတာ၊ မေမွန် ဆယ်နှစ်သမီးလောက်ကျ သူတို့ မိသားစုလိုက် ဩစတြေးလျ ထွက်သွားကြတယ်၊ မိသားစုချင်း အဆက်အသွယ်တော့ မပြတ်သွားကြဘူး၊ စာရေးကြ၊ ဓာတ်ပုံ ပို့ကြ ရှိတာပေါ့၊ ငါတို့မောင်နှမတွေ အကုန်လုံးလည်း သူတို့ သိကြတယ်လေ၊ နှစ်နှစ် တစ်ခါ၊ သုံးနှစ် တစ်ခါလောက်လည်း အလည် ပြန်ပြန်လာကြတယ်၊ နင်ကငယ်သေးလို့ မမှတ်မိတာ၊ ဖေဖေ ဆုံးတော့ အန်ကယ် ဦးနန္ဒ လာသေးတယ်လေ'

ညဘက် တီဗီ ထိုင်ကြည့်နေရင်း ကျွန်တော် မေးလို့ မကြီးက ပြောပြနေတာပါ။ ကျွန်တော်က …

'အားလုံး ဟိုမှာ သွားနေကြတာဆို၊ သူက ဘာလို့ ဒီပြန်ရောက်နေတာလဲ'

'သူတို့ ပြန်လာကြတာ မကြာသေးဘူးဟဲ့၊ အသက်ကြီးလာတော့ အန်ကယ် ဦးနန္ဒတို့ လူကြီးတွေက ဒီမှာပဲ ပြန်လာနေချင်တော့တာနဲ့ အပြီးပြန်လာတာ၊ မေမွန်က အတူတူ ပြန်လိုက်လာတယ်၊ သူ့အစ်ကို ကိုကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အိမ်ထောင်ကျသွားပြီလေ၊ သားလေး တစ်ယောက် ရှိတယ်'

'သူရော အိမ်ထောင်နဲ့လား'

'နင်ကလည်း အပျိုနဲ့ အအိုတောင် မခွဲတတ်ဘူးလား၊ ဘာလဲ … အစ်မ ရှေ့မှာမို့ အချင်ယောင် ဆောင်နေတာလား'

မကြီးက ကျွန်တော့်ကို လှမ်းစတယ်။ ကျွန်တော်က ခပ်တည်တည် နေလိုက်ရင်း စကား ဖြတ်ပြီးတော့ …

'သူက အိမ်ထောင်သည်ရုပ် ပေါက်နေလို့'

မကြီး ခါးခါးသီးသီး ဖြစ်သွားတယ်။

'အလိုလေးတော်၊ ဒီလောက် နုနုဖတ်ဖတ် လှလှပပလေးကို လင်းလွန်းရယ် … နင်မို့လို့ ဟိုက အပျိုမှ အပျို အစစ်လေးဟဲ့'

'မသိဘူးလေ၊ နိုင်ငံခြားမှာ ကြီးလာတဲ့ ကောင်မလေး ဆိုတော့ အပျိုလို ပြင်ထားတာ ဖြစ်ချင်ဖြစ် …'

'တော် တော် လင်းလွန်း၊ နင် သူများ သားသမီးကို မှိုချိုး မျှစ်ချိုး မပြောနဲ့၊ တော်ကြာ ဒီစကား ဟိုက ပြန်ကြားလို့ အခင်မင် ပျက်ကုန်မယ် နင့်ပါးစပ်ကို ဆင်ခြင်စမ်း၊ အသက်က ကြီးလာပြီ၊ ပေါက်တတ်ကရ လွှတ်ခနဲ ပြောတတ်တဲ့ အကျင့်က ငယ်ငယ်ကလိုပဲ အခုထိ မပျောက်ဘူး'

အစ်မတော်ဘုရား ဒေါ်ပွသွားတယ်ဟ။ သူက နတ်သမီးကို တော် တော် သဘောကျနေသလိုပဲ။ ကျွန်တော်ပဲ ပြန်ချော့ပြီး သိချင်တာတွေ အစ်ရမှာပဲ။

'မကြီးကလည်း ကျွန်တော်က နောက်တာပါ၊ သူ အပျိုမှန်း မြင်တာ နဲ့ သိတာပေါ့'

'သူများ သားသမီးကို အဲဒီလိုမျိုး မနောက်နဲ့စမ်း၊ ငါ မကြိုက်ဘူး'

'ဟုတ်ပါပြီ၊ မနောက်တော့ပါဘူး၊ မကြီးကလည်း သူက ကျွန်တော် တို့ မောင်နှမတွေကို သိလား၊ ကျွန်တော်ကျ သူ့ မမှတ်မိဘူး'

'သူလည်း အစက ဘယ်မှတ်မိမလဲဟဲ့၊ သူတို့ ပြန်ရောက်ပြီး တစ်ရက်ကျ ဆိုင်လာလည်ကြတယ်၊ စကား ပြောနေရင်း ဆိုင်မှာ ချိတ်ထား တဲ့ တို့မောင်နှမ သုံးယောက်ပုံ သူ တွေ့သွားပြီး မှတ်ထားတာ နေမှာပေါ့'

'သူ့အမေနဲ့ လာတာလား'



www.burmeseclassic.com

www.burmeseclassic.com



'သူ့အမေက ဟိုမှာ ဆုံးသွားပြီလေ၊ အန်ကယ် ဦးနန္ဒရယ်၊ အန်ကယ် ဦးနန္ဒ ညီမ သူ့အဒေါ်ရယ် လာကြတာ'

'သူက တိရစ္ဆာန် ဆရာဝန်လား'

'*Zoology* နဲ့ ဟိုမှာ ကျောင်းပြီးတယ်၊ ပြီးတော့ တိရစ္ဆာန် ထိန်းသိမ်း စောင့်ရှောက်ရေး *NGO* တစ်ခုမှာ ဝင်လုပ်နေတုန်း သူ့အဖေ ဖြန်မယ် ဆိုလို့ အလုပ် ထွက်ပြီး ပြန်လိုက်လာတာ၊ ကိုအောင်ကျော် ဆေးခန်းကို ကောင်မလေး ယူလိုက်တာ ဆိုတော့ ငါ့သားကြီး ကံကောင်း တာပေါ့၊ အမယ်လေး လာစမ်းပါဦး သားရယ်၊ မင်းကလည်း ဖျင်းလိုက်တာ လွန်ရော'

အကောင်းကြီး ထိုင်ပြောနေရာကနေ ကောက်ထပြီး အနားမှာ သူ့ ဟာသူ အိပ်နေတဲ့ ဒေါ်ဆင်ကို ပွတ်သီး ပွတ်သပ် သွားလုပ်နေပြန်ရော။ ခွေးခမျာ အိပ်နေတုန်း နေရင်းထိုင်ရင်း ငပျင်း ခေါ်နှိုးခံရတော့ အူတိ အူကြောင်နဲ့။ ကျွန်တော့် အစ်မနဲ့ ဒီခွေးကြီးနဲ့က ဒီလိုပါပဲ။ လူအိပ်နေရင် ခွေးက သွားနှိုးလိုက်၊ ခွေးအိပ်နေရင် လူက လာနှိုးလိုက်နဲ့။ သူတို့ကို ကြည့်ရင်း ကျွန်တော် သိချင်တာတွေ ဆက်အစ်ရတယ်။

'သူဝတ္ထုမှာ ဆေးခန်း လာထိုင်တော့ သူက ဘယ်မှာ နေလို့လဲ'

မကြီးက ဒေါ်ဆင်ကို ခေါင်းပွတ်လိုက် ပါးစပ် ဖြဲကြည့်လိုက် လုပ်နေရင်းက

'ဘောက်ထော်မှာ နေကြတာလေ၊ ဒါကြောင့် တို့ဘက်မှာ ဆေးခန်း လာထိုင်တာပေါ့'

'ဘောက်ထော်မှာ နေတာကိုး၊ ဒါကြောင့်'

ကျွန်တော် ကိုယ့်ဟာကိုယ် ရေရွတ်သလို ပြောတော့ မကြီးက ခေါင်းထောင်ပြီး လှည့်ကြည့်တယ်။ သူ သိချင်သွားပြီ။

'ဘာလဲဟ၊ ဘာ ဒါကြောင့်လဲ'

'ဪ ဘာမှ မဟုတ်ပါဘူး၊ ဘောက်ထော်မှာ နေတာ ဆိုတော့ သူဝတ္ထု ဘောလုံးကွင်းနဲ့ နီးတယ်လို့'

'ဘာဆိုင်လို့လဲဟဲ့၊ မိန်းကလေးနဲ့ ဘောလုံးကွင်း၊ နင်ဟာလေ အကြောင်ကြောင်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အံမာ မကြီး ဘာသိလို့လဲ၊ ဘောလုံးကွင်းက မကြီးနဲ့သာ မဆိုင် တာ၊ သူနဲ့ ဆိုင်တယ်ဗျ'

'ဘာဖြစ်တယ်'

'သူ့ကို ကျွန်တော် ဘောလုံးကွင်းထဲမှာ စတွေ့တာဗျ၊ တစ်ယောက် တည်း ဇောကြည့်တာ ခပ်တည်တည်ပဲ'

'ဟောတော့ … မေမွန်ကလေ'

'ဟုတ်ပဗျ'

မကြီး အံ့သြသလိုတော့ ဖြစ်သွားတယ်။ နောက် တွေးတွေးဆဆနဲ့

'အဲဒါကြောင့် အန်တီကြွယ်က ဟိုနေ့တုန်းက ပြောတာ'

ကျွန်တော် မျက်စိလည်သွားတယ်။

'ဘယ်က အန်တီကြွယ်လဲ၊ ရ·ဝ·တ ရုံးနားက အကြော်သည် အန်တီကြွယ်လား'

'ဟာ နင်ကလည်း မဟုတ်ပါဘူးဟဲ့၊ မေမွန့် အဒေါ် အန်တီကြွယ် ကို ပြောတာ'

'အန်တီကြွယ်က ဘာပြောလို့လဲ'

'အန်တီကြွယ်က ပြောတယ်၊ မေမွန်က တစ်ခါတလေ ကတ်သီး ကတ်သတ် ထင်ရာ လုပ်တတ်တယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com

(၆)

သုဝဏ္ဏ ရန်ကုန်သစ် ဈေးနားမှာပါ။ ကိစ္စ တစ်ခု ရှိလို့ ကျွန်တော်
သူငယ်ချင်း တစ်ယောက် လာရှာတာ မတွေ့ဘူး။ အပြင် ခဏ ထွက်သွား
တယ် ပြောလို့ အနီးအနားက လက်ဖက်ရည်ဆိုင် တစ်ခုခုမှာ ခဏ ထိုင်စောင့်
ဖို့ ဈေးနဲ့ နည်းနည်း နီးတဲ့ဘက် လျှောက်လာခဲ့တယ်။ ဈေးနား ရောက်တော့
.....

အိမ်တစ်အိမ် ရှေ့မှာ တဂျိမ်းဂျိမ်းနဲ့ နတ်ဆိုင်းသံ ကြားရတယ်။
မဏ္ဍပ် ထိုးပြီး ရိုးရာ ယုံကြည်မှုအရ ကနား ပေးနေတာပါ။ ကလေးတွေ၊
လူကြီးတွေလည်း အုံလို့။ ထူးထူးဆန်းဆန်းဆို စပ်စုတတ်တဲ့ ကျွန်တော်
သဘောကျသွားတယ်။ လက်ဖက်ရည်ဆိုင် မထိုင်တော့ဘူး။ နတ်ပွဲ ခဏ
ထိုင်ကြည့်နေပြီးမှ သူငယ်ချင်းဆီ တစ်ခေါက် ပြန်သွားမယ်လို့ ဆုံးဖြတ်
လိုက်တယ်။ အဲဒါနဲ့ လူထဲ ဝင်ရပ်ပြီး ဖြည်းဖြည်း ဖြည်းဖြည်းနဲ့ ရှေ့နား
ရောက်အောင် တိုးလိုက်တယ်။

ကျွန်တော့် စိတ်ထဲ တစ်မျိုး ဖြစ်မိတယ်။ တခြား မဟုတ်ပါဘူး။
နတ်ချော့တေးကိုပါ။ ရိုးရာ နတ်ချင်းတွေထဲက တချို့ တော်တော်များများ
ကျွန်တော် သိပါတယ်။ အခု ဆိုင်းဆရာ တီးနေတာက ရိုးရာ နတ်ချင်းလည်း
မဟုတ်ဘူး။ ခေတ်ပေါ် သီချင်းကြီး ဖြစ်နေတယ်။ ပွဲတွေ ဘာတွေ ထိုးထား



www.burmeseclassic.com

www.burmeseclassic.com



တာတော့ အကျပါပဲ။ အပြင်အဆင်တွေလည်း ဖြစ်ကတတ်ဆန်း မဟုတ်ဘူး။ အကျပဲ။ တစ်ထောင့်မှာ ကနားရှင် ဖြစ်ပုံရတဲ့ မိန်းမကြီး နှစ်ယောက် သုံးယောက်နဲ့ နတ်ထိန်းနတ်နေ နှစ်ယောက် ထိုင်နေတာ တွေ့တယ်။ သူတို့က အခု ကနေတဲ့ နတ်ကတော်ကို ကြည့်နေကြတယ်။ ဆိုင်းထဲက လူတွေကလည်း ကနေတဲ့ နတ်ကတော်ကို တီးနေရင်းက တစ်ချက် တစ် ချက် လှမ်းလှမ်းကြည့်နေကြတယ်။ သူတို့တွေ မျက်နှာ ကြည့်ရတာ တစ်မျိုး ဖြစ်နေတယ်။ အခု နတ်ဝင်နေတဲ့ နတ်ကတော်ကို ကျွန်တော် ကြည့်တော့ ......

နတ်ကတော်က ထောင်ထောင်မောင်းမောင်း အသား မည်းမည်း ကြီး။ မျက်နှာက ပေါင်ဒါတွေနဲ့ ဖွေးနေပေမဲ့ မျက်လုံးတွေက နီရဲနေတယ်။ အရက်မူးနေတာလား၊ တမင် လုပ်ထားတာပဲလား မသိဘူး။ ကျွန်တော် အကဲခတ်ကြည့်တော့လည်း ဘာနတ်ဝင်နေမှန်း မသိဘူး။ ဝိုင်းအုံ ကြည့် နေကြတဲ့ ပရိသတ်ထဲက တစ်ယောက်ယောက်ကို သူ့လက်ထဲက ခုနစ်ခိုင် စည်းနဲ့ လှမ်း လှမ်းပုတ်နေရင်း ကနေတာ။ စင်ပေါ် တက်လာဖို့ ခေါ်လည်း ခေါ်နေသလိုပဲ။ မဟုတ်သေးပါဘူး။ အနေအထားက တစ်မျိုး ဖြစ်နေပါလား။ နတ်ကတော် ခေါ်နေတဲ့ ပရိသတ်ထဲက တစ်ယောက်ကို ကျွန်တော် မမြင် ရဘူး။ ကျွန်တော့် ရှေ့က လူကြီး တစ်ယောက်က ကွယ်နေတယ်။ ဒါနဲ့ နည်းနည်း ရှေ့တိုးကြည့်လိုက်တော့ ......

'ဟိုက်'

ပါးစပ်က အသံထွက်သွားမိသလားတောင် သတိမထားမိလိုက်ဘူး။

မေမွန်နန္ဒပါလား။ ဘယ်လိုလုပ် နတ်ပွဲထဲ ရောက်နေတာတုန်း။

နတ်ကတော် မည်းမည်းကြီး ပလူးပလဲ လုပ်ချင်နေတာ လက်စသတ် တော့ ကျွန်တော့် နတ်သမီးကိုး။

သူလည်း စိတ်ညစ်နေပုံရတယ်။ မျက်နှာလေး အိုလို့။ မျက်မှောင် လေးလည်း ကြုတ်လို့။ လူတွေ အားလုံးကလည်း သူ့ကိုပဲ ဝိုင်းကြည့်နေကြ တယ်။ ဒီလို နေရာမျိုးမှာ မြင်နေကျ ပုံစံမျိုးလည်း မဟုတ်။ နှာက် အရမ်းလှတဲ့ သူ့မျက်နှာ ဖွေးဖွေးလေးနဲ့ နှုတ်ခမ်း နက်နက်တွေကလည်း ထူးခြားနေတာကိုး။ သူ့နားမှာ ရပ်နေတဲ့ မိန်းမကြီး သုံးလေးယောက်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပွစိ ပွစိနဲ့ သူ့ကို ဘာတွေ ဝိုင်းပြောနေကြလည်း မသိဘူး။ သူ ရှုတ်တရက် ထွက်သွားလို့ မရအောင်လည်း ပိတ်ထားကြပုံ ရတယ်။ နတ်ကတော် မည်းကြီးကလည်း နည်းနည်းမှ သူ့ကို အလစ်မပေးဘူး။ ဆိုင်းသံနဲ့ ခြေကလေး ထိုးလိုက် ခါးကလေး ဆတ်လိုက် လုပ်နေပေမဲ့ သူ့ကို လက်ထဲက ပန်းစည်းနဲ့ ညွှန် ညွှန်ပြီး ခေါ်နေတယ်။ ကျွန်တော် ကြည့်နေတုန်းပဲ အဲဒီ နတ်ကတော်ကြီးက ဆိုင်းထောင့်မှာ ထိုင်နေတဲ့ နောက်ကနားစီး တစ်ယောက်ကို မျက်ရိပ် လှမ်းပြလိုက်တယ်။ အဲဒီ တစ်ယောက်ကလည်း နဂိုတည်းက အခြေအနေ စောင့်ကြည့်နေပုံပဲ။ အချက်ပေးလိုက်တာနဲ့ ဖောင်းတော်စ ရှည်ရှည် တစ်ခု ဆွဲပြီး ထလာတယ်။ ဒီအတိုင်း လမ်းလျှောက် လာတာတော့ မဟုတ်ဘူး။ ကရင်းနဲ့ မေမွန်နဲ့ နတ်ကတော်ကြီးနား ကပ်လာတာ။ အဲဒီလူ ထလာတာ တွေ့တော့ မေမွန် နောက်တစ်လှမ်း ဆုတ်ပြီး ထွက်ဖို့ လုပ်ကြည့်တယ်။ မရဘူး။ သူ့နားက မိန်းမကြီးတွေက ပိတ်ထားတယ်။ သူတို့ ဖြစ်နေတဲ့ နေရာနဲ့ ကျွန်တော် ရပ်နေတဲ့ နေရာက နတ်စင်ရဲ့ ဟိုဘက်ထောင့် သည်ဘက်ထောင့်။

နောက်မှ ထလာတဲ့ တစ်ယောက်က မေမွန့်နား ရောက်သွားပြီ။ နတ်ကတော် နှစ်ယောက် ပုံစံ ကြည့်ရတာ ကိုကြီးကျော် နတ်ပူးနေပုံ လုပ်ထားသလိုပဲ။ သူ့အဖော် တစ်ယောက် ထပ်ရောက်လာတော့ နတ်ကတော်မည်းကြီးက နည်းနည်း ပိုအတင့်ရဲလာတယ်။ မေမွန့်နား ဖျတ်ဆို ကပ်ပြီး လက်တစ်ဖက်ကို ဆတ်ခနဲ ဖမ်းကိုင်လိုက်တယ်။ နောက်တစ်ယောက်က သူ ယူလာတဲ့ ဖောင်းတော်စနဲ့ မေမွန့် လက်ကို ပတ်မလို့ လုပ်တော့ . . .။

မဖြစ်တော့ဘူး။ ကျွန်တော် တစ်ခုခု လှုပ်ရှားရတော့မယ်။ ဒါနဲ့ . . .

'ဟိုင်းရား . . .'

ကျွန်တော် အကျယ်ကြီး အော်ထည့်လိုက်တယ်။ စင်ထောင့်စွန်း တစ်ခုကို နင်းပြီး အားယူ ခုန်ထည့်လိုက်တာ စိတ်ဆောင်နေလို့လား၊ နတ်သမီး ဆက်ကို သူများ ဆွဲလို့ ဒေါပွနေလို့လား မသိဘူး။ အမြင့်ကြီး မြောက်တက် သွားပြီး သူတို့ နားမှာ လေးဘက်ထောက်လျက် ကုန်းကုန်းကြီး ဝုန်းခနဲ ကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ပလုတ်တုတ်'

ဘာကြီးမှန်း မသိဘူး။ ရုတ်တရက် သူတို့နား ကျလာလို့ နတ်ကတော် နှစ်ယောက် လန့်သွားတယ်။ မေမွန် လက်ကို ဆွဲထားတာလည်း လွတ်သွားပြီ။ ဆိုင်းဝိုင်းကလည်း ခဏ ရပ်သွားတယ်။ ကြည့်နေကြတဲ့ လူတွေလည်း ဟာခနဲ။

ကျွန်တော် ဒီအတိုင်း နေလို့ မဖြစ်ဘူး။ နောက်ကျွမ်း တစ်ပတ်ပစ်လိုက်ပြီး စင်အလယ်ဘက် နေရာ ရွှေ့လိုက်တယ်။ ပြီးတော့ လေးဘက်ထောက်လျက်ပဲ နတ်ကတော် နှစ်ယောက်ဘက် မျက်နှာမူရင်း ဝေါင်းခနဲ အော်လိုက်တယ်။ ကဲလာစမ်း။ ငါ့နတ်သမီးလက် ဆွဲတဲ့ နတ်ကတော်မည်း။ နင်က ကိုကြီးကျော်ဆို ငါက စီးတော်ကျားပေါ့။

ထိုင်ကြည့်နေတဲ့ မိန်းမကြီး တစ်ယောက်က ကျား ကျားနဲ့ ထအော်တယ်။ ပရိသတ်လည်း လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး လူနည်းနည်း ပိုအုံလာသလိုပဲ။

နတ်ကတော် မည်းကြီးနဲ့ သူ့အဖော်က ကျွန်တော့်ကို အကဲခတ်သလို တစ်ချက် ကြည့်တယ်။ ပြီးတော့ သူတို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်တယ်။ အကတော့ မပျက်ဘူး။ သူတို့လည်း ဒါမျိုး အတွေ့အကြုံ ရှိဖူးပုံ ရတယ်။ ဒါပေမဲ့ သူတို့ နတ်သက်တမ်း တစ်လျှောက်မှာ မျက်မှန်နဲ့ သရီးကွာတားနဲ့ ကျားကိုတော့ မြင်ဖူးပုံ မရဘူး။ တစ်ယောက်က စင်ထောင့် အထိ ကရင်းနဲ့ နောက်ဆုတ်သွားတယ်။ နတ်ကတော်မည်းကြီးကတော့ ကျွန်တော့်နား ကပ်မလာဘူး။ ခပ်လှမ်းလှမ်းက အကဲခတ်နေတယ်။ ကျွန်တော်လည်း ဟိုခုန် သည်ခုန် လုပ်ရင်း သူ့မျက်လုံးကို တည့်တည့် ကြည့်နေလိုက်တယ်။ သူတို့ ဆိုင်းဆရာ အုပ်စုကလည်းတွေပဲ။ ချက်ချင်းပဲ နတ်ဆိုင်း ပြောင်းတီးတယ်။ အဆိုသမားတစ်ယောက်တောင် ဝင်ပါလာသေး။ 'သောက်တော်ဘူးရယ်နဲ့မှ အိုမကျွာ အိုမကျွာ ...' တွေ ဘာတွေ ဖြစ်နေပြီ။ ပရိသတ်ကလည်း စိတ်ဝင်စားလို့ ကျွတ်စီ ကျွတ်စီ ဖြစ်နေပြီ။ မေမွန် ဘယ်ရောက်သွားပြီလဲ။ ကျွန်တော် မကြည့်အားတော့ဘူး။ အရေးထဲ ဘောင်းဘီအိတ်ထဲက ဖုန်းက ထမြည်နေသေး။ ရှိစေတော့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



နတ်ကတော်မည်းကြီးက စင်ပေါ်က *Red Lable* တစ်လုံး ကောက်ဆွဲလိုက်တယ်။ သူ ကိုင်ထားပုံက ပုလင်း ခေါင်းဘက်က။ လူတစ်ယောက်ကို ရိုက်လို့ ကောင်းတဲ့ အနေအထား။ အက မပျက်ဘူး။ ကျွန်တော့်နား ကပ်လာတယ်။ ဘာလုပ်ရင် ကောင်းမလဲ။

မဆီမဆိုင် ကျွန်တော့် ခေါင်းထဲ မြရိပ်ညို ဟိုတယ်မှာ ခင်ဖူးတဲ့ *Dancer* သူငယ်ချင်း တစ်ယောက်ကို သွားသတိရတယ်။ *Underground Dancer* တစ်ယောက်။ နတ်ကတော်မည်းကြီး ကျွန်တော့်နား ရောက်လာပြီ။ ကျွန်တော် ဒူးနှစ်ဖက်နဲ့ လေးဘက်ထောက် နေရာက ဆတ်ခနဲ ခြေဖျားတွေနဲ့ ပြောင်းထောက်လိုက်တယ်။ သူ ကနေရင်း ကျွန်တော့်နား ရောက်လာတယ်။ လက်ထဲက ပုလင်းကို သူ အမြှောက်မှာ ....

ကျွန်တော် ညာလက် တစ်ဖက်ပဲ ထောက်ပြီးတော့ ခါးကို ဖြတ်ခနဲ လိမ့်လိုက်တယ်။ ကျွန်တော့် ခြေထောက် နှစ်ချောင်း ဝီခနဲ မြှောက်တက်သွားတယ်။ တစ်ချောင်းက သူ့လက်ထဲက ကျွန်တော့်ကို ရိုက်ဖို့ မြှောက်ထားတဲ့ အရက်ပုလင်း။ တစ်ချောင်းက သူ့မျက်နှာ တည့်တည့်ကို။

ပုလင်း ကျကွဲသံ ခွမ်းခနဲ ကြားလိုက်ရတယ်။ သူ ခါးကော့ချလိုက်လို့ မျက်နှာကိုတော့ မထိလိုက်ဘူး။ ကျွန်တော် သူ့ကို မျက်နှာမူလျက်ပဲ လေးဘက်ထောက် ပြန်ကျတယ်။ သူ့မျက်နှာကြီး မည်းပြီး နောက်ဆုတ်သွားတယ်။ ကျွန်တော် သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး မဲ့ပြုံး ပြုံးပြလိုက်တယ်။ စိတ်ထဲကတော့ ကျေးဇူးတင်တယ် *Dancer* သူငယ်ချင်း။ အဲဒီ အချိန်မှာပဲ ....

ဝုန်းခနဲ ဆိုင်းဝိုင်းကြားထဲက လူတစ်ယောက် ခုန်ထွက်လာတယ်။ သူတို့ဘက်က စီးတော်ကျား ...။ ပရိသတ် ဝေါခနဲ ဖြစ်သွားတယ်။ နတ်ကတော်မည်းကြီး မသိမသာ နောက်ဆုတ်သွားပြီ။ ဆိုင်းသံက ဗိန်းဗောင်း ဆန်ချင်လာတယ်။

သူတို့ ကျားက စင်ပေါ် ရောက်တာနဲ့ တုံ့ဆိုင်းမနေဘူး။ ချက်ချင်း ကျွန်တော့်ဆီ ခုန်ဝင်လာတယ်။ နတ်ပွဲမှာ ကတဲ့ အကွက် မဟုတ်ဘူး။ ဒီကောင် လက်ဝှေ့သမားပဲ။ ဒူးတံတောင် တစ်စုံနဲ့ ပစ်ဝင်လာတယ်။ မြန်မာ့ လက်ဝှေ့ပွဲမှ မဟုတ်တာ။ ကျွန်တော် ပုံပျက်ပန်းပျက် ဖြစ်ချင် ဖြစ်ပါစေ



www.burmeseclassic.com

www.burmeseclassic.com



လိုမ့်ထွက်လိုက်တယ်။ ဘောင်းဘီအိတ်ထဲက ဖုန်းက စင်ပေါ် ထွက်ကျသွား
တယ်။ ဟိုကောင် သေခြင်းဆိုး ကလိမ်ခြ စီးတော်ကျားရဲ့ ဒူးက ကျွန်တော့်
တယ်လီဖုန်းပေါ် တည့်တည့် ကျတော့ .....

'ရွှတ်'

သွားပါပြီဗျာ။ *Nokia Hand Set* တစ်လုံး။

တွေးလို့မှ မဆုံးသေးဘူး။ အုန်းခဲနဲ့ ကျွန်တော့် ကျောကို လာမှန်
တယ်။ နတ်အုန်းသီး နှစ်လုံး။ တစ်လုံးက အုန်းစိမ်း၊ တစ်လုံးက ရွှေအပြည့်
ချထားတယ်။ လှည့်ကြည့်လိုက်တော့ နတ်ကတော်မည်းနဲ့ နောက်တစ်
ယောက် ပိန်စောက်စောက် နတ်ကတော်။ ကျွန်တော့်ကို စပ်ဖြီးဖြီးနဲ့ ကြည့်လို့။
ကျွန်တော့်ကျော တော်တော် အောင့်သွားတယ်။ ပရိသတ်ကလည်း မကျေ
မနပ်သံ တချို့ ထွက်လာတယ်။

နတ်ပွဲတွေမှာ စီးတော်ကျားဟာ အုန်းစိမ်းကို သွားနဲ့ ကိုက်ပြီး
ဖြန်းခနဲ အခွံ ဆွဲခွာပြတဲ့ အကွက် ပါတတ်တယ်။ တစ်ခါတလေ စီးတော်
ကျားက အုန်းသီး ကိုက်ထွက်လာတတ်သလို ကျားထွက်ပြီးမှ တစ်ယောက်
က အုန်းသီး လှမ်းဆက်တတ်တာမျိုးလည်း တွေ့ဖူးတယ်။ ဒါပေမဲ့ အခုလို
ကျားကို အုန်းသီးနဲ့ ထုတာမျိုးတော့ ကျွန်တော် တစ်ခါမှ မကြုံဖူးဘူး။
ဒါ့ခင်းတို့ သက်သက် လုပ်တာ။ ကျွန်တော် တော်တော် ဒေါသ ထွက်လာ
တယ်။

တကယ့် နတ်ထိန်း၊ နတ်နေ၊ နတ်ဝင်သည်တွေနဲ့ ကနားကြီးပွဲ
စစ်စစ်တွေမှာ စီးတော်ကျားဟာ အင်မတန် ပညာ ပါပါတယ်။ ဒါပေမဲ့
အခုလို ရပ်ကွက် နတ်ပွဲမျိုးကတော့ ...။

သူတို့ သုံးတတ်တဲ့ အုန်းသီးမျိုး ဘယ်လို လုပ်ထားတယ်၊ တော်
ရော်ရီ စီးတော်ကျားက ဘာလုပ်တတ်တယ် ဆိုတာ ကျွန်တော် သိပြီးသား
ပါ။ သူတို့ သုံးတဲ့ အုန်းသီးက ခွာပြီးသား။ အညှာတွေ ဘာတွေ သပ်သပ်
ရပ်ရပ် ဖြန့်တပ်ပြီး တစ်နေရာမှာ သော့ချက် တစ်ခု လုပ်ပြီး ဆင်ထားတာ
ပရိသတ်က ကြည့်ရင်တော့ တကယ် မခွာရသေးတဲ့၊ ဓားနဲ့ ခုတ်ခွာရ
တောင် ခွာရခက်တဲ့ အုန်းသီး အစိမ်းကြီးပဲ။ ဒါပေမဲ့ သူ့ *Neck* ကို
သိရင် စီးတော်ကျား လုပ်တဲ့လူ အတွက် လွယ်လွယ်လေး။ ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ချွာလိုက်။ ဖြန်းခနဲပဲ။ ကြည့်တဲ့ ပရိသတ်ကလည်း စီးတော်ကျားနဲ့ လုံးထွေးနေတဲ့ အုန်းသီးကို လာကိုင်ကြည့်လို့မှ မရတာ။ စီးတော်ကျားကြီး လုပ်ပြသမျှ ဟာခနဲ ဟယ်ခနဲ ဖြစ်ရတာပေါ့။

အခုတော့ ပြဿနာဖြစ်ရော။ ကျားက နှစ်ကောင်။ အုန်းသီးက နှစ်လုံး။ သူ့ကျားနဲ့ သူ့အုန်းသီးကတော့ အိုကေပေါ့။ ဒါပေမဲ့ နတ်ကတော်ကြီးကို ဆောင့်ကန်ဖို့ ကြိုးစားတဲ့ သရီးကွာတား ကျားတစ်ကောင် ထပ်ရောက်လာတော့ သူတို့လည်း ပညာပြပြီပေါ့။

ကျွန်တော် စိတ်ကို ထိန်းလိုက်ပြီး သူတို့ ကျားကို ရင်ဆိုင်လိုက်တယ်။ သူတို့ ကျားက ပြုံးစိစိ။ ကျွန်တော် ဘယ်အုန်းသီး ကောက်ဆွဲမလဲ။ ဆွဲစမ်း။ မှားလို့ကတော့ မင်း နာပြီ။ ဝင်လိမ်တယ် ဆိုပြီး ဝိုင်းရိုက်မှာ။ ကျွန်တော့်ကို ကြည့်နေကြတယ်။

ကျွန်တော် ကျားကို ပြုံးပြလိုက်တယ်။ စဉ်းစားမနေဘူး။ အုန်းသီးစိမ်းကိုပဲ အညှာက ဖမ်းကိုက်လိုက်တယ်။ ကျား မျက်နှာပျက်သွားတယ်။ နတ်ပွဲ ကြည့်နေကျ တချို့က တကယ် ဝင်နေတာဟဲ့ ဘာညာ အသံထွက်လာတယ်။ ရိုးရာ မလေ့လာထားတဲ့ ခပ်ပေါ့ပေါ့ ခေတ်လူငယ်တစ်ယောက်လို့ ကျွန်တော့်ကို အထင်သေးတဲ့ ကျား မှားသွားပြီ။ နတ်ပွဲတွေမှာ ကျားဝင်တယ် ဆိုပြီး အရက် ဝင်ဝင် လိမ်သောက်တတ်တဲ့ ချာတိတ်တွေကို ထောင်ဖမ်းနေကျ သူတို့ ထောင်ချောက် ပျက်သွားတယ်။ ဘယ်သူမဆို ရွေချထားတဲ့ နတ်အုန်း ခန့်ခန့်ကြီးနဲ့ သာမန် အုန်းသီးစိမ်း တစ်လုံးချပေးရင် နတ်အုန်းပဲ ဖမ်းကိုက်မှာ။ အဲဒါဆို ဒုက္ခ ရောက်ပြီမှတ်။ ဒါပေမဲ့ အခုကျ သူတို့ ထင်သလို မဟုတ်ဘူး။ ဆင်ထားတဲ့ အုန်းသီးစိမ်းက ကျွန်တော့် ပါးစပ် ရှေ့မှာ။ သူတို့ စီးတော်ကျား မျက်နှာမှာ ဝင်လုရကောင်းနိုး၊ ဒီအတိုင်း ကြည့်နေရ ကောင်းနိုး တွေဝေနေတယ်။ သူ ထပ်မှား မြဲပြီ။

ကျွန်တော် အချိန် မဆွဲပါဘူး။ ကျားလို လေးဘက် ထောက်ရင်း အုန်းသီးနဲ့ ကစားသလို ဟိုဘက် သည်ဘက် တစ်ချက် လှိမ့်ကြည့်လိုက်တယ်။ တွေ့ပါတယ်။ ဆင်နည်း လေးငါးမျိုးထဲက ခပ်ရိုးရိုး အညှာအတ်ယှက် တပ်ထားတာပါ။ ကျွန်တော် ကြွက်မြီးတန်းနဲ့ အုန်းသီး အညှာ



www.burmeseclassic.com

www.burmeseclassic.com



အောက်ကို လက်ခလယ် ထိုးထည့်လိုက်တယ်။ ပြီးတော့ သော့ချက် *Key* နေရာကို ပါးစပ်နဲ့ ကိုက်လိုက်ပြီး ထလည်းခုန် လက်နဲ့လည်း ဆောင့်ဆွဲလိုက်တော့

ပရိသတ် ဝေါခနဲ ဖြစ်သွားတယ်။ ကျွန်တော့် ပါးစပ်ထဲမှာ လတ်လတ်ဆတ်ဆတ် အုန်းသီးခွံ သုံးပုံတစ်ပုံက တန်းလန်း။ အုန်းသီးစိမ်းက လိမ့်ထွက်သွားတယ်။ ဒီတစ်ချက်က အရေးကြီးဆုံးပဲ။ ဒီတစ်ချက်မှာ မကျွာရင် အရှက်ကွဲပြီသာမှတ်။ ကျွန်တော် အုန်းခွံကို ထွေးထုတ်လို့ လှည့်ပတ်လူးလိမ့်လိုက်ရင်း သူတို့ကို ချီးကျူးမိတယ်။ သူတို့ ဝီရိယ ရှိသလို သပ်လည်း သပ်ရပ်ပါတယ်။ အုန်းသီးစိမ်း လတ်လတ်ဆတ်ဆတ် ဒီမနက်မှ ဆင်ထားပုံပဲ။ နတ်ကတော်မည်းကြီးကို ကျွန်တော် ကြည့်လိုက်တော့ သူ့မျက်နှာ ပျောသွားပြီ။ သူ့စီးတော်ကျားလည်း ဘယ်အချိန်က ပြန်ဝင်သွားလဲ မသိဘူး။ ဆိုင်းသမားလည်း အချိုးပြေနေပြီ။ နတ်ချင်းကိုပဲ ပုံမှန် ကြွအောင် တီးနေတယ်။

ကနားပေးတဲ့ မိန်းမကြီး တစ်ယောက်က ပိုက်ဆံတွေ အထပ်လိုက် ထုတ်ပြီး နတ်ကတော်မည်းကြီး လက်ထဲ ထည့်လိုက်တာ ကျွန်တော် တွေ့တယ်။ သူ ပိုက်ဆံတွေ အထပ်လိုက်ကိုင်၊ အရက် တစ်ခွက် ငှဲ့ပြီး ကျွန်တော်နဲ့ ဟန်မပျက် ကဖို့ စင်ရှေ့ လျှောက်လာတယ်။ ပရိသတ်လည်း တစ်ဆင့် စကား တစ်ဆင့် နားနဲ့ ကောင်လေး တစ်ယောက် နတ်ကျား ဝင်တယ် ဆိုပြီး လာ လာကြည့်တာ တော်တော် အုံသွားတယ်။ တချို့ မိန်းမကြီးတွေ ပိုက်ဆံတွေ ခေါက်ခေါက်ပြီး ပစ်တင်ကြတာ စင်ပေါ်မှာပွလို့။

နတ်ကတော်မည်းကြီးက ကျွန်တော့် နားမှာ ကရင်း အရက်တိုက်တယ်။ ကျွန်တော် ခေါင်းခါပြီး မသောက်တတ်ဘူးလို့ ပြောတော့ အံ့သြပုံ ရပါတယ်။ ပြီးတော့ ကနေရင်းပဲ ကျိတ်မေးတယ်။ ဘယ်မှာ ကဖူးလဲတဲ့။ ကျွန်တော် ဘာမှ ပြန်မပြောမနေတော့ဘူး။

ရန်ကုန် အစွမ်တို့၊ မန္တလေးက ဦးဝင်းမောင်တို့၊ မြင်းခြံက ဦးစိုး တို့ကို ကျွန်တော် နည်းနည်း လေ့လာဖူးတာ မပြောတော့ပါဘူး။ တကယ့် အထင်ကရ နတ်နေကျော်ကြီးတွေပါ။

ကျွန်တော့်မှာ နတ်ကိုးကွယ်တဲ့ အလေ့အထ လုံးဝ မရှိပေမဲ့ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ကို ဗဟုသုတ အနေနဲ့ လေ့လာရင် သေချာ လုပ်တတ် မှတ်သားတတ်တဲ့ အကျင့်ကိုတော့ ဒီနတ်ကတော် မည်းမည်းကြီး သိအောင် ပြောမနေတော့ ပါဘူး။ ပြောလည်း နားလည်မယ့် ဟာမျိုးမှ မဟုတ်တာ။ ပရိသတ်ထဲမှာ မေမွန်ကို မတွေ့တော့ဘူး။ အားလုံးကလည်း သူ့ကို မေ့သွားလောက်ပါပြီ။ ကောင်းပါတယ်။ ဒီကောင်မလေး စိတ်ညစ်စရာ တစ်ခုက လွတ်သွားရင် ပြီးတာပဲ။ ကျွန်တော်ကတော့ နတ်ပွဲ ပြီးတဲ့ အထိ အုန်းသီးနဲ့ အထုခံရတဲ့ ကျောက အောင့်တုန်း။

ဖိနပ် တစ်ရန် ဆုံးတယ်။

*Hand Set* တစ်လုံး ကွဲသွားတယ်။ မကြီး သိရင် အဆူခံရဦးမှာ။

ကျောကုန်းကလည်း အောင့်တောင့် အောင့်တောင့်နဲ့။

လူလည်း ချွေးတွေသံတွေ ရွှဲလို့။ စုတ်ပြတ်နေပြီ။

ကံကောင်းလို့ ဗိုင်းရိုက်မခံရတာ။

သူငယ်ချင်းဆီလည်း ပြန်မသွားဖြစ်တော့ဘူး။

နတ်ပွဲထဲက ကျွန်တော် ထွက်လာတော့ တစ်နေရာမှာ သူ စောင့်နေတာ တွေ့တယ်။ မျက်နှာက မချို မချဉ်နဲ့။ ကျွန်တော် မျက်မှောင်ကုတ်ပြီး သူ့အနား ရောက်သွားတော့ ပြုံးစိစိနဲ့ မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ် လုပ်ပြီး

'စီးတော်ကျားကြီး၊ ကျေးဇူးတင်ပါတယ်ရှင်' တဲ့။

ကျွန်တော် အားလုံး မေ့သွားပါပြီ။ အရမ်းကို ချစ်စရာ ကောင်းတဲ့ နတ်သမီးလေးပါပဲ။ ဒါပေမဲ့

ခင်ဗျားနဲ့ အပေါင်းအသင်း ဖြစ်ရတာ သိပ်မသက်သာပါလား ဟရို့။

ဒီတစ်ခါတော့ သူ့ကား စီးဖို့ ကျွန်တော် မငြင်းတော့ဘူး။ ကျွန်တော့်မှာ ဖိနပ်မှ မရှိတော့တာ။ ကိုယ့်ဟာကိုယ် အိမ်ပြန်လို့ လမ်းမှာ သံစူးနေရင် ဒုက္ခ။

နတ်သမီး ပန်းရထားက တူးဒိုး အနက်ရောင်လေးပါ။

အားနာပါးနာနဲ့ပဲ ကျွန်တော် တက်စီးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

(၇)

သူ ကားမောင်းတာ တော်တော် မြန်တယ်။ နည်းနည်းလည်း ရမ်းကားသလိုပဲ။ မိန်းကလေး ဖြစ်ပြီးတော့ ဒီလောက် မောင်းဖို့ မကောင်းဘူး။ နောက်ပြီး ရန်ကုန်က ကားတွေကို ဩစတြေးလျက ကားတွေလိုများ မှတ်နေလား မသိဘူး။ ကြို့တုန်း ပြောဦးမှလို့ ပါးစပ် ဟတော့ သူက ရုတ်တရက်

'လင်းလွန်းက ဘယ်ကို လာတာလဲ'

ကားမောင်းနေရင်း ကျွန်တော့်ကို မကြည့်ဘဲ မေးတယ်။

'သူငယ်ချင်း တစ်ယောက် အိမ်'

'ကိစ္စရှိလို့လား'

'....'

ကျွန်တော် ပြန်မဖြေတော့ သူ တစ်ချက် လှည့်ကြည့်တယ်။ ကျွန်တော့် မျက်လုံးထောင့်မှာ တွေ့လိုက်ပေမဲ့ ခပ်တည်တည် ရှေ့ကိုပဲ ကြည့်နေလိုက်တယ်။ သူ ထပ်မေးတယ်။

'မတွေ့ခဲ့ရသေးဘူး မဟုတ်လား'

'အင်း'

သူ ရုတ်တရက် လမ်းဘေး ထိုးရပ်လိုက်တယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နားမလည်လို့ သူ့ကို လှည့်ကြည့်တော့

'သူငယ်ချင်း အိမ်ကို လိုက်ပို့မယ်လေ၊ ကျုပ်နဲ့ တွေ့လို့ လင်းလွန်း ကိစ္စ ပျက်သွားတယ် မဟုတ်လား'

'နေပါစေ ရတယ်၊ အရေးမကြီးဘူး'

'ဟုတ်လို့လား'

သူ မယုံသလို ခေါင်းလေး ငဲ့ပြီး ကျွန်တော့်ကို သေချာ ကြည့်တယ်။ ကျွန်တော် ပြုံးလိုက်ပြီး

'တကယ်ပါ အရေးမကြီးပါဘူး၊ သူ စုံစမ်းခိုင်းထားတဲ့ ကိစ္စ တစ်ခု ဒီကောင့်ကို သွားပြောပြမလို့၊ ကျွန်တော် ရောက်တော့ သူက အိမ်မှာ မရှိဘူး'

'ဘာကိစ္စလဲ'

မေးပြီးမှ သူ့မျက်နှာ ပြောင်းသွားပြီး

'*Sorry* စပ်စုတာ မဟုတ်ဘူးနော်၊ တကယ် အရေးကြီးတဲ့ ကိစ္စ ဟုတ်မဟုတ် သိချင်လို့၊ တော်ကြာ ကျုပ်ကြောင့် တစ်ယောက်ယောက် ထိခိုက်သွားမှာ စိုးလို့'

စိတ်ကောင်းတော့ ရှိသားပဲ။ ဒီကောင်မလေးက။

'ရပါတယ်ဗျာ၊ တကယ် အရေးမကြီးပါဘူး၊ သာမန် ကိစ္စ တစ်ခု ပါ'

'*OK* ကွာ၊ ပြီးရော'

သူ ကျေနပ်သွားပုံ ရတယ်။ ပြန်မောင်းထွက်လာတယ်။ ကျွန်တော် တို့ ရပ်ကွက်ထိပ် ရောက်တော့ ကျွန်တော် ပြတဲ့ လမ်းက သူ ကွေ့ချတယ်။ ကျွန်တော်တို့ နေတဲ့ ရပ်ကွက်က လမ်းမြောင်တွေနဲ့ အကွေ့အကောက် များတယ်။ နောက်တစ်လမ်း ထပ်ကွေ့တယ်။ လိုအပ်တာထက် နည်းနည်း ပိုမြန်နေသလိုပဲ။ ကျွန်တော့် ခေါင်းထဲမှာ တစ်ခုခုကို ဖျတ်ခနဲ သတိရ လိုက်တယ်။ နောက်တစ်လမ်း ကွေ့ရပြန်တယ်။ ကျွန်တော် တစ်ခုခု ပြောမလို့ လုပ်တုန်း .....

'ကျွီ'

'ဒုန်း ... ခလွမ်း'



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသွားပါပြီ။ သူက ကားကို တိခနဲ ရှောင်ပြီး အချိန်မီ ရပ်လိုက်ပေမဲ့ ဟိုဘက်က မရပ်ဘူး။ ကျွန်တော့်ဘက်က ဘေးမှန် တစ်ခုကို ဝင်တိုက်ပြီး သူ့ဟာသူ မှောက်ရော။

ကျွန်တော် ပြောမလို့ လုပ်တာက ဒီရပ်ကွက်ထဲမှာ နွားသိုးကြိုးပြတ် ထွန်းအောင်ကျော်ကြီး ဆိုက်ကား နင်းစားနေတယ်လို့ ပြောမလို့။ အခုတော့ နောက်ကျသွားပြီ။

ဆိုက်ကားကြီးက မှောက်လို့။ ထွန်းအောင်ကျော်ကြီးက လမ်းဘေး မြက်တောထဲမှာ ကားရားကြီး။ ပုဆိုးကြီးက လန်လို့။ ကားဘက်မှန် တစ်ဖက် လည်း ပြုတ်ထွက်သွားတာ ဘယ်ရောက်သွားမှန်း မသိဘူး။

ကောင်မလေး တော်တော် ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။ ပတ် ထားတဲ့ ထိုင်ခုံ ခါးပတ်ကို မဖြုတ်ဘဲ တံခါး ဖွင့်ဆင်းမလို့ လုပ်သေးတယ်။ သူ့စိတ်ထဲ ဟိုကောင်ကြီး သေများသွားပြီလားလို့ ထင်နေပုံပဲ။

ကျွန်တော် သက်ပြင်းချပြီး တံခါးဖွင့် ဆင်းလိုက်တယ်။ ပြဿနာတွေ မပြီးသေးပါလား။ ထွန်းအောင်ကျော်ကြီး အကြောင်းတော့ အကြောင်းသိ မို့လို့ သိပ်တော့ စိတ်မပူပါဘူး။ ဒီကောင်ကြီးက ဟိုဟာ ဝင်တိုက် သည်ဟာ ဝင်တိုက်နဲ့ အတွေ့အကြုံ ရှိပြီးသား။ ကံလည်း အရမ်း ကောင်းတဲ့ ကောင် ကြီး။ တစ်ခါမှ ပွန်းပဲ့တာလေးလောက်ထက် မပိုဘူး။ ထွန်းအောင် ကျော်ကြီး အရမ်း လုပ်သလောက် ကံကောင်းတတ်တဲ့ အကြောင်းက ရပ်ကွက်ထဲက လူတွေ ကြုံရင် ပြောယူနေရတဲ့ ကိစ္စ။

အခုလည်း ထင်တဲ့ အတိုင်းပဲ။ ကျွန်တော် ဆင်းသွားတော့ လန်သွား တဲ့ ပုဆိုးကြီး ပြန်ဖုံးပြီး ရှူးရှူးရှားရှားနဲ့ ကားနား လာတယ်။ ပထမတော့ ဆော်မယ့် နက်မယ့် ပုံမျိုး။ ကျွန်တော့်ကို တွေ့တော့

'ဟင် ကိုလင်းလွန်း'

နောက် ကပျာကယာ သူ့ဆီ ပြေးလာတဲ့ ကောင်မလေးကို ကြည့် ပြီး

'ဟာ ဆရာမ'

မေမွန်က သူ့အနား ရောက်သွားပြီး အလောတကြီးနဲ့ ဘာဖြစ်သွားလဲ လို့ ဒူးတွေ တံတောင်တွေ လျှောက်လှန်ကြည့်တော့ အကောင်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ် နောက်ဆုတ်နဲ့

'ဟာ ရတယ် ရတယ်၊ ဘာမှ မဖြစ်ဘူး၊ ဒီလိုပဲ ဒါဖြစ်နေကျ၊ ကျွန်တော် မတော်လို့နော်'

ဘာညာနဲ့ သူက တပြန် တောင်းပန်ချင်နေသေး။ အေးလေ။ ဖြစ်နေကျကလည်း သူကချည်း ဝင် ဝင်တိုက်နေတာကိုး။ မေမွန်ကတော့ တော်တော် စိတ်ပူနေသေးတယ်။ အနား ရောက်လာတဲ့ ကျွန်တော့်ကို မျက်နှာလေး ငယ်ငယ်နဲ့ ကြည့်ပြီး ဓာတ်မှန်တွေ ဘာတွေ သွားရိုက်ကြည့်ရအောင်လို့ ပြောတယ်။ ကျွန်တော်လည်း နှစ်ယောက်လုံးကို နည်းနည်း အမြင်ကတ်တာနဲ့ သူတို့နား သွားပြီး ခပ်တည်တည်နဲ့

'ဟုတ်တယ်၊ ဓာတ်မှန်ရော၊ အီးစီဂျီရော၊ အာထရာဆောင်းရော ရိုက်ကြည့်မှ ဖြစ်မှာ၊ တော်ကြာ *Internal Bleeding* တွေ ဘာတွေ ရနေရင် အရေးကြီးတယ်၊ ဒါ ယာဉ်တိုက်မှုပဲ၊ ယာဉ်ထိန်း ခေါ်ပြီး ကားရော ဆိုက်ကားရော လိုင်စင် သိမ်းရမယ်'

အမှုကြီးအောင် တမင် ပြောပစ်လိုက်တယ်။ ဟုတ်တယ်လေဗျာ။ ဘယ့်နှယ်။ နှစ်ယောက်လုံး ဒီလောက် မြန်မြန် မောင်းကြရသလား။ ဘာမှ အရေးတကြီးလည်း မရှိ။

*Internal Bleeding* (ကိုယ်တွင်း သွေးယိုစိမ့်မှု) ကိစ္စကို နားလည်တဲ့ ကောင်မလေးရော နားမလည်တဲ့ ထွန်းအောင်ကျော်ကြီးရော နှစ်ယောက်လုံး မျက်နှာလေးတွေ ငယ်သွားတယ်။ ဒေါ်ဆင်လိုပဲ ဆေးရုံ ဆေးခန်း ပြေးရမှာ ကြောက်တဲ့ ထွန်းအောင်ကျော်ကြီးက အရင် အသံ ထွက်လာတယ်။

'အာ ... ကိုလင်းလွန်းကလည်း ကျွန်တော် တကယ် ဘာမှ မဖြစ်ပါဘူး၊ ဓာတ်မှန်တွေ ဘာတွေ ရိုက်မနေတော့နဲ့၊ ဆရာမကို အားနာစရာ'

မေမွန့်ဘက် လှည့်ပြီး

'ဆရာမ ကျွန်တော် ဆိုက်ကား မှောက်နေကျ၊ ရတယ်၊ ဘာမှ မဖြစ်ဘူး၊ ကိုလင်းလွန်း သိတယ်၊ ကိုလင်းလွန်း ပြော ... ပြောဦးလေဗျာ'

ကောင်မလေးက ဘာမှ မပြောဘူး။ ကျွန်တော့်ကို မျက်နှာငယ်နဲ့ ကြည့်နေတယ်။ ထွန်းအောင်ကျော်ကြီးက ကျွန်တော့်နား ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပေးပါဦးဗျလို့ လက်ကုတ်လိုက်၊ သူ့ခန္ဓာကိုယ်ကြီး လှည့်ပတ်ပြလိုက်၊ တကယ် ဘာမှ မဖြစ်ဘူးဗျ လုပ်လိုက်နဲ့ ဆေးခန်း ရောက်မှာ ကြောက်လို့ မှောက်နေတဲ့ သူ့ဆိုက်ကားတောင် သွားပြန်မထောင်ဘူး။ ဖြေရှင်းနေတာ။ အမှန်က ဘာမှ ရေးကြီးခွင်ကျယ် မဖြစ်တာ ကျွန်တော် သိပါတယ်။ ကားနဲ့ကလည်း နှစ်ယောက်လုံး မြန်လို့ သေချာ တိုက်မိလိုက်တာ မဟုတ်ပါဘူး။ ဘေးနဲ့ ပွတ်ပြီး ဆိုက်ကား မှောက်သွားတာ။ ကျွန်တော် ရယ်ချင်လာတာနဲ့ ရယ်လိုက်မိတယ်။ နောက်မှ မျက်နှာလေးငယ်နေတဲ့ နတ်သမီးလေးကို …

'မေမွန် သူက ဒီလိုပဲ၊ ဒီရပ်ကွက်ထဲမှာ ဒီလိုပဲ ဝုန်းဒိုင်းကြဲပြီး မှောက်နေကျ၊ အခုလည်း ဘာမှ မဖြစ်ဘူး၊ ခါတိုင်းလည်း သူ ဒီလို ခဏ ခဏ ဖြစ်တာ၊ ခင်ဗျား ကားမောင်း မြန်လို့ ကျွန်တော် သတိပေးမလို့ ပါးစပ် ဟတုန်း ဖြစ်ရော၊ သိပ်အရမ်းကြီး စိတ်မပူပါနဲ့၊ လိုအပ်ရင်တော့ ဆေးခန်း သွားတာပေါ့၊ ကျွန်တော်နဲ့ အရမ်း ရင်းနှီးပါတယ်၊ နေ့တိုင်း တွေ့နေတာ၊ ကျွန်တော် မြင်နေ သိနေရတာပဲ၊ မှတ်မိတယ် မဟုတ်လား၊ ဒေါ်ဆင်နဲ့ ဆေးခန်း လာတော့ သူ့ဆိုက်ကားနဲ့လေ၊ သူလည်း ပါလာတယ်လေ၊ နာမည်က ကိုထွန်းအောင်ကျော်တဲ့'

ဒါပေမဲ့ ကောင်မလေးက လုံးဝ စိတ်မချဘူး။ ထွန်းအောင်ကျော်ကို အရမ်း စိတ်ပူနေတာ။ ဒါနဲ့ နောက်ဆုံး ထွန်းအောင်ကျော်ကြီးကို ကားပေါ်တင်ခေါ်၊ သူ့ဆိုက်ကားကြီးကို နီးရာ အိမ် ကျွန်တော် ဝင်အပ်ခဲ့ပြီး ကောင်မလေး အလိုကျ ဆေးခန်း သွားကြရတယ်။ ထွန်းအောင်ကျော်ကြီးကတော့ ဘယ်လိုမှ ငြင်းမရတဲ့အဆုံး အားနာနာနဲ့ ဆေးခန်းကို ကြောက်ကြောက် ရွံ့ရွံ့ လိုက်ပြရတယ်။ ဆေးခန်း ပြပြီး၊ ဓာတ်မှန်တွေ ဘာတွေ ရိုက်ပြီးလို့ ဘာမှ မဖြစ်တာ သေချာတော့မှ သုံးယောက်သား ကားဘက်မှန် လိုက်ရှာပြီး နောက်ဆုံး ပတ္တမြားဈေးထဲက ကျွန်တော့် အသိ တစ်ယောက် ဆိုင်မှာ ရတာနဲ့ ဝယ်တပ်လိုက်ရတယ်။

တစ်မျိုးတော့ ကောင်းပါတယ်။ နတ်သမီးရော၊ ထွန်းအောင်ကျော်ကြီးရော နည်းနည်းတော့ မှတ်သွားကြတာပေါ့။ နောက်ဆို နှစ်ယောက်လုံး သိပ် ဝုန်းဒိုင်းကြဲကြတော့မှာ မဟုတ်ဘူးလို့ မျှော်လင့်ရတာပေါ့။

www.burmeseclassic.com



အဲဒီနေ့က ...

ညနေစောင်းသွားတယ်။

ကျွန်တော်လည်း လုပ်စရာ ကိစ္စလေးတွေ မလုပ်ဖြစ်လိုက်ဘူး။ လူကို မောသွားတာပဲ။ နတ်သမီးမျာလည်း တော်တော် ပင်ပန်းသွားရှာပုံ ရတယ်။ သနားစရာပါ။ မျက်နှာလေး နွမ်းပြီး ပြန်သွားတယ်။ ပြန်ခါနီး ကျွန်တော့်ကို မျက်လုံးလေးတွေ ဝင့်ပြီး ပြောသွားသေး ...

'လင်းလွန်းကို အရမ်း ကျေးဇူးတင်ပါတယ်' တဲ့။

ရပါတယ် ခင်ဗျာ။

ကျွန်တော့် အတွက် မထူးတော့ပါဘူး။ ဖြစ်ပြီးမှကိုး။

အိမ်ပြန်ရောက်မှ တစ်ယောက်တည်း ကျွန်တော် စဉ်းစားဖြစ်တယ်။

လှတော့ လှတာ အမှန်ပဲ။

နတ်သမီးလား။

ဒါမှမဟုတ် *Black Magic Witch* တစ်ယောက်ပဲလား။

ဘာပဲဖြစ်ဖြစ်ပါ ...

ကျွန်တော်ကတော့ ပျော်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

## (၈)

နောက်တစ်နေ့ မနက် အစောကြီးပဲ။ အစ်မတော်ဘုရားတောင် ဆိုင်မသွားရသေးတဲ့ အချိန် ကျွန်တော် အိပ်နေတုန်း အတင်း လာနှိုးတယ်။

'ဟဲ့ သားငယ် … ထ … ထ ထစမ်း'

'ဘာ ဘာဖြစ်တာလဲ မကြီး၊ မီးလောင်လို့လား'

အလန့်တကြား လာနှိုးတော့ ကျွန်တော်လည်း ပြူးတူးပြဲတဲ မေးမိတာ။ မကြီးက

'ဟာ မဟုတ်ပါဘူး၊ နင်ကလည်း မပြောကောင်း မဆိုကောင်း ညှို့သည် ရောက်နေလို့ဟဲ့'

'ဘယ်သူလဲ'

'မေမွန်နန္ဒနဲ့ သူ့အဒေါ် အန်တီကြွယ် လာလည်တာ'

'အာ မကြီးကလည်း ကျွန်တော်နဲ့ ဘာဆိုင်တုန်း၊ မကြီး ညှိခံလိုက်ပေါ့ အစောကြီး ရှိသေးတာ'

ကျွန်တော် ပြန်ခွေဖို့ လုပ်တော့ မကြီးက စောင်ကို အတင်း ဆွဲချာဦး

'နင့်ကိုလည်း မေးနေတယ်၊ ထစမ်းဟာ၊ ငပျင်းရဲ့ မျက်နှာ[illegible]ညည်းနည်းပါးပါး သွားစကား ပြောလိုက်ဦး'

www.burmeseclassic.com



မရတော့ပါဘူး။ ပွစိ ပွစိနဲ့ပဲ ကျွန်တော် အိပ်ရာက ထရတယ်။

'လူတွေဟာ အဲဒါ ခက်တာပဲ၊ စောစောစီးစီး သူများ အိပ်နေမှန်း မသိ ဘာမှန်း မသိ အတင်း လာလည်ကြတော့တာပဲ'

'ဟဲ့ ကောင်လေး၊ နင့်ပါးစပ် ပိတ်ထားစမ်းဟယ်၊ ငါ စိတ်ညစ်တော့တာပဲ၊ အောက်ထပ်က ကြားသွားဦးမယ်၊ သွား ... သွား ... မျက်နှာသစ်ပြီး ဆင်းလာခဲ့'

မကြီး ကျွန်တော့်ကို မာန်မဲပြီး ပြန်ဆင်းသွားတယ်။ ကျွန်တော်လည်း သွားတိုက် မျက်နှာသစ်ရင်း နာရီကို ကြည့်မိတော့ ခုနစ်နာရီပဲ ရှိသေး။

ဧည့်ခန်းထဲ ကျွန်တော် ဝင်သွားတော့ ဖြူဖြူဝဝ အန်တီကြီး တစ်ယောက်နဲ့ ဘေးမှာ သူ။ မြတ်စွာဘုရား။ တယ်လှနေပါလား ... ကောင်မလေးက။ သူ့အနားမှာ ပွတ်သီးပွတ်သပ် လုပ်နေတဲ့ ဒေါ်ဆင်ကြီးကို အမွှေးတွေ သပ်ပေးနေရာက ကျွန်တော့်ကို မချိုမချဉ်ရုပ်နဲ့ တစ်ချက်မော့ကြည့်တယ်။ မကြီးက သူ့ဘေးမှာ ထိုင်နေတဲ့ အန်တီကြီးနဲ့ စကားလက်ဆုံကျလို့။ ကျွန်တော် မကြီး ဘေးမှာ ဝင်ထိုင်လိုက်တယ်။ ကျွန်တော်နဲ့ အန်တီကြွယ်ကို မကြီးက မိတ်ဆက်ပေးတယ်။ သူ့အဒေါ်ကလည်း ခပ်ချောချောပဲ။ သူတို့က မျိုးရိုးလိုက် ချောကြတာ ထင်ပါရဲ့။ မကြီးက ကျွန်တော့်ဘက် လှည့်ပြီး ....

'အန်တီကြွယ်က ဒီနေ့ ငါနဲ့ ဆိုင်လိုက်ခဲ့မလို့တဲ့၊ မေမွန်က ကားသွားပြင်စရာ ရှိတယ်တဲ့၊ အဲဒါ နင် အဖော် လိုက်သွားပေးလိုက်'

ဗုဒ္ဓေါ ... ဒီနေ့လည်း တစ်နေကုန်တော့မယ် ထင်တယ်။ မကြီးက သူ့ဘက် လှည့်ပြီး

'မေမွန် ညီမလေး၊ ဒီကောင်က မငြိမ်းရဲ့ မောင်လည်း ဟုတ်တယ်၊ သားဆိုလည်း ဟုတ်တယ်၊ အားမနာနဲ့ ခေါ်သာသွား၊ ဝပ်ရှော့မှာက ယောကျာ်းလေးတွေ များတော့ သူပါရင် ညီမလေး အဆင်ပိုပြေမှာ၊ ဒီကောင်က စပ်စပ် စပ်စပ်နဲ့ အကုန် သိတယ်'

'ဟုတ်ကဲ့ပါ မ'

အတိုင်အဖောက်ကို ညီလို့။ ကောင်မလေး ကြည့်ရတာ နည်းနည်းမှ အားနာမယ့်ပုံလည်း မရဘူး။ ကျွန်တော် သက်ပြင်းပဲ ချလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းမှာပဲ မကြီးရဲ့ ဆိုင်က ကောင်မလေး နှစ်ယောက် အိမ်နောက်ဖေး ကနေ ထမင်းချိုင့်တွေ၊ ပစ္စည်း ပစ္စယတွေနဲ့ ထွက်လာတယ်။ အန်တီကြွယ်က မကြီးကို

'သွားတော့မလား ငြိမ်းရေ'

'ဟုတ်ကဲ့ အန်တီကြွယ်'

ကျွန်တော့်ဘက် လှည့်ပြီး

'သားငယ် မကြီးတို့ အရင် သွားနှင့်မယ်၊ ဒီနေ့ ခြံရှင်းဖို့ ဦးလေးအုန်းတို ခေါ်ထားတယ်၊ နင်တို့ သွားရင် ဒေါ်ဆင်ကို အပြင် ထုတ်ပေးခဲ့၊ ဦးလေးအုန်း သူ့ကို ထမင်း ကျွေးလို့ ရအောင်'

မေမွန့်ဘက် လှည့်ပြီး

'ညီမလေး မမတို့ သွားနှင့်မယ်နော်၊ ညနေ အန်တီကြွယ်ကို လာမကြိုနဲ့ သိလား၊ မမ ပြန်ပို့ပေးမှာ၊ သွားပြီနော်'

အန်တီကြွယ်က သူ့တူမသူ နှုတ်ဆက်ပြီး ကျွန်တော့်ကို

'သားရေ အားတော့နာပါတယ်ကွယ်၊ အန်တီတို့လည်း ရင်းနှီးတာဆို ဒီလူတွေပဲ ရှိတော့'

'ဟား ရပါတယ် အန်တီ၊ အားမနာပါနဲ့'

'အေး အေး ကျေးဇူးတင်ပါတယ်ကွယ်၊ မေမွန် သမီး အန်တီ လိုက်သွားနှင့်မယ်'

'ဟုတ်ကဲ့'

သူတို့ ထွက်သွားကြတာကို ခြံတံခါး လိုက်ပိတ်ပေးပြီး ကျွန်တော် ပြန်ဝင်လာတော့ သူက

'အင်္ကျီ သွားလဲလိုက်ဦး'

'ဟင်'

'အင်္ကျီ လဲလိုက်ဦးလို့၊ ပြောင်းပြန်ကြီး ဝတ်ထားတယ်၊ အိပ်ချင်မူးတူး ထလာရတယ် ထင်တယ်'

ပြုံးစိစိနဲ့ သူပြောမှ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်တော့ အဲ ဟုတ်သား ကျွန်တော့် တီရှပ် ဇောက်ထိုးကြီး။

'အဲ ဟုတ်သား၊ ဒါဆို ခဏ စောင့်ဗျာ၊ ကျွန်တော် ရေ ချိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့"

'ရပါတယ် ချိုးပေါ့'

နည်းနည်းတော့ ရှက်သွားတာပေါ့ဗျာ။ ဒါပေမဲ့ ခပ်တည်တည်ပဲ အိမ်ပေါ် တက်လာခဲ့တယ်။ သူက အောက်ထပ်မှာ ခေါင်းဆင်နဲ့ ဆော့လို့။



www.burmeseclassic.com

www.burmeseclassic.com

# (၉)

နှစ်ယောက်သား ကားပေါ် ရောက်တော့ ကျွန်တော်က မေးတယ်။

'ခင်ဗျား ကား ဘာဖြစ်တာလဲ'

သူ မဖြေဘူး။ ကျွန်တော့်ကို ပြန်မေးတယ်။

'မနေ့က ကွဲသွားတဲ့ *Hand Set* ပါလာလား'

'မဟုတ်ဘူးလေ၊ ခင်ဗျားကား ပြင်စရာ ရှိတယ်ဆို'

'ကွဲသွားတဲ့ *Hand Set* ယူလာခဲ့လားလို့ဆို'

'အင်း ... ပါလာတယ်'

'ပါလာရင် ပေး'

'ဘာလုပ်မလို့လဲ'

သူ ပြန်မဖြေဘူး။ ကားကို လမ်းဘေးချ ရပ်လိုက်တယ်။ ကျွန်တော်တို့ အိမ်က ထွက်လာကာစ လမ်းထိပ်လောက်ပဲ ရှိသေးတာ။ ကားရပ်ပြီးတော့ သူ ကျွန်တော့်ဘက် ခပ်တည်တည်နဲ့ လှည့်လာပြီး လက်ကလေး ဖြန့်တယ်။ လျှာရှည်မနေတော့ပါဘူး။ *Screen* နဲ့ *Key Pad* ကွဲသွားတဲ့ ကျွန်တော့် *Hand Set* ကိုပဲ ထုတ်ပြီး လက်ထဲ ထည့်ပေးလိုက်တယ်။ ကျွန်တော့် စိတ်ကူးက သူ့ကား လိုက်ပြင်ပေးပြီးမှ တစ်နေရာမှာ ဆင်းနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖုန်းသွားလဲမလို့။ ကျွန်တော့်ဖုန်း ယူပြီးတော့ ဘာမှ မပြောဘူး တံခါး ဖွင့်ပြီး ဆင်းသွားတယ်။ နောက် ကျွန်တော့်ဘက် လျှောက်လာပြီး ကျွန်တော့် ဘေးက တံခါးကို ဖွင့်ပြီးတော့

'ကားကို လင်းလွန်း မောင်းကြည့်ပေး'

ဘာလဲ ညာလဲ လျှောက်ပြောနေရင် အချိန်ကုန်ရုံပဲ ရှိမှာ။ မပြော တော့ဘူး။ နောက်ပြီး မောင်းကြည့်လိုက်မှ သူ့ကား ဘာဖြစ်နေတယ် ကျွန်တော် ဘယ်နေရာမျိုး သွားပြင်သင့်တယ် သိမှာ။ လူချင်း လဲပြီ ကျွန်တော်တို့ ပြန်မောင်းထွက်လာကြတယ်။ သူက ဘာမှ မပြောဘူး ဘေးမှာ ငြိမ်ထိုင်နေရင်း ကျွန်တော့် *Hand Set* ကို တစ်စစီ ဖြုတ်ကာ ပြီး ပါလာတယ်။ နည်းနည်း မောင်းကြည့်လိုက်တော့မှ သူ့ကားက ရှေ့ဒူးဆစ်တွေ ဆော်နေပြီး အောက်ပိုင်း နည်းနည်း ခါနေတာ သတိထား တယ်။ ဖြစ်မှာပေါ့။ ဂုန်းဒိုင်းကြ မောင်းထားတာကိုး။ နေ့တစ်ဝက်တော့ လုပ်တော့မှာ အဲဒါနဲ့

'ခင်ဗျား ကားက အောက်ပိုင်း လုပ်ရမယ် ထင်တယ်၊ ကြာလိမ့် မယ်၊ ဒီလို လုပ်ပါလား၊ ခင်ဗျား အိမ်မှာ ပြန်စောင့်နေလိုက်လေ၊ ပြင်ပြီးမှ ကျွန်တော် ပြန်လာပို့ပေးမယ်'

အမှန်က သူနဲ့ တူတူ မသွားချင်လို့ မဟုတ်ဘူး။ သူ ပါလာရင် ဝပ်ရှော့က ယောကျ်ားလေးတွေ သေချာပေါက် ဝိုင်းငမ်းကြမှာ ကျွန်တော် မကြိုက်လို့ ထားခဲ့ဖို့ ကြံတာ။

'ဟင့်အင်း လိုက်ခဲ့မယ်'

ပြီးတော့ ကျွန်တော့်ဘက်ကို သေချာ လှည့်ကြည့်ပြီး

'လင်းလွန်းက ကျုပ်နဲ့ တူတူ မသွားချင်လို့လား'

ဒီလောက် လှပြီး ချစ်စရာကောင်းတဲ့ ကောင်မလေးနဲ့ ဘယ်သူက တူတူ မသွားချင်ပဲ ရှိမှာလဲ။ နတ်သမီးနဲ့ မိတ်ဆွေ ဖြစ်ရတာ နည်းနည်း နောနော ကုသိုလ်မှ မဟုတ်တာ။ ကျွန်တော် ကမန်းကတန်း ပြန်ဖြေပါတယ်

'မဟုတ်ပါဘူး၊ သွားချင်ပါတယ်၊ ဝပ်ရှော့မှာက လူများ'

'တူတူ သွားချင်ရင် ပြီးရော၊ လိုက်ခဲ့မယ်'

ပြီးတော့ ပြုံးစိစိနဲ့ လှည့်ကြည့်ပြီး ထပ်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'စီးတော်ကျားကြီး ပါတာပဲ ဉစ္စာ' တဲ့။

အဲဒီနေ့က နေခင်းကြောင်တောင် လရောင်တွေ လင်းပြီး တစ်နေကုန် ခဲ့ပါတယ်။ ကားပြင်တာ စောင့်ကြရင်း၊ ထမင်း သွားစားကြရင်းနဲ့ အဲဒီ ကောင်မလေးနဲ့ ကျွန်တော် စကားတွေ အများကြီး ပြောဖြစ်ကြတယ်။ သူက သူ့ဘဝ အကြောင်း၊ သူနဲ့ ပတ်သက်ခဲ့တဲ့ လူတွေ အကြောင်း၊ တစ်ခါတလေ ထင်ရာ လျှောက်သွား လျှောက်လုပ်တတ်တဲ့ သူ့အကျင့်လေး တွေ အကြောင်း၊ သူ့အလုပ်နဲ့ ပတ်သက်တဲ့ အကြောင်းတွေ ပြောပြတယ်။ ကျွန်တော်ကလည်း ကျွန်တော့် ဘဝနဲ့ လူတွေ အကြောင်း၊ စိတ်ဝင်စားတာ တစ်ခုကို သဲကြီးမဲကြီး လုပ်တတ်တဲ့ ဉာဉ်အကြောင်း၊ ကျွန်တော့် အလုပ် နဲ့ လူတွေ အကြောင်း ပြောပြရတယ်။

ကျွန်တော် မသိတဲ့ ဩစတြေးလျ အကြောင်းနဲ့ မြောက်မြားစွာသော ဒီရွှာန်တွေ အကြောင်း သူ့ကို မေးရတယ်။ သူကလည်း မြန်မာမလေး ပေမဲ့ သူနဲ့ သိပ် မရင်းနှီးခဲ့ရတဲ့ မြန်မာပြည်က ဒေသတွေ အကြောင်း ၃၇ မင်း အပါအဝင် မိရိုးဖလာ ရိုးရာ ကိုးကွယ် ယုံကြည်မှုတွေ ကြောင်း စစ်စစ်ပေါက်ပေါက် မေးတယ်။

သူက ဩစတြေးလျက သားပိုက်ကောင်တွေ အများကြီး အကြောင်း ပြောပြတယ်။ ကျွန်တော်က မြန်မာပြည်က ကျွန်တော့် အသိမိတ်ဆွေ ငယ်ချင်း အများကြီးရဲ့ အကြောင်းတွေ ပြောပြရတယ်။

တစ်ခါတလေ စကားက အပြန်အလှန် ပြောလို့ မရတဲ့ အကြောင်း ဆီကိုလည်း ရောက်သွားတယ်။ သူက သူ့အဖေ အကြောင်း အားရပါးရ ပြောပြတယ်။ ဒါပေမဲ့ မိဘတွေ အကြောင်း ပြန်ပြောစရာ ကျွန်တော့်မှာ ဘာမှ မရှိဘူး။ သူ ပြောပြသမျှကိုပဲ အားကျ နားထောင်ရတယ်။ အဲဒီလို အချိန်မျိုးမှာ ကောင်မလေးရဲ့ မျက်ဝန်း နက်နက်တွေမှာ ကျွန်တော့်ကို ရာသက်တဲ့ အရိပ် တစ်ခါ နှစ်ခါ တွေ့ရတတ်တယ်။

ကျွန်တော်နဲ့ သူနဲ့ ပုံစံတူတဲ့ ခံယူချက်၊ အမြင်၊ အကျင့် စရိုက် တွေကို ရှာဖွေ တွေ့ရှိကြတယ်။

ကျွန်တော်နဲ့ သူနဲ့ အကြိုက်တူတတ်မယ့် ရုပ်ရှင်၊ သီချင်း၊ စာအုပ်။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာတွေကို လိုက်ရှာကြတယ်။

ကျွန်တော် သူ့ဆီက ဖိနပ် တစ်ရန်နဲ့ *Hand Set* တစ်လုံး လ
ဆောင် ရတယ်။

သူ ကျွန်တော့်ဆီက ဂစ်တာ တစ်လက်၊ စာအုပ်တွေနဲ့ သူ စိတ်
စားတဲ့ ကျွန်တော် လုပ်လက်စ ဂဏန်း ဗေဒင်နဲ့ ပတ်သက်တဲ့ *Sof-
ware Program* တစ်ပိုင်းတစ်စကို လက်ဆောင် ရတယ်။

အဲဒီနေ့က ...

ရန်ကုန်မြို့နဲ့ အနီး တစ်ဝိုက်တွင် သာယာပါတယ်ရှင် ဆို
မိုးလေဝသ ကြေညာချက်ကို ကျွန်တော်တို့ နှစ်ယောက်လုံး သဘောတူ
ကြတယ်။

တစ်ခုတော့ ရှိတယ်။

အဲဒီ ကောင်မလေးဟာ ဘာကြောင့် ဒီလောက်တောင် လှပ
ထက်မြက်နေရတာလဲ ဆိုတာ သူ့ကိုယ်သူ မသိဘူး။

ကျွန်တော်ကလည်း ...

သူနဲ့ တူတူ ရှိနေတဲ့ အချိန်တွေမှာ ဘာကြောင့် ဒီလောက်တော
စိတ်ချမ်းသာနေရတာလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် မသိခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

လူတွေ ကြားထဲမှာ အတူတူ လှည့်ပတ် သွားလာနေကြရင်းနဲ့ နတ်သမီးလေးနဲ့ သူ့ မျောက်ဟာ တစ်ဦးကို တစ်ဦး ပိုရင်းနှီးလာကြတယ်။ လူတွေ အကြောင်းကို နည်းနည်း ပိုသိလာတော့ နတ်သမီးလေးဟာ လူတွေ ထက် အများကြီး ပိုပြီး ယုံကြည် စိတ်ချလို့ ရတဲ့ မျောက်ကိုပဲ နည်းနည်း ပိုအားကိုးမိတာပေါ့။ နတ်သမီးလေးနဲ့ တူတူ နေရတာ သူ့အတွက် သိပ် သက်သာလှပေမဲ့ မျောက်ကလည်း သိပ်ပျော်နေတာပဲတဲ့။ အချိန်ကြာလာ တော့ မျောက်ဟာ စိတ္တဇ တစ်ခု စွဲကပ်လာတယ်။

သခင်ကို အသက်လောက် ခင်တွယ်တတ်တဲ့ တိရစ္ဆာန်တွေရဲ့ သဘာဝ အတိုင်း မျောက်ဟာ သူ့သခင်မ နတ်သမီးလေးကို မျက်စိ အောက်က အပျောက်မခံနိုင်လောက်အောင် ဖြစ်လာတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

'ကျုပ်လို ရပ်ကြည့်နေကြတာ အများကြီးကို၊ ဘာလို့ ကျုပ်ကိုကျမှ သူတို့က ခေါ်ချင်ကြတာလဲ'

'သူတို့က ဒီလိုပဲ၊ တစ်ခါတလေ ပရိသတ်ထဲက လိပ်ပြာ လှတယ်လို့ သူတို့ ယူဆတဲ့လူ တွေ့ရင် ခေါ်ပြီး ကန်တော့ခိုင်းတာမျိုးတွေ ရှိတတ်တာပဲ၊ တချို့ကျတော့လည်း ပရိသတ် ရှိန်အောင်၊ ကနားပေးတဲ့ ပိုင်ရှင်အားရအောင် ဒါမျိုးတွေ ထ ထလုပ်တတ်တယ်'

သူ့ ဆေးခန်းမှာပါ။ ဟိုနေ့က နတ်ပွဲ အကြောင်း လက်ထောက်ကောင်မလေး သွယ်သွယ့်ကို သူ ပြန်ပြောပြနေရင်းက ကျွန်တော့်ကို လှည့်မေးလို့ ပြန်ဖြေရတာ။ အခုတလော သူ ဆေးခန်း ထိုင်ရင် ပျင်းလို့ ဆိုပြီး ကျွန်တော့်ကို ဖုန်းဆက်ဆက် ခေါ်တယ်။ ကျွန်တော်ကလည်း ဘာကိစ္စ ရှိနေနေ သူခေါ်ရင် သွားတာပဲ။ အခုလည်း ဆေးခန်းမှာ ဘယ်သူမှ မရှိတုန်း ကျွန်တော် ရောက်သွားလို့ သုံးယောက် စကား ထိုင်ပြောနေကြတာ။ သွယ်သွယ်က ကျွန်တော့်ကို မေးတယ်။

'နတ်ကတော်ကြီးက ကိုလင်းလွန်းကို အရက်ပုလင်းနဲ့ ရိုက်မလို့ဆို'

သူကလည်း မေးပြော ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'လူတွေ အများကြီး ရှေ့မှာ လင်းလွန်းကို သူ အဲလို လုပ်လို့ ဘယ်ရမလဲ၊ ကျုန်တဲ့ လူတွေက မတရား လုပ်ရင် ဘယ်ငြိမ်နေမလဲ'

'မထင်နဲ့ ခင်ဗျ၊ ကြည့်နေတဲ့ လူတွေရော၊ အိမ်ရှင်ရောက နတ်ပူး နေတာလား၊ တကယ် လုပ်တာလား ဝေခွဲနိုင်ဖို့ ရုတ်တရက်ကျ တွေဝေ နေတတ်ကြတယ်၊ သူ ဆော်လိုက်လို့ ကျွန်တော် တကယ် ကွဲသွားရင်တောင် နတ်ကျားမို့လို့ အရက် ဆက်တာ တကယ် နတ်ဝင်တာ မဟုတ်လို့ ခေါင်း ကွဲပြီ၊ သူတို့ကို နှောင့်ယှက်တယ် ဘာညာနဲ့တောင် ထပ်ပြီး အရပ်နဲ့ လှည့်တိုက်ပေးဦးမှာ၊ အုန်းသီးနဲ့ ထုတုန်းကတောင် ဘယ်သူက ဘာဝင် လုပ်လို့လဲ'

သွယ်သွယ်က ရယ်ပြီး ပြောတယ်။

'မမ ပြောပြတယ်၊ ကိုလင်းလွန်းက *underground* ကတဲ့ အကွက်နဲ့ ကန့်ထည့်လိုက်တာ ပုလင်းလည်းကွဲ၊ နတ်ကတော်ကြီးလည်း လန့်သွားတယ်ဆို၊ ခစ် … ခစ်၊ ကိုလင်းလွန်းက ကလည်း ကတတ်တာ ပဲလား'

'မကတတ်ပါဘူး၊ ဒါပေမဲ့ ကတတ်တဲ့ သူငယ်ချင်းတွေ ရှိတယ် လေ၊ သူတို့ သင်ပေးလို့ သုံးလေးကွက် လိုက်လုပ်ကြည့်ဖူးတာပဲ ရှိတာ'

'နောက်တစ်ယောက်က ဘာလို့ ဝင်လာတာလဲ'

'နတ်ပွဲနဲ့ လိုက်တဲ့ လူတွေက *underground* ကတာတွေ ဘာတွေ မသိဘူး ထင်တယ်၊ ကျွန်တော် သူတို့ နတ်ကတော်ကြီးကို ချတယ် မှတ်လို့ ဝင်လုပ်တာ'

မေမွန်က သေချာ ဝင်မေးတယ်။

'သူတို့က နတ် တကယ် ပူးနေတာလား'

ကျွန်တော်လည်း အသေအချာပဲ ဖြေလိုက်တယ်။

'လုံးဝ မပူးဘူး'

'လင်းလွန်းက ဘယ်လိုလုပ် သိလဲ'

'အဲ …'

ကျွန်တော် နည်းနည်း ဖြေရ ကျပ်သွားတယ်။ ဒါမျိုးက ပွဲတော် တော် များများ လိုက်ကြည့်ဖူးတဲ့ အတွေ့အကြုံ ရှိမှ သိတာမျိုး။ အဲ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောလိုက်ပြန်လည်း ကျေးဇူးရှင်မလေးက နတ်ပွဲတွေ ကြည့်ချင်တယ် လိုက်ပို့ပေးဆို ဒုက္ခ။ သူနဲ့ နတ်ပွဲတွေသာ လျှောက်ကြည့်ရရင် ကျွန်တော် လည်း စီးတော်ကျား ဖြစ်လိုက် စီးတော်ကြောင် ဖြစ်လိုက်နဲ့ လွယ်မှာ မဟုတ်ဘူး။ အဲဒါကြောင့်

'အဲဒါက အများကြီး ရှင်းပြရမှာတွေ ရှိတယ်ဗျ၊ နောက် အချိန်ယူ ပြီး လေ့လာကြည့်မှ သိမှာ၊ ကျွန်တော်လည်း တော်တော်များများ ကြည့်ပြီး သူတို့ တောင်ပြုန်းပွဲ အထိ သွား ...'

သေစမ်းကွာ။ စကားမှားသွားပြီ။ ကျွန်တော် သတိထားပြီး ပြောရ မှာပါ ဆိုမှ။ ထင်တဲ့ အတိုင်းပဲ ဒေါ်ရွှေမေမွန်က

'တောင်ပြုန်းပွဲက ဘာလဲ'

'နှစ်တိုင်း ကျင်းပကြတဲ့ အထင်ကရ နတ်ပွဲကြီး တစ်ခုပေါ့'

အနားကို ချက်ချင်း ရောက်လာတယ်။ ပြီးတော့ ...

'လင်းလွန်း ကျူပ် ကြည့်ချင်တယ်'

မျက်လုံးဝိုင်းကြီးတွေနဲ့ ကလေးလို ပူဆာရော။ ကဲ မင်းပါးစပ် ဆော့တာ မင်း ရှင်းစမ်း။

'ကြည့်ချင်တိုင်း ကြည့်လို့ မရဘူးဗျ၊ သူတို့ ကျင်းပတဲ့ အချိန် ရောက်မှ အဝေးကြီး သွားကြည့်ရတာ'

'ပွဲအချိန်က ဘယ်တော့လဲ၊ ဝေးလည်း သွားကြည့်ကြမယ်လေ၊ ဒယ်ဒီကို ပြောလိုက်မယ်၊ လင်းလွန်း လိုက်ပို့ပေး၊ အရမ်း စိတ်ဝင်စားဖို့ ကောင်းတယ် မဟုတ်လား'

'အဲ ...'

သူ့ကို လိမ်လည်း မလိမ်ချင်ဘူး။ တောင်ပြုန်းပွဲကလည်း သိတဲ့ အတိုင်း ...။ သူနဲ့သာ သွားလို့ကတော့။ အဲဒါကြောင့်

'ဒီလိုဗျ၊ အဲဒီ ပွဲက စိတ်ဝင်စားဖို့ ကောင်းတာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ တကယ် ယုံကြည် ကိုးကွယ်မှ သွားသင့်တာ၊ ခင်ဗျားက နတ်ကိုး ကွယ်လို့လား၊ ကိုးကွယ်ဖို့ မပြောနဲ့ ဘာနတ်တွေ ရှိမှန်းတောင် မသိဘဲ'

'လင်းလွန်းကရော ကိုးကွယ်လို့လား'

'မကိုးကွယ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဘာလို့ သွားလဲ'

'ကျွန်တော်က ကိုယ့်ဝသီနဲ့ ကိုယ် သေချာ သိချင်လို့ သွားလေ့လာတာ'

'ကျုပ်လည်း လေ့လာချင်လို့ပေါ့'

'မဟုတ်ဘူးလေ၊ ကျွန်တော်က ယောကျ်ားလေး ဆိုတော့'

'ဘာလဲ မိန်းကလေး မသွားကောင်းဘူးလား'

'သွားကောင်းပါတယ်၊ ဒါပေမဲ့ အဲဒီမှာ မိန်းမလျာတွေချည်းပဲဗျ'

'ဘာဖြစ်လို့လဲ'

'အာ ခင်ဗျားကလည်း၊ *Gay* တွေ အများကြီး ရှိတဲ့ နေရာ နောက်ပြီး ဟာဗျာ မကောင်းပါဘူး'

'ဘာမကောင်းတာလဲ၊ လင်းလွန်းလည်း လိုက်ခဲ့မှာပဲဟာ'

'မဟုတ်သေးဘူးဗျ၊ အတ္တာဗျာ၊ ဟိုဒင်းတွေက ဟိုဟာပြုကြတာ တော်တော် ဟိုဒင်း ဖြစ်တယ်ဗျ'

'ဘာတွေ ပြောနေတာလဲ လင်းလွန်း၊ ... ဘာလဲ ... ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲ ဆိုတော့ ဟိုဗျာ ...'

အတွေးထဲမှာ ခဏ ခဏ ရောက်ဖူးနေတဲ့ မြင်ကွင်းတွေကို မြင်လာတယ်။ မကောင်းဘူး။ ဒီကောင်မလေးနဲ့ သွားလို့ ရမှာကို မဟုတ်ဘူး။ အဲဒါနဲ့ ....

'ပြောရရင် မကောင်းဘူးဗျာ၊ မသွားပါနဲ့'

တော်ပါသေးတယ်။ သူ ကျွန်တော့်ကို စစ်စစ်ပေါက်ပေါက် မေးတော့မလို့ ဟန်ပြင်လိုက်တုန်း ဆေးခန်းရှေ့ကို ဝေါခနဲ *Mitsubishi Extra Cab* ကြီး တစ်စီး လာရပ်တယ်။ လူနာ လာပြီ။ ကျွန်တော်လည်း အခုမှ အသက်ရှူ ချောင်သွားတယ်။ သူနဲ့ သွယ်သွယ်လည်း အာရုံ ပြောင်းသွားပြီး လာရပ်တဲ့ ကားကို ကြည့်နေကြတယ်။

ကားတံခါး ပွင့်တယ်။ ခြေထောက် တစ်ဖက် အရင် ထွက်လာတယ်။ ရှူးဖိနပ် အဖြူရောင် ထိပ်ပြားကြီး စွပ်လို့။ ဘောင်းဘီက အမည်းနဲ့။ ရုတ်တရက် ကျွန်တော် ငှက်ကုလားအုတ် ခြေထောက်ကြီး မှတ်လို့။ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ။ လူထွက်လာတယ်။ အလို ...

ဒီလောက် ပူတဲ့ ရာသီမှာ မော်တော်ဆိုင်ကယ် ပြိုင်ပွဲတွေမှာ စီးတဲ့ လူတွေ ဝတ်တတ်တဲ့ ဂျက်ကက် အနီကြားကြီး ဝတ်လို့။ ခါးကို ကြည့်ရင် ရုတ်တရက် ဘာကြီးမှန်း မသိရဘူး။ သေချာ ကြည့်မှ အချွန် အချွန် *Rapid* တွေ အများကြီး ရိုက်ထားတဲ့ ခါးပတ် အပြားကြီး ရှည်ကျနေတာ။ ပြောင်ပြောင် ပြောင်ပြောင်နဲ့။ မျက်နှာကို မော့ကြည့်လိုက်တော့ ....

ဟိုက်ရှားပါး။ တစ်ခေါင်းလုံးမှာ နီကြောင်ကြောင် အမွေးတွေကို အပေါ်ကို ထောင်လို့။ တော်တော် အိုက်နေတဲ့ပုံ ရတယ်။ မျက်နှာကြီးလည်း နီလို့။ မျက်မှန် အမည်းကြီး တပ်ထားတဲ့ ငနဲ တစ်ပွေ။ ခပ်ငယ်ငယ်။

ဆေးခန်းဘက်ကို ခပ်တည်တည် တစ်ချက် ကြည့်တယ်။ ဝခုံး နှစ်ဖက်ကို တစ်ချက် နှစ်ချက် မြှောက်ကြွ မြှောက်ကြွ လုပ်တယ်။ ပြီး သူ့ကားဘက် ပြန်လှည့်လို့ ကားထဲက တစ်ခုခုကို အတင်း ဆွဲထုတ်နေတယ်။ ကုန်းကုန်းကွကွနဲ့။ ကားထဲက အီအီ အိုင်အိုင် အသံတွေလည်း ကြားရတယ်။ သေချာတော့ မမြင်ရဘူး။ ကျွန်တော်၊ မေမွန်နဲ့ သွယ်သွယ် သုံးယောက်သား တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မိကြတယ်။ ဒီလူ ဘာကောင်ကြီး ဆေးခန်း လာပြတာလည်း မသိဘူး။ ပုံစံ ကြည့်ရတာ သိပ်မှုမမှန်ဘူး။

ဟိုလူ သူ့ကားထဲက ဟာကို ဝုန်းခနဲ ဆွဲထုတ်လိုက်တယ်။ အကောင် တစ်ကောင် သူ့ရင်ဘတ်ထဲ ပိုက်လျက်ကြီး ပါလာတယ်။ အကောင်ရဲ့ အလေးချိန်နဲ့ သူ ယက်ကန်ယက်ကန် ဖြစ်သွားတယ်။ ကိုယ်ဟန်ကို ထိန်းလိုက်ပြီး ဆေးခန်းဘက် လျှောက်လာတယ်။ မျက်နှာက မျက်မှန်မည်းကြီးက စောင်းလို့။ သူ ပိုက်လာတာက ...

ဟင် ... ခွေးကြီးပါလား။ ခွေးမှ မြန်မာ ဝဲစား စစ်စစ် အဖြူ အနက်ကျားကြီး။ သူ့သခင်ရဲ့ မော်တော်ဆိုင်ကယ် ဂျက်ကက် ကော်လံကြီး ခဲလို့။ ခွေးမှန်း သိတော့ မေမွန်က ဆေးခန်း နောက်ဘက်ခန်းထဲ ဝင်သွားတယ်။ ကျွန်တော်လည်း ခွေး သေချာတော့မှ သက်ပြင်း ချနိုင် ရတယ်။ ဒီလူ ဖြစ်နေပုံက ကားထဲမှာ လူဝံပဲ ဖမ်းထည့်လာသလိုလို၊ မိကျောင်းပဲ ဆွဲချလာသလိုလို။ သူ့ပုံစံနဲ့ သူ့ခွေး မြင်တော့ သွယ်သွယ်



www.burmeseclassic.com

www.burmeseclassic.com



က မနေနိုင်ဘဲ ခိခနဲ တစ်ချက် ရယ်တယ်။

ဆေးခန်းထဲ ရောက်လာတယ်။ ခပ်တည်တည်ပဲ။ ကျွန်တော့်ကို ကြည့်ပြီးတော့

'မောင်ရင်က ဒေါက်တာလား'

ပါးစပ်က ဘီယာနံ့ ထောင်းခနဲ ရလိုက်တယ်။ ကျွန်တော် ဘာမှ ပြန်မပြောရသေးခင် ဆက်ပြီး

'ကိုယ့်ကောင် နည်းနည်း မူးလာလို့ကွာ တစ်ချက် ကြည့်စမ်းပါဦး'

'ဗျာ'

လောကကြီးမှာ ကျွန်တော် နားမလည်တဲ့ ကိစ္စတွေ အများကြီး ရှိပါသေးလား။ သူ ဘာပြောတာလဲ ကျွန်တော် မသိလိုက်ဘူး။ သူက ကျွန်တော့်ကို အထင်သေးတဲ့ မျက်နှာပေးမျိုးနဲ့ တစ်ချက် ကြည့်ပြီး

'မောင်ရင်က *service* နုသေးတယ် ထင်တယ်၊ ကိုယ် ပြောတာ ရှင်းသား မသိဘူး၊ ကိုယ့် ဒယ်မေးလရှင်းကြီး ဘီယာ သောက်တာ နည်းနည်း များသွားလို့ မူးနေတယ်လေ၊ အဲဒါ နည်းနည်း ကြည့်ပေးစမ်းပါ၊ မောင်ရင် မသိသေးရင် မှတ်ထား၊ ဒီလို ဒယ်မေးလရှင်း ခွေးမျိုးက ဒီရာသီမှာ ဘီယာ တိုက် တိုက်ပေးရတယ်၊ ကျန်းမာရေး ကောင်းအောင်'

သူ ရှင်းပြမှ ပိုဆိုးသွားတော့တယ်။ သူ ပိုက်ထားတဲ့ 'ဒယ်မေးလရှင်း' ဆိုတဲ့ ဟာကြီး သေချာ ပြန်ကြည့်ရတယ်။ မဟုတ်ပါဘူး။ မြန်မာ ဝဲစားမှ မြန်မာ ဝဲစား အစစ်ကြီးပါ။ နှာသီးဖျားက အမြီးဖျားထိ ဘယ်နေရာမှ သူ ပြောတဲ့ 'ဒယ်မေးလရှင်း' နဲ့ မတူဘူး။ အမယ်။ ခွေးက မူးနေတယ် ဆိုတာတော့ ဖြစ်နိုင်သား။ ကျွန်တော် ကြည့်နေတုန်းပဲ အော့ခနဲ ကြို့ထိုး နေသေး။

ကျွန်တော်နဲ့ သူနဲ့ ဖြစ်နေတဲ့ ဟာကို ရယ်ချင်လွန်းလို့ အတင်း အောင့်ထားတဲ့ သွယ်သွယ့် မျက်နှာက နီရဲနေတာပဲ။ နောက်ဆုံး မနေနိုင်တော့ လို့ ဆေးတွေ ထားတဲ့ ဗီရိုဘက် ထွက်သွားတယ်။ ငနဲက သတိမထားမိ ဘူး။ ကျွန်တော့်ကို ဆက်ပြောနေတယ်။

'ကိုယ်က ခွေးဆို သားသမီးလိုကို ချစ်တာ၊ အတူအိပ် အတူစား အရမ်း ယုယထားတာ ဒီဒယ်မေးလရှင်းကြီး ဆိုလည်း ...'



www.burmeseclassic.com

www.burmeseclassic.com



'ဂိန်'

'ဟဲ့'

ကျွန်တော် လန့်သွားတယ်။ ပြောနေရင်း တန်းလန်းက ရပ်သွားပြီး ဝိုက်ထားတဲ့ ခွေးကြီးကိုလည်း ကြမ်းပေါ် လွှတ်ချလိုက်တယ်။ ကြည့်တော့ လူကလည်း တောင့်တောင့်ကြီး။ ပါးစပ်ကြီးက ဟောင်းလောင်း ပွင့်လို့။ သူ ကြည့်နေတဲ့ နေရာ ကျွန်တော် လိုက်ကြည့်တော့ နောက်ခန်းထဲက ပြန်ထွက်လာတဲ့ မေမွှန်။ ကျွန်တော့် နတ်သမီးလေးကလည်း အံ့သြပြီး အဲဒီ ငနဲကို ကြောင်ကြည့်နေတယ်။ ငနဲက ခေါ်တော့ တစ်သန်းအားနဲ့ ငမ်းနေတာများ ကြက်သေ ဘဲသေ သေလို့။ သူ အခုတင် အရမ်း ယုယ ပါတယ် ပြောထားတဲ့ မြန်မာ ဒယ်မေးလရှင်းကြီး ခမျာမှာတော့ သူ့သခင် ငမ်းကြောထမှုနဲ့ ကြမ်းပေါ်ကို ခွေးပီပီ ခွေးကျ ကျပြီး မထနိုင်ရှာဘူး။ ပြီးတော့ ဟိုလူ ဘီယာတွေ ဘယ်လောက်တောင် စွတ်တိုက်ထားတယ် မသိ။ နှုတ်သီးနဲ့ မြေကြီး စိုက်လို့။

ပထမဆုံး သတိဝင်လာတာ မေမွှန်။

ရယ်ချင်တာကို ထိန်းထားတဲ့ မျက်နှာနဲ့ ဟိုလူနဲ့ ခွေးနား သွားပြီး

'အရင် ဒီမှာ လာပြဖူးလား'

'မပြူးဖြူးဖြူး'

ငနဲဆီက လည်မျို အလုံးဆို့နေတဲ့ ဝမ်းခေါင်းသံကြီး ဗလုံးဗထွေး ထွက်လာတယ်။ စကားလည်း မပီဘူး။ မျက်လုံးကတော့ မေမွှန် မျက်နှာက မခွာဘူး။ လူက တောင့်တောင့်ကြီး။ သူ ဒီနေရာကို ဘာလာလုပ်တာလဲ တောင် မေ့နေတဲ့ပုံ။ ကျွန်တော် မနေနိုင်တော့ဘူး။ ကြားဝင်လိုက်တယ်။ သူ့ပခုံးကို ခပ်ဆတ်ဆတ် ပုတ်ပြီးတော့

'ဟေ့လူ'

'ဟင် ဟင် ကန်တော့ပါသေးရဲ့'

တော်တော် အလူးအလွန်း ရက်ရောပုံ ရတယ်။ ယောင်တာတောင် ကန်တော့ပါသေးရဲ့တဲ့။ ကျွန်တော် အမြင်ကတ်ကတ်နဲ့ပဲ

'ဟေ့လူ ... ဘာတွေ လျှောက်ပြောနေတာလဲ၊ ခင်ဗျား ဒယ်မေး လရှင်းကြီးကို အရင် ဒီမှာ လာပြဖူးလားလို့ မေးတာ'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ မေမွန့် မျက်နှာက သူ့အကြည့် ခွာပြီး သူ့ခေါင်းကြ
ကျွန်တော့်ဘက်ကို ဖြည်းဖြည်းချင်း လှည့်လာတယ်။ တွေတွေကြီး ကြည့်
နေပြီးမှ ခေါင်းကို ဖြည်းဖြည်းချင်း ခါပြတယ်။ ပါးစပ်ကလည်း မသဲမကွဲ

'ဟင့် … အင်း …'

'အဲဒါဆို ခင်ဗျား စာအုပ် အသစ် လုပ်ရမယ်၊ သွယ်သွယ် အစ်ကို
ကို စာအုပ် အသစ် တစ်အုပ်နဲ့ ဘောလ်ပင် ယူလာပေး'

မိသွယ်က ခေါင်းကြီး အတင်း ငုံ့ပြီး တခွီးခွီး ရယ်သံ ထွက်နေတာ
ကို အောင့်ရင်းနဲ့ ယူလာပေးတယ်။ မေမွန့်ကို ကြည့်တော့ ကြမ်းပေါ်
ကျနေတဲ့ ခွေးကြီးနားမှာ ငုတ်တုတ်လေး ထိုင်လို့ ခေါင်းငုံ့ထားတယ်။
ကျောကုန်းလေးကလည်း တသိမ့်သိမ့်နဲ့။ မဖြစ်တော့ဘူး။ ကျွန်တော်တို့
သုံးယောက်လုံးမှာ မျက်နှာပိုး အသတ်နိုင်ဆုံးက ကျွန်တော်ပဲ ကျန်တော့
တယ်။ အဲဒါနဲ့ မေမွန့်ကို လှမ်းပြီး

'ဟိုကောင်မလေး … ခဏနေဦး၊ *Patient* ကို ဆရာပဲ ခံပေါ်
ရှေ့လိုက်မယ်၊ သွားမကိုင်နဲ့၊ ဒါ *Abnormal Case*'

ပြောရင်းနဲ့ ကျွန်တော်ပါ ရယ်ချင်လာလို့ မျက်နှာ တစ်ချက် လွှဲ
လိုက်ရတယ်။ ဟုတ်တယ်လေ။ ဒါမျိုးက *normal* မှ မဟုတ်တာ။ ရှား
ကြောင်ကြောင် *case* ပဲ။ ပြီးမှ ကျွန်တော် လုပ်သမျှကို ငေးငေးငိုင်ငိုင်
လိုက်ကြည့်နေတဲ့ မျက်နှာမှာ မျက်မှန် အနက် တစောင်းကြီး တပ်လျက်နဲ့
ဟိုအတောင့်လိုက် လူကို မျက်နှာချင်းဆိုင် ရတယ်။ စာအုပ်လှန် ဘောလ်ပင်
ဖွင့်ပြီး

'ဟော့လူ … နာမည်ပြော'

'အာ … ကာ …'

'အေး ဟုတ်ပြီ၊ အာကာ … ဟာ … ခင်ဗျား နာမည် မဟုတ်ဘူး၊
ခွေးနာမည် ဒယ်မေးလရှင်းရဲ့ နာမည်ပြော'

'ကော် … ဖီ …'

'ကော်ဖီ … ဟုတ်လား၊ ကော်ဖီနော်၊ ခင်ဗျား အသည်းကျော်
ဒယ်မေးလရှင်း နာမည်က ကော်ဖီနော်၊ လက်ဖက်ရည်တို့ အိုဗာတင်းတို့
မဟုတ်ဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း'

ကောင်မလေး နှစ်ယောက်ဆီက ခွီးခနဲ ရယ်သံ ထွက်လာပြန်တယ်။ ဒီလူ ကောင်းကောင်း သတိလည်ပုံ မရသေးဘူး။ ဆေးခတ်ခံထားရတဲ့ လူလို နေရာမှာပဲ မတ်တတ်ကြီးနဲ့ ငုတ်တုတ်လေး တလှုပ်လှုပ် ဖြစ်နေတဲ့ မေမွန့်ကို ကြည့်ပြီး ကျွန်တော် မေးသမျှ တစ်လုံးချင်း ဖြေနေတယ်။

'ကောင်းပြီ၊ ကိုအာကာ၊ ခင်ဗျားနဲ့ ခင်ဗျားခွေး ဘာဖြစ်လာကြလဲ'

'ဟင်'

'ကျွန်တော် မေးတယ်၊ တခြား လူကို မေးတာ မဟုတ်ဘူး၊ ခင်ဗျား ကို မေးတာ၊ သိတယ်နော်'

'အင်း ...'

'ခင်ဗျား ခွေးနဲ့ ခင်ဗျား ဘာဖြစ်လာကြသလဲ'

'မူးလာတာ'

'ဟုတ်ပြီ၊ ကျွန်တော် ဆေးပေးလိုက်မယ်၊ ခွေးသောက်မှာနော်၊ ခင်ဗျား မသောက်ရဘူး၊ ပြောစမ်း ... ဘာဖြစ်တယ်'

'ခွေး ... သောက် ... မှာ'

'အေး ဟုတ်ပြီ၊ လိမ္မာတယ်၊ ထပ်ပြောပါဦး...ဘယ်သူ သောက်မှာ'

'ခွေး ... သောက် ... မှာ'

ကောင်မလေးတွေ ခွီးခနဲ အသံထွက်လာပြန်တယ်။

ကျွန်တော့် ဘကြီး ပြောတာ ကျွန်တော် သတိရတယ်။ တချို့ လူတွေဟာ တစ်ခုခု ထိတ်လန့်စရာ၊ အံ့သြစရာ ရုတ်တရက် တွေ့ရင် *shock* ဖြစ်ပြီး အကြာကြီး ငိုင်နေတတ်တယ်တဲ့၊ အခု ဒီလူလည်း မေမွန့်ကို ရုတ်တရက် တွေ့လိုက်လို့ လှတာကို အံ့သြပြီး *shock* ဖြစ်တာ ဖြစ်မှာ၊ မူးကလည်း မူးလာတာကိုး။

ကျွန်တော် နည်းနည်း စပ်စုထားလို့ သိထားတဲ့ ခွေးအားဆေး တစ်မျိုးကို မြန်မြန်ယူ ပုလင်းလွတ် တစ်လုံးထဲ ထည့်ပြီး ဟိုလူ့အိတ်ထဲ ထည့်ပေးလိုက်တယ်။ ခွေးကြီးကလည်း ဘာမှ ဖြစ်တာ မဟုတ်ပါဘူး၊ သခင်က အတင်း တိုက်တဲ့ ဘီယာတွေ သောက်ပြီး မူးနေတာပါ။ ကျွန်တော် ပဲ ပွေ့ချီပြီး သူ့သခင် ကားပေါ် တင်ပေးလိုက်တယ်။ ဟိုလူကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အတင်း ပခုံးတွေ ဘာတွေ ပုတ်ပြလိုက်တော့မှ သတိလည်လာပြီး ကျွန်တော်ကို တောင်းတောင်းပန်ပန်နဲ့။ ပြီးတော့ ရှက်ရှက်နဲ့ ပြန်သွားတယ်။ ပိုက်ဆံလည်း ပေးမသွားဘူး။ တောင်းလည်း မနေတော့ပါဘူး။ သူ ပြန်တော့ ဆေးခန်းထဲမှာ မေမွန်ရော သွယ်သွယ်ရော မရှိကြတော့ဘူး။ မနေနိုင်အောင် ရယ်ချင်လွန်းလို့ နောက်ဖေးခန်းဘက် သွားရှောင်နေကြပြီ။

အဲဒီလူ ပြန်သွားတော့ သူတို့မှာ ရယ်လိုက်တာ။

မေမွန်က ရယ်ရင်း ပြောတယ်။

'လောကကြီးမှာ အဲဒီလို လူမျိုး ရှိသေးလား'

'လင်းလွန်း ရှင်သာ ရှိမနေရင် ကျုပ်တို့တော့ …' ဆိုပြီး ဆက်ရယ်နေတယ်။

ကျွန်တော်ကတော့ ဟိုလူကို ကျေးဇူးတောင် တင်မိသေး။

ဘာဖြစ်လို့လဲ ဆိုတော့ …

နတ်သမီးက ကျွန်တော့် ပခုံးကို ပုတ်ပုတ်ပြီး ရယ်နေလိုက်တာ။

တကယ်ပါ …

**ကျွန်တော် အဲဒီ အချိန်မှာ ရင်တွေ ခုန်နေတယ်။**

ညကျတော့ အိပ်မက် မက်တယ်။

နတ်သမီးရယ်၊ ကျွန်တော်ရယ်၊ ဒယ်မေးလရှင်း မြန်မာ ဝဲစားခွေးကြီးရယ် ကမ်းခြေ တစ်ခုမှာ ပြေးကြလွှားကြနဲ့ ပျော်လို့ …

ဟို ငှက်ကုလားအုတ် ထိပ်နီနဲ့ တူတဲ့ အာကာ ဆိုတဲ့ လူက မှုန်မှုန်နဲ့ ဘီယာ ပင်လယ်ကြီးထဲမှာ နစ်လို့ …



www.burmeseclassic.com

www.burmeseclassic.com

တိမ်တွေဟာ တရွေ့ရွေ့ သွားနေကြတယ်။

လူတွေဟာလည်း ကိုယ်နဲ့ ဆိုင်ရာ ဘဝတွေမှာ တရွေ့ရွေ့နဲ့ တစ်ရက်ပြီး တစ်ရက် ဖြတ်သန်း သွားနေကြတာပါပဲ။

တချို့ ရက်တွေမှာ ကောင်းတာတွေ လုပ်ဖြစ်ခဲ့ကြမယ်။

တချို့ ရက်တွေကျတော့ သိပ်မကောင်းတာတွေ လုပ်မိချင် လုပ်မိခဲ့ကြမှာပေါ့။

တချို့ လူတွေဟာ သူတို့ ဘဝ ခိုင်မာ မြင့်မားလာအောင် တစ်ရက်ချင်း တစ်ရက်ချင်း တည်ဆောက်သွားကြတယ်။

တချို့ လူတွေကျတော့ မျှော်လင့်ချက် အကြီးကြီးတွေ၊ စကားလုံး အကြီးကြီးတွေနဲ့ အဝေးကြီးက မရောက်လာသေးတဲ့ အခွင့်အရေး တစ်စုံတစ်ရာကို ထိုင်စောင့်ရင်း တစ်ရက်ပြီး တစ်ရက် ဖြုန်းတီးပစ်လိုက်ကြတယ်။

တချို့ လူတွေဟာ ရောက်လာတဲ့ နေ့တွေကို သူတို့ အတွက် သက်သက်ပဲ သဘောထားကြတယ်။

တချို့ လူတွေကတော့ ရောက်လာမယ့် နေ့တွေကို တခြား လူတွေအတွက် အလုပ် လုပ်ပေးဖို့ ကြိုးဆိုကြတယ်။

တချို့ လူတွေက နေ့အသစ်တွေမှာ အတွေ့အကြုံ အသစ်တွေ ရှာတွေ့ကြတယ်။

တချို့ လူတွေကျ ...

နေ့အသစ်တွေမှာ သံယောဇဉ် အသစ်တွေ ထပ်ရှာတွေ့တတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

ကျွန်တော် ဘယ်သူနဲ့မှ မတွေ့ဖြစ်တာ တစ်ပတ်လောက် ရှိပြီ။ ဒီလိုပါ ...။ ကျွန်တော်က *computer software program* တစ်ခု ကိုယ့်ဟာကိုယ် ကျိတ်ရေးနေတာ ကြာပြီ။ ကြီးကြီးကျယ်ကျယ်လည်း မဟုတ်ပါဘူး။ *Astrologer Fackage* တစ်ခုပါပဲ။ *software* ပေါ့။ ကိုယ့်ဟာကိုယ် ဝါသနာ ပါလို့ *project* တစ်ခု အနေနဲ့ လုပ်ကြည့်နေတာ။ အနောက်တိုင်း ဗေဒင်၊ မြန်မာ ဗေဒင် တွက်နည်း ငါးမျိုးလောက်နဲ့ တွက်ချက်ပေးပြီး အကောင်းဆုံး ကောက်ချက်ကို စစ်ထုတ်ပေးတတ်တဲ့ *software* မျိုးပေါ့။ မေးတဲ့ လူက ခုနှစ်သက္ကရာဇ်ရယ်၊ မွေးချိန်ရယ်၊ မွေးရပ်ရယ်၊ ကျားမ ခွဲပြီး ရိုက်ထည့်ပေးလိုက်ရုံပဲ။ *computer* က သူ့ဟာသူ တွက်ချက်ပြီး နောင် ခြောက်လ အတွင်း ဘာဖြစ်နိုင်လောက်တယ် ဆိုတာ တွက်ပေးတဲ့ ဟာမျိုး။ ဘာမှသာ မဟုတ်တာ။ လက်တော့ အတော်ဝင်တယ်။ ဗေဒင် တွက်နည်းတွေလည်း လေ့လာရ။ အချက်အလက်တွေလည်း အများကြီး ရှာရ။ နောက် *computer* တစ်လုံးနဲ့ ဘယ်နကြိမ်မှန်းမသိ အခါခါ စမ်းသပ်ကြည့်ရ။ တစ်ယောက်တည်းနဲ့ကို ကိုယ့်ကိုယ်ကို ရှုပ်နေတာ။ ပြီးလည်း အခုထိ မပြီးသေးဘူး။ အခုလည်း ဆန်းဗေဒင်ကိစ္စ တစ်ခု သိချင်တာလေး ရှိလို့ မန္တလေးက ဆရာကြီး တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားရှာ မေးမြန်းနေတာ တစ်ပတ်လောက် ရှိမှ ရန်ကုန် ပြန်ရောက်တယ် တယ်လီဖုန်းလည်း ပိတ်ပြီး အိမ်မှာပဲ ထားခဲ့တော့ ဘယ်သူနဲ့မှလည်း အဆက်အသွယ် မရဘူး။ ကျွန်တော်က ဒီလိုပဲ မကြာခဏ တစ်ယောက် တည်း ခရီး လျှောက်သွားနေကျ။ တစ်ခါတလေ လနဲ့ ချီတောင် ကြာတယ်။ အိမ်က လူတွေက အရင်ကတော့ စိတ်ပူတယ်။ ကြာတော့ ရိုးသွားလို့ ထင်ပါရဲ့။ မကြီးတောင် ဘာမှ သိပ်မပြောတော့ဘူး။ ဒါပေမဲ့ ဒီတစ်ခါ အိမ်ပြန်ရောက်တော့ ပြောမယ့် လူတစ်ယောက် တိုးလာတယ်။ မကြီးက ပြောတယ်။ မေမွန် နင့်ကို နေ့တိုင်း လာရှာတယ်တဲ့။ ကျွန်တော် ဖုန်းဆက် လိုက်တော့ *Ring tone* အကြာကြီး မြည်နေပြီး မကိုင်ဘူး။ ပြီးမှ

'ဘာတုန်း'

ဆောင့်ကြီးအောင့်ကြီး ထူးပေမဲ့ နားဝင်ပီယံ ရှိလိုက်တာ။ ရင်ထဲ ကို အေးသွားတာပဲ။

'ကျွန်တော်ပါ လင်းလွန်းပါ'

'သိသားပဲ'

ဘာဖြစ်နေပါလိမ့်။ လေသံက မာဆတ်ဆတ်နဲ့ပါလား။

'အိမ်ပြန်ရောက်လို့ ဖုန်းဆက်တာ'

'.....'

'ခင်ဗျား ဘာဖြစ်နေတာလဲ'

'.....'

ဟင် ဘာသံမှလည်း မကြားရဘူး။ လိုင်းများ မမိလို့လား။

'ဟယ်လို ... ကြားရလား၊ ဟယ်လို ဟယ်လို'

'ကြားတယ်'

မြတ်စွာဘုရား ... ကြားရတာ သေချာတယ်။ နားကို အူသွားတာပဲ။

'ခင်ဗျား ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား'

'.....'

'ကျွန်တော့်ကို လာရှာတယ်ဆို၊ ကားပျက်နေလို့လား'

'.....'

'ခင်ဗျား စိတ်ကောက်နေသလား'



www.burmeseclassic.com

www.burmeseclassic.com



'အမယ် … ဘာလို့ ကောက်ရမှာလဲ၊ ဘာဆိုင်လို့လဲ'

ပြောသာ ပြောတာ အသံလေးက စိတ်ကောက်နေတာ သေချာတယ်။

'အခု ခင်ဗျား အိမ်မှာလား'

'.....'

'လမုန့် ဝယ်လာတယ်၊ စားမလား၊ လာပေးမယ်လေ'

'မစားဘူး၊ မလာနဲ့'

'နမြောစရာကြီးဗျာ၊ ကျွန်တော်က ခင်ဗျားကို သတိရလို့ ခင်ဗျား စားဖို့ တကူးတက ကောင်းတာ ရှာဝယ်လာတာ၊ အေးလေ မစားဘူး ဆိုတော့ ဒေါ်ဆင်ကြီးပဲ ကျွေးလိုက်ရတော့မှာပေါ့၊ ကျွေးလိုက်ရတော့မလား'

'.....'

'သေချာ စဉ်းစားဦးနော်၊ တကယ် မစားဘူးလား၊ လမုန့်ကြီးတွေက အကြီးကြီးတွေ၊ စားလို့ ကောင်းမှာဗျ၊ ဆီတွေကို အိလို့'

'.....'

'ဒေါ်ဆင်ကြီးက လမုန့် သိပ်ကြိုက်တာ၊ ကျွေးလိုက်ရတော့မလား'

'.....'

'မကြွတ်'

'.....'

'အဲ မကြွတ် ခေါ်တာ ခင်ဗျားမှ မကြိုက်တာ၊ ဒီမှာ မကြွတ်မ'

ဖုန်းချသွားပါပြီ။ သူ တကယ် စိတ်ကောက်နေပြီ။

ကျွန်တော် ပြုံးမိတယ်။ သူ့အိမ် သွားဖို့ ဆုံးဖြတ်လိုက်တယ်။ လူက တော်တော် ပျော်ပြီး အူမြူးနေတယ်။ ကျွမ်းတွေ ဘာတွေ လိုမ့်ထိုးလိုက်ချင်သလိုလို။

ကျွန်တော် တစ်ခု တွေးမိလို့ပါ။

ကောင်မလေး တစ်ယောက်က ကောင်လေး တစ်ယောက်ကို တစ်ခုကြောင့် စိတ်ကောက်နေတယ် ဆိုတာ အဓိပ္ပာယ် တစ်စုံတစ်ရာ ရှိနေတတ်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ စတွေ့ကတည်းက ကျွန်တော် တစ်ယောက်တည်း ကျိတ်ပြီး အသည်းအသန် အလေးအနက် ဖြစ်နေရတာ။ ကုလို့တောင် မရတော့ဘူး ထင်တယ်။

ရောဂါ ကျွမ်းနေတာပဲ …

ကြာလှပြီ …



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

သူ့အိမ် ရောက်တော့ အန်တီကြွယ်နဲ့ အရင် တွေ့တယ်။ သူ့အတွက် ဝယ်လာတဲ့ မုန့်တွေ သူ့အဒေါ် လက်ထဲ ထည့်ပေးလိုက်ရတယ်။ ကျွန်တော် သူ့ကို …။ တကယ် ပြောတာပါ။ ဒီတစ်ခါ ခရီး ထွက်တာ တစ်လျှောက် လုံး သူ့ကိုပဲ သတိရနေလို့ ဘာဝယ်သွားပေးရင် ကောင်းမလဲ ဆိုပြီး သူ့အတွက် လက်ဆောင်ပဲ အချိန် တော်တော်များများ လိုက်ရှာနေမိတယ်။ နောက်မှ စိတ်ထဲ ပေါ်လာတဲ့ လက်ဆောင် နှစ်ခု ဝယ်ခဲ့ရတယ်။ တစ်ခုက မုန့်တွေ အများကြီးထဲမှာမှ ကျွန်တော့် စိတ်ထဲ သူ ကြိုက်မယ် ထင်တဲ့ လမုန့်။ နောက်တစ်ခုက …

ဧည့်ခန်းမှာ ထိုင်တွေးနေတုန်း ဘေးနားမှာ သူ လာထိုင်တယ်။ မလာချင်ပေမဲ့ သူ့အဒေါ် လွှတ်လိုက်လို့ ထွက်လာရတဲ့ပုံ။ မျက်နှာလေး ပုပ်ပုပ်နဲ့။ ကျွန်တော့် နတ်သမီးလေးက ချစ်စရာ ကောင်းလိုက်တာ။ မတွေ့ရတဲ့ တစ်ပတ်လောက် အတွင်း အရမ်း ပိုလှလာသလိုပဲ။ ကျွန်တော့် ကို စေ့စေ့ကြည့်ပြီး မေးတယ်။

'ဘာလာလုပ်တာလဲ'

'အခစား ဝင်တာလေ၊ လက်ဆောင် ပဏ္ဏာ လာဆက်သတာဗျ'

'ခွေးကျွေးလိုက်ပြီဆို'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စချင်သွားတယ်။ အဲဒါနဲ့ မျက်နှာကို ခပ်တည်တည်လုပ်ပြီး

'ခွေးက မစားဘူးဗျာ၊ နေမကောင်းဘူးလား မသိဘူး၊ အေးလေ သူ့ကုတဲ့ ဆရာဝန်က ပေါ့တီးပေါ့ဆ ဆိုတော့ ...'

'အောင်မာ ... လင်းလွန်းနော်'

သူ့အလုပ်ကို ထိရင် ဆတ်ဆတ်ထိ မခံဘူး။ အဲဒါ သိလို့ ကျွန်တော် တမင် ပြောတာ။

'ဟုတ်တယ်ဗျ၊ သမားဆို အိုမှတဲ့၊ ကျွန်တော် ကြားဖူးတယ်၊ ဒေါ်ဆင်ကြီးရဲ့ ဆရာဝန်မလေးက ငယ်ငယ် ချောချောလေး ဖြစ်နေတယ်၊ နောက်ပြီး သခင်ကို စိတ်ဆိုးတာနဲ့ ဒေါ်ဆင်ကြီးကို ပစ်ထားတာ နေမှာ'

'မဟုတ်ပါဘူးနော်၊ တစ်နေ့ကတောင် သွားကြည့်သေးတယ်၊ ရှင်သာ လူတွေကိုရော၊ ခွေးရော ဒီအတိုင်း ပစ်ထားခဲ့တာ'

'လမုန့် ဝယ်လာတယ်လေ'

'တော်ပါကွာ၊ ခွေးမစားတော့မှ ကျုပ်ကို လာပေးပြီးတော့'

'ဟောဗျာ၊ ခင်ဗျားပဲ ပြောတော့ တိရစ္ဆာန်လေးတွေက သနားဖို့ကောင်းတယ်၊ လူထက် ဦးစားပေးသင့်တယ်ဆို'

သူ မျက်စောင်း ထိုးပြီး ဟိုဘက် လှည့်သွားတယ်။ ကျွန်တော် ရောက်စကလို မဟုတ်ဘူး။ မျက်နှာလေး နည်းနည်း ကြည်လာတယ်။ ကျွန်တော် မျက်နှာပိုးသတ်လိုက်ပြီး

'ကျွန်တော်က လျှောက်ပြောနေတာဗျ၊ တကယ်က ဘယ်သူ့မှတောင် လက်ဖျားနဲ့ အထိခံတာ မဟုတ်ဘူး၊ ခင်ဗျား ကြိုက်တတ်မယ် ထင်လို့ သေသေချာချာ ထုပ်ပိုးပြီး တစ်လမ်းလုံး ကိုယ်နဲ့ မကွာ ထိန်းသိမ်း စောင့်ရှောက်လာတာ၊ လမုန့်တွေက လူလောက်တောင် ခရီးမပန်းဘူး'

'လင်းလွန်း ဘယ်လိုလုပ် သိလဲ၊ ကျုပ် မပြောပြဖူးပါဘူး'

'ဘာကိုလဲ'

'ကျုပ် လမုန့် အရမ်း ကြိုက်တာလေ၊ ငယ်ငယ်တည်းက အခုထိ မြန်မာပြည် ပြန် ပြန်လာလည်တိုင်း ဖေဖေတို့ကို မန္တလေး လမုန့် ရအောင် ဝယ်ခိုင်းပြီး စားတာ၊ မစားရရင် မပြန်ဘူး ဆိုပြီး ဂျီကျတာ'



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ကျွန်တော် အံ့ဩသွားတယ်။ ဟုတ်တယ်။ အဲဒီကိစ္စ သူ တစ်ခါမှ မပြောပြဖူးဘူး။ ကျွန်တော်လည်း မသိဘူး။ ကျွန်တော့်စိတ်ထဲမှာ သူ ကြိုက်မှာပဲ ဆိုတာ သိနေသလိုမျိုးမို့လို့ ဝယ်လာတာ။ ထိုးမုန့်တွေ ဘာတွေတောင် မပါဘူး။ လမုန့် တစ်မျိုးတည်း။ ကျွန်တော် ဆရာကြီးဂိုက် ဖမ်းပြီး

'သမီး စိတ်ထဲ ဘာရှိတယ် ဆိုတာ ဆရာကြီး သိတယ်လေကွယ်၊ ဆရာကြီးက ဆရာကြီးမို့လို့ ဆရာကြီး ဖြစ်နေတဲ့ ဆရာကြီးပဲ ဥစ္စာ'

'ဟာကွာ'

သူ ပြုံးပါပြီ။ နတ်သမီးလေး စိတ်ပြေသွားပြီပေါ့။ ကျွန်တော် ဆက်ပြောပြတယ်။

'နောက်တစ်ခု ရှိသေးတယ်၊ ခင်ဗျား အတွက် သေချာ စဉ်းစားပြီး ဝယ်လာတာ'

သူ စိတ်ဝင်စားသွားတယ်။ အလျင်စလို မေးတယ်။

'ဘာလဲဟင် လင်းလွန်း'

'ရုပ်သေးရုပ်လေး'

'ဟယ် … တကယ် …'

'အင်း'

'ဘာရုပ်လဲ၊ ဘာရုပ်လဲဟင်'

ကျွန်တော့် မျက်နှာ သေချာ ကြည့်ပြီး အလောတကြီး မေးတာ၊ ကျွန်တော်တောင် နည်းနည်း လန့်သွားတယ်။

'ဇော်ဂျီရုပ်'

*'OH! God'*

သူ တကယ် လန့်သွားပါတယ်။ ကျွန်တော့် မျက်နှာကို အကြာကြီး တွေပြီး ကြည့်နေတယ်။ ကျွန်တော် ထိတ်ခနဲ ဖြစ်သွားတယ်။ တစ်ခုခု များ မှားသွားပြီလား။ မရဲတရဲ မေးကြည့်တယ်။

'ဘာဖြစ်လို့လဲ၊ ခင်ဗျား မကြိုက်တဲ့ အရုပ်မျိုးလား'

'လုံးဝ မဟုတ်ဘူး၊ လင်းလွန်း … ကျုပ်ကို ကြည့်'

'ကြည့်နေတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



သူက အလေးအနက် ဖြစ်နေပါတယ်။

'လင်းလွန်းနဲ့ ကျူပ်နဲ့ ရုပ်သေးရုပ်တွေ အကြောင်း မပြောဖူးဘူးနော်'

'အင်း ဘာဖြစ်လို့လဲ'

'လင်းလွန်း ကျူပ် အခန်းထဲလည်း ခိုးမဝင်ကြည့်ဖူးပါဘူးနော်'

'အာ တောက်တီးတောက်တဲ့ဗျာ၊ ဘာကိစ္စ ဝင်ရမှာတုန်း'

'မဟုတ်ဘူး၊ အရမ်း ထူးဆန်းလို့'

'ဘာထူးဆန်းလို့လဲ'

'ကျူပ်က ရုပ်သေးရုပ်တွေကို ကြိုက်လွန်းလို့ ငယ်ငယ်တည်းက ရသလောက် အရုပ် မျိုးစုံ ရှာစုထားပြီး အိပ်ခန်းထဲမှာ ချိတ်ထားတာ၊ တော်တော်စုံစုံ ရှိတယ်၊ လင်းလွန်းကို ပြမယ်၊ လိုက်ကြည့်၊ နေဦး … အန်တီကြွယ်ကို ခေါ်လိုက်ဦးမယ်၊ အန်တီကြွယ်ရေ'

သုံးယောက်သား သူ့အိပ်ခန်းထဲ ရောက်တော့ ကျွန်တော်က တပြန် တော်တော် အံ့သြသွားတယ်။ သူပြောတဲ့ အတိုင်းပါပဲ။ သူ့အိပ်ခန်း နံရံ တွေမှာ ကြိုးဆွဲ ရုပ်သေးရုပ်တွေ ပြည့်လို့။ အမျိုးလည်း တော်တော် စုံတယ်။ အန်တီကြွယ်ကလည်း ပြောတယ်။ မေမွန်က ငယ်ငယ်ကတည်းက အဲဒီ အရုပ်တွေ သိပ်ရူးတာပဲတဲ့။ ညှိခန်း ပြန်ရောက်တော့ ကျွန်တော်က

'ကျွန်တော် တကယ် အံ့သြတယ်ဗျာ၊ ရုပ်သေး ဆိုင်ကြီး တစ်ဆိုင် ကျနေတာပဲ၊ ကျွန်တော် သိတယ်၊ တချို့ အရုပ်တွေက တော်တော် ရှားမယ်၊ အဖြစ် လုပ်ထားတဲ့ အရုပ်တွေ မဟုတ်ဘူး၊ ခင်ဗျား ရုပ်ကြီးစင်တောင် ထောင်လို့ ရနေပြီ၊ ဘယ်လိုလုပ်ပြီး ရှာထားလဲ'

သူ ပြုံးတယ်။ မျက်နှာလေးက ဂုဏ်ယူနေသလိုမျိုး။

'ဒီလိုပဲ ဖြည်းဖြည်းချင်း ရှာရတာပေါ့ လင်းလွန်းရဲ့၊ ဖေဖေ့ မိတ်ဆွေ တွေ ကူညီကြတာလည်း အများကြီး ပါတယ်'

'ကျွန်တော် ခင်ဗျား ခွဲကောင်းတာ လေးစားတယ်ဗျာ၊ ဇော်ရုပ် မတွေ့ဘူးနော်၊ ဘယ်လို ဖြစ်လို့လဲ၊ ဇော်ရုပ်က အဲဒီလောက်တော့ ရှာရ မခက်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာလေး နီရဲပြီး ခေါင်းငုံ့သွားတယ်။ ဘာဖြစ်လို့ပါလိမ့်။

'ခင်ဗျား ဇော်ဂျီရုပ် မကြိုက်လို့လား၊ အဲဒါဆိုလည်း ကျွန်တော် ဝယ်ထားတဲ့ အရုပ် ...'

'မဟုတ်ပါဘူး၊ ကြိုက်ပါတယ်'

သူ ခေါင်းငုံ့နေရင်းပဲ ပြောတယ်။ တော်တော် ရှက်နေပုံလည်း ရတယ်။ ကျွန်တော် နားမလည်ဘူး။ ဇော်ဂျီ ရုပ်သေးရုပ် အကြောင်း ပြောတာ ဘာရှက်နေစရာ လိုလို့လဲ။

'အဲဒါဆိုလည်း နောက်နေ့ ယူလာခဲ့မယ်လေ၊ အရုပ် စုံသွားတာပေါ့'

'မဟုတ်ဘူး'

'ဘာမဟုတ်တာလဲဗျ'

'မဟုတ်ဘူး အကြောင်း ရှိတယ်၊ လင်းလွန်း မသိဘူး'

'ဘာကိုလဲ၊ ဖေဒင်က ဇော်ဂျီရုပ် လက်ဆောင် ပေးရင် မယူရဘူး ဟောထားလို့လား၊ ခင်ဗျား ဖေဒင်တွေ ဘာတွေလည်း သိပ်မယုံပါဘူး'

'အာ ... အဲလိုလည်း မဟုတ်ဘူးကွ'

ကျွန်တော် တော်တော် အူကြောင်ကြောင် ဖြစ်နေပြီ။ ဒီကောင်မလေး ဘာဖြစ်နေတာလဲ မသိဘူး။

'ဒီမှာ ကျွန်တော့်ကို အားမနာနဲ့နော်၊ ခင်ဗျား အတွက် တစ်ခုခု အခက်အခဲ ရှိနေရင် ပြော၊ ကျွန်တော်က ခင်ဗျား ကြိုက်မယ် ထင်လို့ လက်ဆောင် ပေးဖို့ ဝယ်လာတာ၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းသာ ပြောပြ၊ ကိစ္စ မရှိဘူး'

'မဟုတ်ဘူး၊ လင်းလွန်း ထင်သလိုတွေ မဟုတ်ဘူး၊ ဟာကွာ၊ အတင်း မေးနေတာပဲ၊ ဘာမှန်းလဲ မသိဘူး'

'အတင်း မမေးပါဘူး ဘာမေးလို့လဲ'

သူ တော်တော် ရှက်နေပုံ ရတယ်၊ နောက်မှ မထူးတော့ပါဘူး ဆိုပြီး အားတင်းလိုက်ပုံပဲ။ မျက်နှာ နီနီလေးကို မော့ပစ်လိုက်ပြီး ကျွန်တော့် ကိုလည်း မကြည့်ဘူး။ မျက်စိ စုံမှိတ်ပြီးတော့

'လင်းလွန်း သေချာ နားထောင်၊ ဒီတစ်ခါပဲ ပြောပြမယ်၊ နောက်လည်း အဲဒီ အကြောင်း ထပ်မပြောရဘူး၊ ကျုပ်ကို ကတိပေး



www.burmeseclassic.com

www.burmeseclassic.com



'ပေးပါတယ်'

'ပေးရင် ပြောပြမယ်၊ လင်းလွန်း ဝယ်လာတဲ့ အရုပ်ကို မလိုချင်လို့လည်း မဟုတ်ဘူး၊ မကြိုက်လို့လည်း မဟုတ်ဘူး၊ အရမ်း ကြိုက်လို့ အဲဒီ တစ်ရုပ်တည်း မဝယ်သေးဘဲ တမင် ချန်ထားတာ၊ ကျုပ် ဆုံးဖြတ်ထားတယ်၊ ဖေဖေတို့ကိုလည်း ပြောပြထားပြီးသား၊ တစ်ချိန်ချိန် ကျုပ် အိမ်ထောင် ပြုဖြစ်တဲ့ အခါကျမှ ကျုပ်အိမ်ထောင်ဖက်ကို အဲဒီ အရုပ် ရှာဝယ်ခိုင်းပြီး ကျုပ်ကို အမှတ်တရ လက်ဆောင် ပေးခိုင်းမလို့၊ ကဲ သိပြီလား၊ ဘာမှန်းလည်း မသိဘူး၊ ပြန်တော့'

'ဟောဗျာ'

သူ ထပြေးသွားပါပြီ။ ကျွန်တော်လည်း ပါးစပ် အဟောင်းသားနဲ့ ကျန်ခဲ့ပါတယ်။ လောကကြီးမှာ အဲဒီလောက် တိုက်ဆိုင်တတ်တာမျိုး ရှိသလား။ သူ ပြောသွားတာ ဟုတ်တယ်။ ဘာကြီးမှန်း မသိဘူး။

သူ အိမ်ထဲက လုံးဝ ပြန်ထွက်မလာတော့ဘူး။

နတ်သမီး လျှို့ဝှက်ချက်ကို ပြောပြလိုက်ရလို့ အရမ်း ရှက်သွားရှာတယ် ထင်ပါရဲ့။

ကျွန်တော့် အတွက်တော့ ...
ဇော်ဂျီ မစခံခဲ့ရဖူးတဲ့ နေ့တစ်နေ့ပေါ့။
အကြောင်းကြောင်းနဲ့ သူ့အိမ်က ထပြန်လာရတယ်။

လောကကြီးဟာ
လုံးဝ သာယာနေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

သုံးလေးငါးရက် အဆက်သွယ် မခံဘူး။ သူ ပုန်းနေတယ်။ ကတ်သီးကတ်သတ် တိုက်ဆိုင်သွားတဲ့ ဇော်ဂျီရုပ် ကိစ္စ မျက်နှာပူလို့ နေမှာပဲ။ ကျွန်တော်လည်း သူ့အိမ်က ပြန်လာပြီး နောက်တစ်ရက် အထိတော့ ဘယ်လို မျက်နှာ ပြရမှန်း မသိတာနဲ့ မတွေ့ဖြစ်ဘူး။ ဒါပေမဲ့ တစ်ရက်ပဲ။ နောက်နေ့ကျတော့ သူ့ကို တွေ့ချင်လာရော။ ဖုန်းဆက်ကြည့်တယ်။ ကျွန်တော့်ဖုန်းမှန်း သိရင် သူ ရှောင်နေတယ်။ ကျွန်တော်က ဆုံးဖြတ်ထားပါတယ်။ သူ့ကို ကတိပေးပြီးသားမို့ ရုပ်သေး ကိစ္စ လုံးဝ စကား မစတော့ဘူးလို့။ သူ့ ပေးဖို့ ဝယ်လာတဲ့ ဇော်ဂျီ ကြိုးဆွဲရုပ်ကြီးကိုတော့ ကျွန်တော့် အခန်းထဲမှာပဲ တရိုတသေ ချိတ်ထားလိုက်တယ်။

"ကျုပ် အိမ်ထောင်ဖက်ကို အဲဒီ အရုပ် ရှာဝယ်ခိုင်းပြီး ကျုပ်ကို အမှတ်တရ လက်ဆောင် ပေးခိုင်းမလို့"

နံရံမှာ ကြိုးတွေနဲ့ တွဲလောင်းကြီး ပြုံးပြနေတဲ့ ဇော်ဂျီရုပ်ရဲ့ မျက်နှာဖြူဖြူကို ကြည့်ရင်း သူ့စကားသံတွေ နားထဲမှာ ပဲ့တင်သံလို ကြားနေတယ်။

လူတစ်ယောက်နဲ့ တစ်ယောက်ရဲ့ စိတ်တွေက ဒီလောက်ထိ အံ့ဩဖို့ ကောင်းလောက်အောင် တိုက်ဆိုင် ပတ်သက်နေမှုတွေ ရှိနေနိုင်သတဲ့လား။

ကျွန်တော် ပြန်စဉ်းစားကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ကို လူချင်း မတွေ့ခင် အိပ်မက်ထဲမှာ ပုံစံ တစ်မျိုးနဲ့ စတွေ့ခဲ့တယ်။

လူကြီးတွေချင်းက ရင်းနှီးကြတော့ ကျွန်တော်နဲ့ သူ ငယ်ငယ်ကလည်း တွေ့ဖူးချင် တွေ့ဖူးကြမှာ။ ဒါပေမဲ့ ကျွန်တော်လည်း သူ့ကို မမှတ်မိခဲ့ဘူး။ သူကလည်း ကျွန်တော့်ကို မှတ်မှတ်သားသား ရှိနိုင်ဖို့ မရှာဘူး။ သူတို့ မိသားစုရဲ့ နာမည်တွေတော့ မကြာခဏ ကြားဖူးတယ်။ ဒါပေမဲ့ မေ့မေ့ပျောက်ပျောက်ပဲ။

ဒီအရွယ်တွေ ရောက်လာကြတော့ သူက ကျွန်တော့်ကို အစ်မကြီး ဆိုင်ထဲမှာ ချိတ်ထားတဲ့ ဓာတ်ပုံက တစ်ဆင့် အရင် မြင်ဖူးထားတယ်။ ဒါပေမဲ့ လူချင်း တကယ် ဆုံမိကြတဲ့ နေရာက ဘောလုံးကွင်း လူတွေ အများကြီး ရှိတဲ့ ကြားထဲမှာ။ အဲဒီနေ့က ကျွန်တော်ကလည်း ဓာတ်ပုံထဲက လို သပ်သပ်ရပ်ရပ် မဟုတ်ဘူး။ ပေတေ ညစ်ပတ် ချွေးသံ တရွှဲရွှဲနဲ့။ ဒါပေမဲ့ သူ ကျွန်တော့်ကို မှတ်မိတယ်။ နောက် တိုက်ဆိုင်တာက သူလည်း သူ့စိတ်နဲ့ သူ လာကြည့် ကျွန်တော်တို့လည်း ကိုယ့်စိတ်နဲ့ ကိုယ် လာကြည့်ကြတာ ဖြစ်ပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် မလှမ်းမကမ်း ဖြစ်နေတယ်။ နောက် သိသွားပြီးကြတော့လည်း စိတ်ချင်း တော်တော် ရင်းနှီးပုံ ရတယ်။ တစ်ယောက်ကို တစ်ယောက် ခင်တာ အရှိန် မြန်တယ်။

သူ ပြောပြဖူးတယ်။ သူ့မှာ အပေါင်းအသင်း သူငယ်ချင်း လေးယောက် ငါးယောက်ထက် ပိုမရှိခဲ့ဖူးဘူးတဲ့။ ကျွန်တော်နဲ့တော့ မတူဘူး။ ကျွန်တော့်မှာက အပေါင်းအသင်း သူငယ်ချင်း မိတ်ဆွေတွေ အများကြီး။ ဒါပေမဲ့ ကျောင်းတုန်းတည်းက မိန်းကလေး သူငယ်ချင်း တစ်ယောက်မှ မရှိဘူး။ ကျွန်တော့် နေပုံထိုင်ပုံ အမူအကျင့်တွေနဲ့ မိန်းကလေးတွေနဲ့ သိပ်မကိုက်ဘူး။ ကျွန်တော်ကလည်း မိန်းကလေးတွေကို သိပ်အနွံအတာခံ ပေါင်းတတ်တဲ့ အစ်ကိုလို စိတ်မျိုး ထားနိုင်တာ မဟုတ်ဘူး။ မျက်စိရှုပ် နားရှုပ်တယ် ထင်လို့ ဘယ်သူ့မှ သည်းခံ မပေါင်းဖူးဘူး။ ရည်းစားတွေ ဘာတွေ ထားဖို့ဆို ဝေးရော။ ကိုယ့်လည်း ဘယ်သူမှ မကြိုက်ဘူး။ ကိုယ် ကလည်း ဘယ်သူမှ ကြိုက်ဖူးတာ မဟုတ်ဘူး။ အဲဒီ ကိစ္စလည်း သိပ် စိတ်မဝင်စားဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် သူငယ်ချင်းတွေ မျက်စိ ရှေ့မှာ ရည်းစား ထားလိုက် ကွဲသွားလိုက်၊ နောက် ပြန်တွဲတဲ့ လူက တွဲ၊ နောက်တစ်ယောက် ထပ်ရှာတဲ့ လူက ရှာ၊ တချို့လည်း အိမ်ထောင်တောင် ကျသွားကြတာတွေ ရှိတာပဲ။ ဒါပေမဲ့ ဒီကောင်တွေရဲ့ အဲဒီလို ကိစ္စမျိုးတွေကို တစ်ခါမှ အရေးတယူ မမေးကြည့်ဖူးဘူး။ ကျွန်တော့်ကို အဲဒီ ကိစ္စတွေ လာပြောပြကြရင်လည်း ကိုယ်က သိပ်စိတ်ဝင်စားတဲ့ ကိစ္စမှ မဟုတ်တာ ဆိုတော့ သည်းခံပြီး နားထောင်နေလိုက်တာပဲ ရှိတယ်။ အကြံတွေ ဘာတွေလည်း မပေးတတ်ဘူး။ တချို့ ကောင်တွေ အသည်းတွေ ဘာတွေ ကွဲလို့ တညည်းညည်း တညူညူနဲ့ လွမ်းဆွေးနေရင်လည်း သူတို့ မြင်ရတာ စိတ်ညစ်လို့ ကျွန်တော် တော်ရာ ရှောင်နေတတ်တယ်။ သူငယ်ချင်းတွေက မကြာခဏ ကျွန်တော့်ကို ပြောဖူးတယ်။ တစ်နေ့နေ့တော့ မင်းလည်း ထိမှာပဲတဲ့။ ကျွန်တော် အတင်းကြီးလည်း သိပ် ခံမငြင်းပါဘူး။ ထိရင်လည်း ထိမှာပေါ့။ မင်းတို့လို တော့ အချိန်ကုန်ခံပြီး မနေနိုင်ဘူးလို့ပဲ ပြောဖြစ်တယ်။ ဒီကောင်တွေ မခံနိုင် ဘူး။ အချစ် ဆိုတာ ဘာညာနဲ့ လာချင်သေးတယ်။ စကားရှည်မှာ စိုးလို့ တော်ပါကွာ၊ မင်းတို့ဟာ မင်းတို့ပဲ ဖြစ်ချင်ရာ ဖြစ်ကြပါလို့ ပိတ်ပိတ် ပြောတတ်တယ်။ ဒီကောင်တွေကတော့ မင်းကို စောင့်ကြည့်ဦးမယ်လို့ ပြောတယ်။

ဒီကောင်မလေး တစ်ယောက်ကျမှ ကျွန်တော်လည်း ဘယ်လို ဖြစ်လို့ ကျွတ်တွယ်၊ မျှော့တွယ် သွားတွယ်တာနေတယ် မသိ။ ဟိုကောင်တွေ ပြောတာ ဟုတ်သလိုလို ရှိသား။ စိတ်ချမ်းသာစရာ ကောင်းတဲ့ ကိစ္စပဲ။

သူငယ်ချင်းတွေက ကျွန်တော့် သတင်း ကြားတယ်။ ကျွန်တော် ကလည်း တွေ့ရင် ပိုင်းတွယ်ခံရနိုင်တာ တစ်ကြောင်း၊ နတ်သမီး အနား နေရတာက ပိုပြီး အဓိပ္ပာယ် ရှိသလို ဖြစ်နေတာက တစ်ကြောင်း၊ ဘယ် သူငယ်ချင်းနဲ့မှ မတွေ့ဖြစ်တာ ကြာပြီ။

ဒီနေ့တော့ စဉ်းစားနေရင်းနဲ့ ဒီကောင်တွေနဲ့ တွေ့ချင်လာတယ်။ ကိုယ် အတွယ် ခံရရင်လည်း ခံရပါစေတော့။ ကိုယ့် ကောင်မလေး အကြောင်း တစ်ယောက်ယောက်ကို ပြောပြချင်နေတာ ဘယ်လို ဖြစ်မှန်း မသိဘူး။ အံ့မယ်။ ဇော်ကျီရုပ်က ကျွန်တော့်ကို စပ်ဖြီးဖြီး ကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်း အတွေးက တယ် ပိုင်စိုးပိုင်နင်း နိုင်ပါလားလို့ ပြောနေသလိုမျိုး။ ဟုတ်သားပဲ။

ကျွန်တော့် အတွေးထဲမှာ သူ့ကို 'ကိုယ့် ကောင်မလေး' လို့ သုံးနှုန်းလိုက်မိတယ်။

ကျွန်တော် တော်တော် သဘောကျသွားတယ်။

'ကိုယ့် ကောင်မလေး ...'

ဓော်ဂျီကောင်ရာ

တစ်နေ့နေ့တော့ မင်းဟာ ငါ ပေးတဲ့ လက်ဆောင် အဖြစ်နဲ့ အဲဒီ ကောင်မလေး လက်ထဲ ရောက်ကို ရောက်ရဦးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

ညနေစောင်း ကျွန်တော် 'အီသီယိုးပီးယား' ရောက်သွားတယ်။ နည်းနည်း ရှင်းပြပါရစေ။

အာဖရိကက နိုင်ငံ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရပ်ကွက်ထိပ်မှာ သူငယ်ချင်း နှစ်ယောက် ပေါင်းဖွင့်ထားတဲ့ ဘီယာဆိုင်ပါ။ သားကြီးနဲ့ အငယ်လေး ညီအစ်ကို နှစ်ယောက်ကို သူတို့ အမေ အန်တီတူးက ခြေလည်း ငြိမ်အောင်၊ စီးပွားလည်း ဖြစ်အောင် ဘီယာဆိုင် ထောင်ပေးထားတာ။ ညီအစ်ကို နှစ်ကောင်လုံးက နှစ်ကြီး နှစ်ငယ်၊ ကျွန်တော်တို့တွေနဲ့ သူငယ်ချင်း။ ကျွန်တော်တို့ သိပ်မသောက်တတ်ပေမဲ့ အဲဒီမှာ သွားသွား ထိုင်ဖြစ်ကြတယ်။ သူတို့ ဆိုင်မှာ *Menu* စာအုပ်တွေကတော့ အထူကြီးတွေ။ ဒါပေမဲ့ မှာကြည့်။ ဘာမှ မရဘူး။ စားဖို့မှူး ကိုကျော်က လူ့ကန့်လန့်။ ဈေးသွားရင် ဝယ်ချင်ရာ ဝယ်လာတာ။ သူ ကြော်ပေးချင်တဲ့ အမြည်းပဲ ကြော်ပေးတယ်။ ခပ်တည်တည်ပဲ။ ကျုန်တာ မမှာနဲ့။ ဘာမှ မရဘူး။ တစ်ခါတလေ စိတ်မပါရင် ရေသန့်ဘူးတောင် ဝယ်မထားဘူး။ သူတို့ ဆိုင်မှာ သူတို့ သုံးယောက်သားတော့ အဆင်ပြေနေတာပဲ။ စားပွဲထိုးကလည်း အောင်အောင် ဆိုတဲ့ တောသား အူတူတူ ကောင်လေး တစ်ယောက်ပဲ ရှိတယ်။ သူတို့ဆိုင်မှာ သူတို့ဟာ သူတို့ ပေးထားတဲ့ နာမည်တော့ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမဲ့ အစားအသောက် ရှားပါး ဆင်းရဲလွန်းလို့ ကျွန်တော်တို့ တစ်ရပ်ကွက်လုံးက 'အီသီယိုးပီးယား' လို့ပဲ ခေါ်ကြတယ်။ အံ့ဩဖို့တော့ ကောင်းတယ်။ ဒီလောက် ထင်ရှာ လုပ်နေတဲ့ ဆိုင်က ပြွတ်လည်း ပြွတ် မသွားဘူး။ သူ့ ဖောက်သည်နဲ့ သူ လည်ပတ်နေတာပဲ။ ကျွန်တော်တို့တွေ အရည်မရ အဖတ်မရ သွား သွား ထိုင်ပြီး ထောက်ပံ့နေကြတာလည်း ပါမယ်။ ဒီကောင်တွေက ဘယ်လောက် ခင်ခင် သူတို့ အမေတောင် အကြွေး မရောင်းဘူး။ အလကားလည်း ဘာမှ မပေးဘူး။ ရေတောင် တစ်ခါတလေ တောင်းတောင်းပန်ပန်နဲ့ တောင်းသောက်ရတာမျိုး။ ကျွန်တော် ရောက်သွားတော့ လူစုံနေတယ်။ ဘူးသီးနဲ့ သော်ဇင်ပါ ရှိနေတယ်။

'နွားသိုးကြီးပြတ်ကြီး ကြွချီတော်မူလာပါပြီ ခင်ဗျား'

ကျွန်တော် ဝင်သွားတာနဲ့ အငယ်လေးက အာဖြဲကြီးနဲ့ ထအော်တယ်။ သူ့ဟာသူ လာစားနေကြတဲ့ ဝိုင်း တစ်ဝိုင်းက လူတွေတောင် လှည့်ကြည့်တယ်။ မျက်နှာ ပြောင်ပြောင်ပါပဲ။ ဝင်သွားလိုက်တယ်။ သော်ဇင်က ခြောက်လက်မကျော် ပြောင်နေတဲ့ သူ့နဖူးကို သနေရာက ပျာပျာသလဲ ထပြီး

'ဆရာကြီး ဦးနွားသိုး ဒီကို ကြွပါ ခင်ဗျာ'

ခုံတစ်လုံး ဆွဲပေးတယ်။ ကျွန်တော် ဝင်ထိုင်လိုက်တော့ ဘူးသီးက

'စီးတော်ကျားကြီး ဘယ်နတ်ပွဲကများ ပြန်လာပါသလဲ'

မလွယ်ပါလား။ နတ်ပွဲ ကိစ္စပါ ဒီကောင်တွေ သိနေပြီ။ ရန်ကုန်သစ်က ကွာစိ လာပြောပြထားတာ ဖြစ်မယ်။ ကျွန်တော် ခပ်တည်တည်ပဲ ဘူးသီးဘက် လှည့်ပြီး

'စီးတော်ကျားကြီးက မင်းနှမလေး လိပ်ပြာ လှလို့ သွားချောင်းပြီး ပြန်လာတာကွယ့်'

ဘူးသီးက သူ့ညီမလေးကို နည်းနည်းမှ အထိ မခံဘူး။ ယောက်ဖ ခေါ်မိရုံနဲ့ ဘော်ဒါချင်း သုံးခါ ထိုးဖူးတယ်။ အခုလည်း မျက်နှာကြီး မည်းပြီး ငါ ဘာညာနဲ့ ဆဲဆိုပြီး ဆက်မပြောတော့ဘူး။ ကျွန်တော် သော်ဇင်ဘက် လှည့်ပြီး

'မင်း သင်္ဘော ကိစ္စ ဘာတဲ့လဲ၊ ဒီတစ်ခါ ဆူးမိတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



သေချာပေါက် ပါပါပြီ၊ စိတ်သာချထား'

သော်ဇင်က သဘော်လိုက်မယ် ပြောပြီး အိမ်က ပိုက်ဆံ တောင်းတောင်း သုံးနေတာ လေးနှစ် ရှိပြီ။ အခုထိ ဘယ်သဘော်ာ တက်ရမယ် မသိသေးဘူး။ နဖူးသာ ပိုပြောင်လာတယ်။ သားကြီးက ကျွန်တော့်ကို

'ဟော့ကောင် သူများ ငယ်ကျိုးငယ်နာတွေ လျှောက်ပြောမနေနဲ့၊ မင်း တဏှာ သွားရှုးနေတာ ငါတို့ သိတယ်၊ အခု ဘာကိစ္စ ပြန်ရောက်လာလဲ၊ ဟိုက လုပ်လွှတ်လိုက်ပြီ မဟုတ်လား၊ ငါတို့ ထင်ပါတယ်၊ မင်းလို ကောင်မျိုး ဘယ်သူမှ လက်ခံမှာ မဟုတ်ဘူး'

'ကောင်မလေးကို နတ်ကတော် ဆွဲလို့ မင်းက ကယ်တင်ရှင်ကြီး ဝင်လုပ်တာ နတ်အုန်းနဲ့ အထုခံရတယ်ဆို၊ အခု ကောင်မလေးက နတ်က နေပြီလား'

အငယ်လေးက ဝင်ပြောတယ်။ ကျွန်တော် ဘာမှ ပြန်မပြောဘူး။ ယောင်ပေပေနဲ့ အနားမှာ ရပ်နေတဲ့ စားပွဲထိုးလေး ငအူ အောင်အောင်ကိုပဲ လှမ်းမေးလိုက်တယ်။

'အောင်အောင် မင်း နတ်သမီး မြင်ဖူးလား'

'ဗျာ'

'မင်းတစ်သက်မှာ နတ်သမီး မြင်ဖူးလားလို့'

'ဟို … သွေးဆေး ကြော်ငြာမှာ တစ်ခါ ဆွဲထားတဲ့ ပုံပဲ မြင်ဖူးတယ် အစ်ကို'

'အေး၊ မင်း တစ်သက် လူဖြစ်ကျိုးနပ်အောင် ကြွရင် အစ်ကို နတ်သမီးကို အရှင်လတ်လတ် ခေါ်လာပြမယ်'·

'တကယ်လား အစ်ကို'

အောင်အောင် တော်တော် သဘောကျသွားတယ်။ ဟိုကောင်တွေ ကတော့ ခါခနဲပဲ။

'မနိုင်းကောင်း နိုင်းကောင်းကွာ'

'မိုးကြီး ပစ်ချလို့ တို့ပါ သေနေဦးမယ်၊ ဟော့ကောင် သွား …သွား'

'ငါနဲ့ လင်းလွန်းရာ'

'အဲဒါ ကိလေသာမှာ တဏှာ ကပ်ပြီး ငယ်ထိပ် တက်သောင်းတာ'



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် တစ်ခွန်း ဝိုင်းထောပနာကြပါတယ်။ ကျွန်တော် ခပ်တည်တည်ပဲ သူတို့ဘက် လှည့်ပြီး

'ဟေ့ကောင်တွေ'

'ဘာတုန်း'

'မင်းတို့ တော်တော် ထူကြ နကြသေးတာပဲ၊ မှတ်ထား၊ နတ်သမီးဆိုတာ ဘာမှ တကူးတက က နေစရာ မလိုဘူး၊ သူ့ဟာသူ အလိုလို နေရင်းကို လှပြီးသားကွ'

'လင်းလွန်းရာ၊ ဘယ်မိန်းမမှ နတ်သမီးလောက် မလှပါဘူး၊ မင်းဟာ လွန်ပဲ လွန်လွန်းတယ်၊ သေမှာပဲ အဲဒီ စိတ်နဲ့'

ကျွန်တော်တို့ ဝိုင်းမှာ မယောင်မလည် လာထိုင်နေတဲ့ စားဖိုမှူးကိုကျော်ကြီးတောင် အမြင်ကတ်ပြီး ထသွားတယ်။ ကျွန်တော် ရယ်နေလိုက်တယ်။ ဘူးသီးက ကျွန်တော့်ကို

'ဟေ့ကောင်'

'ဘာလဲ'

'ကောင်မလေးကို မင်း ပြောလိုက်ပြီလား'

အခုမှ အကွက် ဝင်လာတော့တယ်။ ကိုယ်က ပြောပြချင်လို့ ဒင်းတို့ဆီ လာတာ။ အားရပါးရပါပဲ။ ကျွန်တော် မန္တလေး သွားတဲ့ ကိစ္စကနေ ဇော်ဂျီ ရုပ်သေးရုပ် ကိစ္စ အထိ ပြောပြလိုက်တယ်။ မေမွန့်ကို ကတိဖျက်ရာ မရောက်ပါဘူး။ ဟုတ်တယ်လေ။ ဇော်ဂျီ ကိစ္စက သူ့ကို ကျွန်တော် ထပ်မပြောဖို့ပဲ ကတိပေးထားတာ။ ကျန်တဲ့ လူတွေ မပြောပြရဘူးလို့မှ သူက ပြောမထားဘဲ။ နားထောင်ပြီးတော့ ဟိုကောင်တွေ ကြွက်စိကြွက်စိနဲ့ တစ်ယောက် တစ်ပေါက် ထင်ရာ လျှောက်ပြောကြတယ်။ အဲဒီ အချိန်မှာပဲ

'လင်းလွန်း … လင်းလွန်း … လင်းလွန်း'

မေမွန့် အသံနဲ့ ကျွန်တော့် ဖုန်းက *Ring Tone* မြည်လာတယ်။ ဟိုကောင်တွေ အံ့ဩသွားတယ်။ မေမွန့်ဆီက ဖုန်းလာတာပါ။ ကျွန်တော် သူနဲ့ စကားပြော ပြောနေရင်းက သူ့အသံလေးကို *Record* လုပ်ထားပြီး *Computer* နဲ့ ပြန် *Edit* လုပ် *Phone* ထဲ ထည့်ထားတာ။ သူ ကျွန်တော့်ကို ဖုန်းဆက်တိုင်း သူ့ခေါ်သံလေး ကြားနေရတာပေါ့။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုင်လိုက်တယ်။ ဟိုကောင်တွေကတော့ အမျိုးမျိုး မဲ့ရွဲ့ ရှေ့ရွတ်နေကြလေရဲ့။

'ပြော မေမွန်'

ဟိုကောင်တွေ ရှေ့မှာ အသားယူပြီး တမင် ထူးပြလိုက်တယ်။

'လင်းလွန်း အခု ဘယ်မှာလဲ'

'အီသီယိုးပီးယားမှာ'

'ဟင်'

'အီသီယိုးပီးယားမှာ၊ အီသီယိုးပီးယား ဆိုတာ ကျွန်တော်တို့ လမ်းထိပ်က ဘီယာဆိုင်ရဲ့ *Nick name*၊ ဆိုင်နာမည်က …'

'လမ်းမပေါ်က … လား'

'ဟုတ်တယ်'

'ဘီယာ သောက်နေတာလား၊ မူးနေလားဟင်'

'ဟာ မသောက်ပါဘူး၊ ရိုးရိုး ထိုင်စကား ပြောနေတာ၊ သူငယ်ချင်းတွေနဲ့ ဒီမှာ အဲဒီလိုပဲ ထိုင်နေကျ ဘာဖြစ်လို့လဲ'

'နည်းနည်း အရေးကြီးလို့'

ကျွန်တော် စိတ်ပူသွားတယ်။ ခပ်မြန်မြန် မေးမိတယ်။

'ဘာဖြစ်လို့လဲ၊ မေမွန် အခု ဘယ်မှာလဲ'

'ဆေးခန်းမှာ'

'ဆေးခန်းမှာ ဘာဖြစ်လို့လဲ'

'နီးနီးလေးပဲ ကျုပ် အခု လာခေါ်လိုက်မယ်၊ လိုက်ခဲ့ပေးပါနော်၊ ဆေးခန်း ရောက်တော့ လင်းလွန်း သိလိမ့်မယ်'

'အိုကေလေ၊ ဒီဆိုင်ကို ခင်ဗျား သိတယ်နော်'

'အင်း သိတယ်၊ စောင့်နေနော် *Bye*'

သူ ဖုန်းချသွားတယ်။ ကျွန်တော် စိတ်ပူနေတယ်။ ဘာပြဿနာများ ရှိလို့ပါလိမ့်။ မျက်မှောင်ကြုတ်မိတော့ သားကြီးက

'ဘာဖြစ်တာလဲ ဟေ့ကောင်'

'မသိဘူး သူ လာလိမ့်မယ်'

'ဒီကို လာမယ်၊ မင်း ကောင်မလေးက …'



www.burmeseclassic.com

www.burmeseclassic.com



'အေး'

'ကွိုင်ရှိလို့လား'

သားကြီးက ကျွန်တော်တို့ထဲမှာ လက်အမြန်ဆုံး ပွကြီးပါ။ ထစ်ခနဲဆို ဖြစ်ပြီးသား။

'မဟုတ်လောက်ဘူး ထင်တာပဲ'

ကျွန်တော် ပြန်ပြောပြတယ်။ သော်ဇင်က

'ငါတို့ လိုက်ခဲ့ရမှာလား'

'မလိုလောက်ပါဘူး၊ ငါလည်း မသိဘူးလေ'

ကျွန်တော်တို့ ဟိုပြော သည်ပြော ပြောနေပြီး သိပ်မကြာဘူး။ သူ ရောက်လာတယ်။ သူ ဝင်လာတာနဲ့ ဟိုကောင်တွေ ငေးပြီး အသံတိတ်သွားတယ်။ ဆိုင်ထဲမှာ ရှိတဲ့ ကျန်တဲ့ တစ်ဝိုင်း နှစ်ဝိုင်းက လူတွေလည်း တော်တော်များများ အသံတိတ်သွားပြီး သူ့ကိုပဲ ဝိုင်းငေးနေကြတယ်။ တချို့ဆို မျက်လုံးပြူးကြီးတွေတောင် လိမ်လို့။ ကျွန်တော့် ကောင်မလေးကို ဒီလို ဝိုင်းကြည့်ကြတော့ ကျွန်တော် အူတိုသွားတယ်။ ဘယ်သူ့ အပြစ်မှ မဟုတ်ဘူး။ သူကကို ဝိုင်းကြည့်ရလောက်အောင် လှတာကိုး။ ကျွန်တော်တို့နား မရောက်ခင်ဘဲ သူ့ဆီ ကျွန်တော် ထသွားလိုက်ပြီး ဆိုင်ထဲက ပြန်ထွက်ခဲ့ကြတယ်။ အူတိုနေလို့ ကျွန်တော် ခြေလှမ်း နည်းနည်း ကျဲနေတယ်။ သားကြီးတို့ ဝိုင်းက ဟောကောင် သိပ်မမွန်နဲ့လို့ တစ်ချက် လှမ်းအော်တာ ကြားလိုက်တယ်။ သူ့ ကားနား ရောက်ကာနီးတော့ မေမွန်က

'လက်ကို လွှတ်ဦး၊ တံခါး ဖွင့်ရဦးမယ်'

ဟိုက် … ဟုတ်သားပဲ …။ ဆိုင်ထဲက လျှောက်အထွက်မှာ စိတ်စောနေလို့ သူ့လက် ကျွန်တော် ဆွဲထွက်လာမိတာကိုး။ စိတ်ဆိုးသွားလား မသိ။ တကယ် အမှတ်တမဲ့ ဖြစ်သွားတာပါ။

'*Sorry* နော်၊ ကျွန်တော် ယောင်ပြီးတော့'

'ရပါတယ်'

သူ့မျက်နှာလေး နည်းနည်း ရဲနေတယ်။ ကားပေါ်မှာ စကားမပြော ဖြစ်ဘဲ တိတ်ဆိတ်လာကြတာ သူ့ဆေးခန်းရှေ့ ရောက်တဲ့ အထိ။



www.burmeseclassic.com

www.burmeseclassic.com

# (၁၅)

သူ့ ဆေးခန်းရှေ့ ရောက်တော့ တံခါးတွေ အားလုံး ပြတင်းပေါက်တွေပါ ပိတ်ထားတာ တွေ့ရတယ်။ *Hilux* ပစ်ကပ် တစ်စီး ရပ်ထားတယ်။ သွယ်သွယ်နဲ့ လူစိမ်း နှစ်ယောက်က တစ်နေရာမှာ ရပ်နေကြတယ်။ မျက်နှာတွေက စိုးရိမ်နေပုံပဲ။ ကျွန်တော် နည်းနည်း ရိပ်မိလိုက်တယ်။ ကားပေါ်က ဆင်းရင်း မေမွန့်ကို

'ဆေးခန်းထဲမှာ တစ်ကောင်ကောင် ရှိနေတယ် မဟုတ်လား'

'ဟုတ်တယ် လင်းလွန်း ဒိုဘာမင်ကြီး တစ်ကောင် လွှတ်နေတာ'

'ရူးနေတာလား'

'နည်းနည်းတော့ ဟုတ်တယ်၊ ဒါပေမဲ့ ကုလို့ ရသေးတဲ့ အခြေအနေ'

'ဘယ်လို ဖြစ်တာလဲ'

သွယ်သွယ့် အနားမှာ ရပ်နေတဲ့ လူစိမ်း နှစ်ယောက်ကို မသိမသာ မေးငေါ့ပြရင်းနဲ့

'သူတို့က ဆေးခန်းကို ဖုန်းလှမ်းဆက်တာ၊ ခွေးတစ်ကောင် အရမ်းဆိုးနေလို့ ခဏလောက် လာကြည့်ပေးနိုင်ရင် လာကြည့်ပေးပါတဲ့၊ ဆေးခန်းမှာ လူရှင်းနေတာနဲ့ ကျုပ်နဲ့ သွယ်သွယ် လိုက်သွားကြည့်တော့ သူတို့ ခွေးကို ဆိုးလို့ ဆိုပြီး လှေကား အောက်က အမှောင်ခန်း ကျဉ်းကျဉ်းလေး

www.burmeseclassic.com



ထဲမှာ ပိတ်လှောင်ထားကြတယ်၊ အစာကိုလည်း အပြင်ကနေ ရေပုံးနဲ့ ပက်ထည့်ပြီး ကျွေးကြတယ်တဲ့၊ နောက်ပိုင်း တဖြည်းဖြည်း ပိုပိုဆိုးလာတော့ အစာ ပက်ထည့်ခါနီး ဆိုရင် ခွေးကို ရေတွေနဲ့ပက် တုတ်တွေနဲ့ ထိုးပြီးတော့ ထောင့်မှာ ကပ်နေအောင် လုပ်ထားကြတယ်၊ အစာ ပက်ထည့်တဲ့ လူကို ကိုက်မှာ စိုးလို့တဲ့၊ အဲဒီလို ဝိုင်းလုပ်ကြတော့ ခွေးက အရမ်း ကြောက်ပြီး ပိုရိုင်းလာတာပေါ့၊ ကျုပ် သွားကြည့်ပြီး မြင်ရတော့ သနားစရာ ကောင်းလိုက်တာ အရမ်းပဲ'

သူ့အသံလေး တိမ်ဝင်သွားတယ်။ မျက်လုံးမှာလည်း မျက်ရည်လေးတွေ ဝေ့လို့။ သူ ပြောတဲ့ အတိုင်းဆို ဟုတ်တာပေါ့။ လူတွေကြောင့် ပိုရိုင်းလာတဲ့ ခွေးကြီးပဲ။ နတ်သမီးက အသံလေး တုန်တုန်နဲ့ ဆက်ပြောပြတယ်။

'သူတို့က ကျုပ်ကို ပြောတယ်၊ ဆရာမက ဆေးထိုးပြီးတော့ … ဆေးထိုးပြီးတော့ ရှင်းပေးနိုင်မလားတဲ့၊ မရရင် … မရရင် … လုံ့နဲ့'

သူ့အသံလေး တိမ်ဝင်သွားပြန်တယ်။ စိုလက်နေတဲ့ နှုတ်ခမ်းနက်လေးကို သွားနဲ့ ဖိပြီး ခေါင်းငုံ့သွားတယ်။ ခေါင်းပြန်မော့လာတော့ မျက်ရည်စတွေနဲ့။ ဒီကောင်မလေးဟာ တိရစ္ဆာန်လေးတွေကို အရမ်း ကြင်နာတတ်ပါတယ်။

'လင်းလွန်းရယ် … အရမ်း သနားစရာ ကောင်းတာပဲ၊ ခွေးကြီးရဲ့ မျက်လုံးတွေမှာ အားကိုးရာမဲ့နေတယ်၊ သူ့ကိုယ်သူ အနိုင်နိုင် ကာကွယ်ဖို့ပဲ ကြိုးစားနေတာပါ'

'ဘယ်လို ဖြစ်လို့ ဒီကို ရောက်လာတာလဲ'

သူ စိတ်နည်းနည်း ပြောင်းသွားအောင် ကျွန်တော် စကားလမ်းကြောင်း ပြောင်းပေးလိုက်တယ်။ သူ ဆက်ပြောပြတယ်။

'အဲဒီ လူတွေကို ကျုပ် အရမ်း ဒေါသထွက်သွားတယ်၊ ဒါပေမဲ့ ကျုပ် သိတယ်၊ သူတို့နဲ့ အတိုက်အခံ လုပ်ရင် ဒီခွေးကြီးကို ဝိုင်းလုပ်လိုက်ကြတော့မှာ၊ ကျုပ် စိတ်ထိန်းပြီး သူတို့ကို ပြောလိုက်တယ်၊ ဒီခွေးကြီးက ရူးနေတာ မဟုတ်ဘူး၊ ရှင်တို့ကို အရမ်း ကြောက်နေတာလို့၊ ဘာမှ စိုးရိမ်စရာ မလိုဘူး၊ ကျွန်မ ဆေးခန်းက *cage* ထဲမှာ ရအောင် မွေးထားပြီး မပျောက်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်အောင် ကုမယ်လို့၊ တစ်ခုပဲ ရှိတယ်၊ ခွေးကြီးကို မေ့ဆေး ပေးလိုက်ပြီးရင်တော့ ဆေးခန်းကို ရှင်တို့ လိုက်ပို့ပေးပါ ဆိုတော့ သူတို့ သဘောတူတယ်၊ အဲဒါနဲ့ ဆေးခန်းမှာ *clo.gun* ပြန်ယူပြီးတော့ ကျုပ်ပဲ မေ့ဆေး ပစ်ပေးလိုက်တယ်၊ မေ့သွားတော့မှ ခွေးကို *mask* စွပ်ပြီး သူတို့ ဒီကို သယ်လာကြတယ်'

'ခွေးကြီးက မေ့နေပြီပဲ ဒီရောက်တော့ ဘယ်လို ဖြစ်တာလဲ'

'ကျုပ်နဲ့ သွယ်သွယ်နဲ့ နောက်ခန်းထဲမှာ ဆေးရှာပြီး *cage* သန့်ရှင်းရေးတွေ ဘာတွေ လုပ်နေတုန်း အဲဒီ လူတွေက ဆေးခန်းရဲ့ ရှေ့ခန်းထဲမှာ ကျန်ခဲ့ကြတာ၊ ကျုပ်က အန္တရာယ် ရှိနိုင်တဲ့ အကောင်မျိုးမို့ ဆေးခန်းရှေ့တံခါးမကြီးကို လိုလိုမယ်မယ် ပိတ်ခိုင်းထားတယ်၊ အဲဒီ လူနှစ်ယောက်ထဲက တစ်ယောက်က ကျုပ် စွပ်ပေးထားတဲ့ *mask* ကို ဖြုတ်ပစ်လိုက်တယ်လေ၊ မလိုတော့ဘူး ထင်လို့တဲ့၊ သူတို့ နှစ်ယောက်လုံး အလန့်တကြားနဲ့ ဆေးခန်း နောက်ခန်းထဲ ပြေးဝင်လာပြီး ရှေ့ခန်းနဲ့ နောက်ခန်း ကူးတဲ့ တံခါးကို ပိတ်လိုက်တော့မှ ကျုပ်နဲ့ သွယ်သွယ်နဲ့ မေ့ဆေး ပြယ်နေမှန်း သိတော့တယ်၊ ခွေးကြီး လှုပ်လာကာစကတည်းက ဘာလို့ လာမပြောလဲ ဆိုတော့ အကြောဆွဲနေတာ မှတ်လို့တဲ့'

'ဒီလူတွေကလည်း အစတည်းက ခွေးကို သရဲလို ကြောက်တတ်ကြတယ် ထင်တယ်၊ မေမွန်က မေ့ဆေး ပြယ်ချိန် မမှတ်ထားမိလို့လား'

'မဟုတ်ဘူး၊ ကျုပ် အဲဒီလောက် မညံ့ပါဘူးနော်၊ ဖြစ်နိုင်တာက မေ့ဆေး *gun* နဲ့ ပစ်တုန်းက မှောင်နေတော့ ဆေး သေချာ အကုန် မဝင်ခင် ခါထုတ်ပစ်လိုက်တာရယ်၊ နောက် သယ်လာတော့ လမ်းမှာ ခွေးဘော်ဒီက တစ်ချိန်လုံး လှုပ်ရှားနေတာရယ်၊ အရေးအကြီးဆုံး တစ်ခုက ခွေးကြီးရဲ့ စိတ်ပဲ၊ လူတွေကို အရမ်း ကြောက်နေပြီးတော့ သူ့ကို ဝိုင်းသတ်ကြတော့မယ်လို့ သူ သိနေရှာတာ၊ သနားပါတယ်၊ အဲဒါကြောင့် စိတ်အရမ်း တင်းထားလို့ မေ့ဆေး မြန်မြန် ပြန်ပြေလာတာ၊ ကျုပ်ကလည်း ခွေးကြီး အရမ်း ညစ်ပတ်နေတော့ သန့်ရှင်းရေး အရင် လုပ်လိုက်ပြီးမှ ဆေးတစ်လုံး ထပ်ထိုးလိုက်မယ် ဆိုပြီး သူတို့ကို ခဏ စောင့်ခိုင်းထားလိုက်မိတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆို အခြေအနေကို သဘောပေါက်ပါပြီ။ ကျွန်တော် အဓိက ကျတာပဲ မေးဖြစ်တယ်။

'အိုကေလေ၊ ကျွန်တော့်ကို တစ်ခုပဲပြော၊ မေမွှန် ဘာလုပ်ချင်လဲ'

သူ အားနာတဲ့ အကြည့်နဲ့ ကျွန်တော့်ကို တစ်ချက် ကြည့်ပြီး

'အခြေအနေ ဆိုးနေတယ်၊ လွယ်တော့ မလွယ်ဘူး၊ ကျုပ် မေ့ဆေး ပြန် *on* ချင်တယ်၊ လင်းလွန်းရယ် ... ကျုပ် ဒီခွေးကြီး မသေစေချင်ဘူး'

'မေ့ဆေးကရော'

'ဒီမှာ'

အနား ရောက်လာတဲ့ သွယ်သွယ်က ဆေးစုပ်ထားပြီးသား ဆရင့်ချ် တစ်ခု ကျွန်တော့် လက်ထဲ ထည့်တယ်။ လူစိမ်း နှစ်ယောက်ကတော့ ကျွန်တော်တို့နား မလာဘူး။ သူတို့ဟာ သူတို့ ရပ်နေရင်းပဲ လှမ်းကြည့်နေ ကြတယ်။ ကျွန်တော်က မေမွှန်ကို

'မဟုတ်ဘူးလေ မေ့ဆေး *gun* ရှိတယ်ဆို'

'*Gun* က ခွေးကြီး ရှိနေတဲ့ ရှေ့ခန်းထဲမှာ ကျန်ခဲ့တယ်'

ကောင်းရောကွာ။ ကျွန်တော် ဘာမှ မမေးတော့ဘူး။ ဆေးခန်းဘေးက ထက်ပြီး ပိတ်ထားတဲ့ ပြတင်းပေါက် တစ်ခုကို ပြန်ဆွဲဖွင့်လိုက်တယ်။ သူတို့ အစိုးရိမ်လွန်နေကြတာပါ။ အမှန်က ပြတင်းပေါက် ပိတ်စရာမှ မလိုတာ။ အထဲမှာ သံပန်း တစ်ထပ် ရှိနေသေးတာပဲ။ ပြတင်းပေါက် ဖွင့်လိုက်တာနဲ့ ဝေါင်းခနဲ အသံကြီးနဲ့ အတူ မည်းမည်း အရိပ်ကြီး တစ်ခု ရိပ်ခနဲ ခုန်ဝင်လာတယ်။

ကျွန်တော့် နောက်က ကပ်လိုက်လာတဲ့ မေမွှန်တို့ နှစ်ယောက်မှာ သွယ်သွယ်က လန့်သွားပြီး အမယ်လေး တလိုက်သေးတယ်။ ခွေးကြီးကို ကြည့်လိုက်တော့ နည်းတဲ့ ကောင်ကြီး မဟုတ်ဘူး။ သွားစွယ် အဖွေးသား၊ သွားရည် တမျှားမျှားနဲ့ ကျွန်တော့်ကို ကြည့်နေတယ်။ အမြီး ဖြတ်ထားတဲ့ ခွေးမျိုး ဆိုတော့ အမြီး ကုပ်နေလား၊ ထောင်နေလား မသိရဘူး၊ ခွေးကြီး ကိုယ်မှာလည်း ဒဏ်ရာ တချို့ တွေ့တယ်၊ အကောင်နဲ့ စာရင် နည်းနည်း တော့ ပိန်တယ်၊ ဒါပေမဲ့ ဒီဘာမင်မျိုးက လူကို ကိုက်ရင် အရိုးဘတ်ကို တွန်းချပြီး လည်မျို ကိုက်ဖောက်တတ်တဲ့ သဘာဝ ရှိတာဟာ တစ်ခု ဆိုးနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တစ်နေရာမှာ မေ့ဆေး *gun* တင်ထားတာ တွေ့တယ်။ ဒါပေမဲ့ ပြတင်းပေါက်နဲ့ အဝေးကြီးမှာ။ ပြတင်းပေါက်မှာ တပ်ထားတဲ့ သံပန်းရဲ့ ဒီဇိုင်းကလည်း လက်တစ်ချောင်း လျှိုရုံလောက်ပဲ အနိုင်နိုင် အပေါက်တွေ ရှိတာ။ ကျွန်တော့် ခေါင်းထဲက မေ့ဆေး *gun* ကို လက်လျှို ပြန်ယူဖို့နဲ့ လူအထဲကို ဝင်မသွားဘဲ ပြတင်းပေါက်က လက်လျှိုပြီး ခွေးကြီးကို ဆေးထိုးကြည့်ဖို့ အစီအစဉ် နှစ်ခုလုံး ဖျက်လိုက်ရတယ်။ မေမွန်က ကျွန်တော့် ဘေးနား ကပ်ပြီး ခွေးကြီးကို ကြည့်ရင်း

'သနားပါတယ် လင်းလွန်းရယ် … သူ အရမ်း ကြောက်နေတယ်'

ဟုတ်ပါတယ်။ ခွေးကြီးက ပထမ တစ်ချက် ဟောင်ပြီး ခုန်အုပ်လိုက်တာပဲ ရှိတယ်။ ကျွန်တော့်ကို ပြတင်းပေါက် တစ်ဖက်မှာ သေချာ မြင်လိုက်ရတာနဲ့ မာန်ဖီတာ၊ ဟောင်တာ လုံးဝ မရှိတော့ဘူး။ ခွေးမျက်လုံးထဲမှာ သူသေ ကိုယ်သေ တိုက်ခိုက်တော့မယ့် အရိပ်အယောင်တွေနဲ့ ကျွန်တော့်ကို အလစ်မပေးဘူး။ တစ်ခု စဉ်းစားကြည့်တယ်။ အစာ တစ်ခုနဲ့ မေ့ဆေးလုံးကျွေးလို့ ရနိုင်မလား။ မသေချာဘူး။ သူ့အသက် အန္တရာယ်ရှိနေတဲ့ အချိန်ကို သူ သတိထားနေတာ။ အစာကို လုံးဝ အလစ်ခံပြီး စားမယ့်ပုံ မပေါ်ဘူး။ စားခဲ့ရင်တောင် အစာနဲ့ ရောဝင်သွားမယ့် မေ့ဆေး အတိုင်းအဆကို ကိုယ် ဘယ်လိုမှ မှန်းဆနိုင်မှာ မဟုတ်ဘူး။ ပြတင်းပေါက်က ခွာလိုက်ပြီး ကျွန်တော် မေမွန့်ဘက် လှည့်ပြောလိုက်တယ်။

'ကျွန်တော် အထဲ ဝင်ထိုးမှ ရမှာ'

သူ စိုးရိမ်သွားတယ်။ ကျွန်တော့် လက်မောင်း တစ်ဖက်ကို လက်ဖြူဖြူလေးတွေနဲ့ လာကိုင်ပြီး

'ဖြစ်ပါ့မလား လင်းလွန်း သူ အရမ်း ကြမ်းနေတယ်၊ နောက်ပြီး သူက *normal* သိပ် မဟုတ်တော့ဘူး'

'ရပါတယ် နေဦး၊ ဟိုလူတွေနဲ့ စကားသွားပြောလိုက်ဦးမယ်'

'ဘာပြောမလို့လဲ၊ သူတို့က ဘာမှ အားမကိုးရဘူးနော် လင်းလွန်း'

ကျွန်တော် သူ့မျက်လုံး နက်နက်လေးတွေကို သေချာ စိုက်ကြည့်ပြီး ပြုံးပြလိုက်တယ်။ ပြီးတော့

'ခင်ဗျားက ဒီခွေးကြီးကို အပိုင် လိုချင်နေပြီလေ၊ ပြီးတော့ ဟိုလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အလကား ပယ်ရမယ့် ခွေးကြီး တစ်ကောင်ကို ရောင်းလို့ ရလိုက်တယ် ဆိုရင် အဆင်ပြေမှာပါ၊ ကျွန်တော် ဒီခွေးကြီးကို ဝယ်ပေးမယ်'

မျက်လုံးလေး ဝိုင်းသွားတယ်။

'လင်းလွန်း ကျူပ် လိုချင်နေမှန်း ဘယ်လို …'

စကားရပ်သွားတယ်။ မျက်လုံးတွေ ကျေနပ်တဲ့ အရောင် ပြောင်းသွားတယ်။

'လင်းလွန်းကို ကျေးဇူးတင်ပါတယ်'

သူ အလေးအနက် ပြောတာပါ။

'အိုကေ ဒီမှာ ခဏ စောင့်နေဦး'

ကျွန်တော် ဟိုလူတွေနဲ့ သိပ်မညှိရပါဘူး။ သူတို့လည်း ဝမ်းသာအားရ အဆင်ပြေကြတယ်။ သူတို့ ပုံစံ ကျွန်တော် သိပါတယ်။ ခွေးကို ကြောက်လည်း ကြောက်တယ်။ ဂုဏ်ယူစရာ ပစ္စည်း တစ်ခု အနေနဲ့လည်း မွေးချင်ကြသေးတဲ့ အူကြောင်ကြောင်တွေ။ မေမွန်တို့နား ပြန်ရောက်လာပြီးတော့ ကျွန်တော်က သွယ်သွယ့်ကို

'အစ်ကို့ကို အဝတ်စုတ် ထူထူ တစ်ခု ရှာပေး သွယ်သွယ်၊ ကြီးလေ ကောင်းလေပဲ'

မေမွန် ဘာမှ မပြောဘူး။ ကျွန်တော် လုပ်နေတာတွေ ကလေးလို လိုက်ကြည့်နေတယ်။

မိသွယ် အဝတ်စုတ်ကြီး တစ်ခု ရှာလာတယ်။ ကျွန်တော် ဘယ်ဘက် လက်ဖျံနဲ့ တံတောင်ဆစ် အပေါ် လက်မောင်း တစ်ဝက်လောက် အထိကို အဝတ်စုတ်ကြီးနဲ့ ခပ်ထူထူ သေချာ ပတ်လိုက်တယ်။ နောက်ဆေးထိုးအပ်ကို ယူပြီး ဆေးခန်း နောက်ဘက်ခန်းကို ပတ်လျှောက်လာခဲ့တယ်။ နောက်ခန်းထဲ ရောက်တော့ ရှေ့ခန်းနဲ့ နောက်ခန်း ကူးတဲ့ တံခါးကို ကိုင်ထားပြီးမှ သတိရလို့ သူတို့ကို သေချာ မှာရသေးတယ်။

'အထဲမှာ ကြာရင် ကြာနေမှာ၊ ကျွန်တော် ဝင်သွားပြီးတာနဲ့ တံခါးကို လုံးဝ ပြန်ပိတ်ထားပြီး သေချာအောင် ဟိုခုံနဲ့ ခံထားလိုက်၊ အထဲမှာ ဘာဖြစ်နေနေ လုံးဝ မဖွင့်နဲ့နော်၊ အဲဒါ အရေးကြီးတယ်၊ သူ ထွက်သွားရင် အားလုံး အန္တရာယ် ဖြစ်ကြမှာ၊ မေမွန် … အစိုးရိမ်လွန်ပြီး လူတွေ သွား



www.burmeseclassic.com

www.burmeseclassic.com



လျှောက်မခေါ်နဲ့နော်၊ ကျွန်တော် ဘာမှ မဖြစ်ဘူး၊ သိလား'

သူ့မျက်နှာလေး ပျက်နေလို့ ကျွန်တော် သေချာ မှာရတယ်။ လူတွေ ရောက်လာရင် ခွေးကြီး အတွက် အန္တရာယ် ရှိတယ်။ ကျွန်တော် အထဲ ဝင်တော့မယ် လုပ်တော့ အင်္ကျီစ လှမ်းဆွဲပြီး သူ မှာတယ်။

'လင်းလွန်း ... လည်ပင်းကို သတိထားနော်၊ အန္တရာယ် ရှိလာရင် တော့ သူ့ကို'

စကား ရပ်သွားတယ်။ သူ ဆိုလိုချင်တဲ့ အဓိပ္ပါယ်ကို ကျွန်တော် သိပါတယ်၊ သူ့ကို ပြုံးပြလိုက်တယ်။

'ဘာမှ မဖြစ်ပါဘူး'

ဆေးထိုးအပ်ကို အဆင်သင့် လုပ်လိုက်ပြီး တံခါးရွက်နားမှာ ကျွန်တော် ခဏငြိမ် နားစွင့်လိုက်တယ်။ ပြီးတော့ တံခါး ဆွဲဖွင့်ပြီးတာနဲ့ ဖျတ်ခနဲ ဝင်လိုက်ပြီး ချက်ချင်း ပြန်ပိတ်လိုက်တယ်။ ပြီးတာနဲ့ ကျွန်တော် ဆောင့်ကြောင့် ထိုင်ချလိုက်တယ်။ ထင်တဲ့ အတိုင်းပါပဲ။ အနံ့ဆိုးကြီး တစ်ခုကို နှာခေါင်းထဲမှာ စူးခနဲ ရလိုက်ပြီးတော့ အရိပ်မည်းကြီး တစ်ခုဟာ မသဲမကွဲ မာန်ဖီသံနဲ့ အတူ ကျွန်တော့် ခေါင်းပေါ်က ရိပ်ခနဲ ကျော်ထွက် သွားတယ်။ ခွေးကြီးက ကျွန်တော့် ရင်ဘတ် နေရာလောက်ကို မှန်းပြီး ခုန်အုပ်လိုက်တာပါ။ မျက်နှာကို ကိုက်မလို့။ ဒီခွေးမျိုးက ဒီလိုပဲ။ ကျွန်တော် ချက်ချင်း ထိုင်ချလိုက်တော့ သူ့မှန်းဆချက် ပျက်ပြီး ခေါင်းပေါ်က ကျော် သွားတာ။ အချိန်ဆွဲနေလို့ မရဘူး။ ကျွန်တော် ခုန်ထပြီး အခန်းလယ်မှာ ရှိနေတဲ့ ခုံကြီးပေါ်က တစ်ဆင့် ဟိုဘက်ခြမ်းကို ခုန်ကူးလိုက်တယ်။ ခုန် အုပ်လိုက်တဲ့ ခွေးကြီးက အခန်းထောင့်က *stand fan* တစ်လုံးကို ဝင်တိုက် မိပြီး ပြန်ခုန်ထလာတယ်။ သူ တိုက်လိုက်တဲ့ ပန်ကာကြီး လဲသွားတယ်။ သူနဲ့ ကျွန်တော်နဲ့ အခန်းလယ်က ခုံကြီး တစ်ခု ခြားသွားပြီ။

သတ္တဝါတွေဟာ လိုအပ်ရင် မယုံနိုင်လောက်အောင် လျှင်မြန် ဖျတ် လတ်ကြပါတယ်။ ကျွန်တော့်ဆီ ချက်ချင်း ပြေးဝင်လာတယ်။ သူ [illegible] ပေးပြီး ပြေးလာတဲ့ ဘက်မှာ ဆေးတွေ ထည့်ထားတဲ့ မတ်တ[illegible] တစ်လုံး ရှိတယ်။ ဒုတိယ အကြိမ် အလယ်ခေါင် ခုံကြီးပေါ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဗီရို အမိုးပေါ် ကျွန်တော် ခုန်တက်လိုက်တယ်။ လောလောဆယ် အန္တရာယ် ကင်းသွားပြီ။ ခွေးကြီးဟာ ကျွန်တော် တက်ထိုင်နေတဲ့ ဗီရိုဆီ ချက်ချင်း ပြေးလာပြီး ပတတ် ရပ်လို့ ဒေါသတကြီး သုံးလေးငါးခါ ဆင့်ဟောင်တယ်။ ကြာကြာ မရပ်နိုင်ဘူး။ လေးဘက်ထောက် ပြန်ဖြစ်သွားတယ်။ နောက်တစ်ခါ ပတတ်ရပ်ပြီး ဗီရိုပေါ်က ကျွန်တော့်ကို ဟောင်ပြန်တယ်။ ခဏပဲ။ လေးဘက်ထောက်လျက် ပြန်ကျသွားတယ်။ အကြောင်းက သူ့ ညာဘက် နောက်ခြေထောက် အရင်းမှာ အနာကြီး တစ်ခု ရင်းနေတာကိုး။ သူ ကြာကြာ ပတတ် မရပ်နိုင်ဘူး။ ရှေ့လက်နှစ်ဘက်နဲ့ ဗီရိုကို မှီပြီး ရပ်တာတောင် နောက်ခြေက နာလို့ ကြာကြာ မရပ်နိုင်ရှာဘူး။ ဟို လူတွေ နှိပ်စက်ထားတာ။ ကျွန်တော် သနားသွားတယ်။ စိတ်မကောင်းလည်း ဖြစ်သွားတယ်။

ကျွန်တော် နည်းနည်း ရက်စက်ရတော့မယ်။ မတတ်နိုင်ဘူး။ ဆေးထိုးအပ်ကို အသင့်ပြင်ပြီး လက်မနဲ့ဖိ ဆေးထိုးထည့်နိုင်အောင် လုပ်လိုက်တယ်။ ဆေးထိုးပြွန်က ကျွန်တော့် လက်သီးဆုပ်ထဲမှာ။ အပ်က လက်သီးဆုပ် အပြင်ဘက်မှာ ဓားမြှောင်နဲ့ စိုက်ချသလို ပုံစံ။ သူ့ကိုယ်ထဲ အပ်စိုက်ပြီးတာနဲ့ လက်မနဲ့ ဖိထည့်လိုက်ရုံပဲ။ ဗီရိုပေါ်မှာ ကျွန်တော် နေရာ ပြင်လိုက်တယ်။

တတိယ အကြိမ် ပတတ်ရပ်ပြီး ဟောင်တယ်။ ကြာကြာ မရပ်နိုင်ဘူး။ လေးဘက်ထောက်လျက် သူ ပြန်အကျ ...

သူ့ကိုယ်ပေါ် တည့်တည့် ကျွန်တော် ခုန်အုပ်လိုက်တယ်။ အရှိန်နဲ့ ခွေးရော လူရော လိမ့်ထွက်သွားတယ်။ ကျွန်တော် သူ့ကို လုံးဝ အလစ်မပေးတော့ဘူး။ ညာလက်ထဲက အပ်ကိုပဲ သတိထားပြီး ကျန်တဲ့ လက်တစ်ဖက် ခြေနှစ်ဖက်နဲ့ အတင်း ဖက်ထားတယ်။ မပိုင်သေးဘဲနဲ့ သူ့ကိုယ်ထဲ အပ်မထိုးထည့်ရဲသေးဘူး။ အပ်ကျိုးသွားနိုင်တယ်လေ။ ခွေးကြီးက အတင်း ရုန်းကန်ပြီး တွေ့ရာ ကိုက်ခဲဖို့ ကြိုးစားတယ်။ ကျွန်တော့် ပခုံးတစ်ဘက်မှာ မျက်ခနဲ ဖြစ်သွားတယ်။ ချက်ချင်း ပူခနဲ ဖြစ်လာတယ်။ ငါးကျပ်သားလောက်တော့ ပါသွားပြီ ထင်တယ်။ အရေးထဲ တွေမိသေး။ ကျွန်တော် အောင့်ခံလိုက်တာတောင် သူ့ကို ဖက်ထားတာ လွှတ်ချင်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတယ်။ အကိုက်ခံရတော့ လူက နာသွားတာကိုး။ မဖြစ်တော့ဘူး။ ခွေးကြီးကို မှောက်လျက် အနေအထားပေါ်က ဖိထားနိုင်ဖို့ ကျွန်တော် ကြိုးစားတယ်။ ခါးနားမှာ ဇွိခနဲ တစ်ချက်။ ဒီလို လျှောက်ကိုက်နေရင် မဖြစ်ဘူး။

ကျွန်တော် အားခနဲ အကျယ်ကြီး အော်ထည့်လိုက်တယ်။ ခွေး လန့်ပြီး တစ်ချက် ငြိမ်သွားတုန်း သူ့ပါးစပ်ထဲကို အဝတ်စုတ် ပတ်ထားတဲ့ ဘယ်ဘက် လက်ဖျံ ထိုးထည့်လိုက်တယ်။ သူ ဒေါသတကြီး အရမ်း ဆွဲခါတယ်။ အဝတ်စုတ်အောက်ကို အစွယ်ပေါက် ဝင်လာတယ်။ အားနဲ့ တစ်ချက် ကျွန်တော် ဆွဲလှည့်လိုက်တယ်။ လိုအပ်တဲ့ အနေအထား ရောက် သွားပြီ။ သူ့သွားတွေ ကျွန်တော့် ဘယ်ဘက် လက်ဖျံမှာ ငြိနေတယ်။ ကျန် ညာဘက်လက်က အပ်က ချုပ်မိသွားတဲ့ သူ့လက်ပြင်ထဲကို ဆေးထိုး အပ် တဆုံး မြှုပ်ဝင်သွားတယ်။ ကျွန်တော် ဆေးအကုန် ထိုးထည့်လိုက်တယ်။ တစ်မိနစ် … နှစ်မိနစ် … သုံးမိနစ် …။

ဒေါသတကြီးနဲ့ ကိုက်ဆွဲ ခါရမ်းနေတဲ့ ခွေးကြီးဟာ တဖြည်းဖြည်း ငြိမ်ကျသွားပါပြီ။ ဒါပေမဲ့ သူ့ပါးစပ်ထဲက ကျွန်တော့် ဘယ်လက်ကို ခဲထားတုန်း။ လက်ကို ဖြုတ်မနေတော့ဘဲ သူ့ဘေးမှာ ကျွန်တော် ခြေပစ် လက်ပစ် လှန်လှဲချလိုက်တော့တယ်။ ဒဏ်ရာတွေက အခုမှ နာလာတယ်။ ကျွန်တော့် အဖြူရောင် တီရှပ် တစ်ခုလုံး သွေးတွေ ရွှဲလို့။ ကျွန်တော် သက်ပြင်းချလိုက်တယ်။ မောကြီးပန်းကြီး အသံနဲ့ပဲ အပြင်က မေမွန်တို့ကို ခေါ်မိတယ်။

'ဝင်လာခဲ့ကြတော့'

ခွေးကြီးကို *mask* စွပ်ပြီး *cage* ထဲထည့် သော့ခတ်ပြီးတော့မှ မေမွန် ကျွန်တော့်ကို ကြည့်ပြီး မျက်ရည်တွေ ကျလာတယ်။ ကျွန်တော့် ပခုံးက အင်္ကျီ စုတ်ပြတ်သွားပြီး အသား လန်ထွက်နေတယ်။ ခါးမှာက တစ်ချက်။ သွေးတွေ ထွက်နေတုန်း။ အဝတ်စုတ်ကြီး ပြန်ဖြည်လိုက်တော့ ဘယ်ဘက် လက်ဖျံမှာလည်း …။

ကျွန်တော် အားနည်းနေပေမဲ့ သူ့ကို ပြုံးပြရင်း ပြောမိတယ်။

'ဒီကောင်ကြီးကို မေမွန် နာမည် ပေးဦးလေ၊ မွေးရှိ သားကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီပဲ'

'လင်းလွန်းရယ် ...'

မသဲမကွဲ ပြောပြီး သူ ကျွန်တော့်ကို ဖက်ပြီး ငိုပါလေရောဗျာ။ အနားမှာ မိသွယ် ရှိတာတောင် မေ့သွားတယ် ထင်တယ်။ မိသွယ်က လှျာလေး တစ်လစ် ထုတ်ပြီး ပြုံးစိစိနဲ့ ကျွန်တော့် အနာတွေ *dressing* လုပ်တန် လုပ်ရအောင် တစ်ခုခု သွားယူရင်း ရှောင်သွားတယ်။ ကျွန်တော် မျက်လုံး ပြူးပြလိုက်တယ်။ ကျွန်တော် မေမွန့် ပခုံးလေး နှစ်ဖက်ကို အသာ ကိုင်ပြီး ဖြည်းဖြည်းချင်း ပြန်ခွာရတယ်။ သူပါ ညစ်ပတ် ပေရေကုန် မှင် နတ်သမီး အလှပျက်သွားမှာပေါ့။ ပါးစပ်ကတော့ သူ စိတ်မကောင်း ဖြစ်တာ ပေါ့သွားရအောင်လို့

'ဒီအကျႌ အဖြူကို သိပ်မကြိုက်တာ အတော်ပဲ၊ အနီရောင် ဝတ်လို့ ရပြီဗျ။ အနီရောင် အကျႌနဲ့ ဆိုတော့ ...'

ကတိပေးထားတာ သတိရလို့ ဇော်ဂျီ ဖြစ်ပြီလို့ ပြောမလို့ဟာ ရပ် ထားလိုက်ရတယ်။ သူ့ခေါင်းလေး မော့ပြီး ကျွန်တော့်ကို ကြည့်တယ်။ နှာခေါင်းလေး နီနီ၊ မျက်ရည်လေး စမ်းစမ်းနဲ့ တစ်မျိုး ချစ်စရာ ကောင်း နေတဲ့ သူ့မျက်နှာလေးကို ကျွန်တော် ပြန်ကြည့်မိတယ်။ သူ မျက်လွှာ ချသွားတယ်။

နှုတ်တရွံ့ရွံ့နဲ့ ကျွန်တော့် အနာတွေ သန့်စင်ပေးနေရင်းက ခေါင်းလေး ငုံ့ပြီး သူ တိုးတိုးလေး ကျွန်တော့်ကို ပြောတယ်။

'လင်းလွန်း ... မနက်ဖြန် ဇော်ဂျီရုပ်လေး ယူလာပေးတော့' တဲ့။

ပတ်ဝန်းကျင်က ...

လောကကြီး တစ်ခုလုံး လင်းခနဲ ဖြစ်သွားတယ်

ကျွန်တော် ထူပူနေတယ်။ ဝမ်းသာလုံးဆို့တာ ...



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်မိလား
တစ်ခုခု ပြန်ပြောလိုက်မိလား

သေချာ မမှတ်မိတော့ဘူး …။



www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန် မနက်မှာ
မင်းအတွက် ငါ
ဘာလုပ်ပေးနိုင်မလဲ ...။

ခဏတဖြုတ် ရတဲ့
လူ့ဘဝ တိုတိုလေးမှာ
သူတကာ ယောက်ျားသနာတွေလို
အနားမှာ ပရောပရီ
တီတီတာတာ
အိပ်မက် အကြီးကြီးတွေ တန်းစီ ချပြ
နောက်တော့ ...
မဖြစ်လာတာက ခပ်များများ ...။

ငါက
အဲဒီ ကောင်စားတွေလို
စကားတော့ ရှည်ရှည် ပြောမနေဘူး ...။



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

လင်းလွန်းကို ကိုက်သော ခွေးကြီးတွင် ခွေးရူး ရောဂါပိုး ရှာမတွေ့ပါ။ သို့သော် လင်းလွန်းသည် သုံးလေးငါးရက် ရူးသွားလေ၏။ ခွေးရူးပြန်ခြင်း မဟုတ်ချေ။ ၎င်းအား မေမွန်နန္ဒက သူ၏ အိမ်ထောင်ဖက် လောင်းလျာ အဖြစ် သတ်မှတ်သည်ဟု အမိပွာယ် သက်ရောက်သော အဖြေ စကား ကြားရ၍ လူရူးပြန်သွားခြင်း ဖြစ်၏။ လင်းလွန်းသည် သူ့အား အကြီး အကျယ် လုံးထွေး ကိုက်ခဲ့ခဲ့သော ခွေးကြီးကို ဖူးစာရှင် အဖြစ် သတ်မှတ်၍ ကျေးဇူး ရှိသည်ဟု ယူဆကာ လွန်စွာ ဂရုစိုက်၍ နေ့တိုင်း သွားကြည့် လေ၏။ သို့သော် ခွေးကြီးသည် လင်းလွန်းကို တွေ့လျှင် အလွန် လန့်၏။ သူ့တစ်သက်တွင် ခွေးနှင့် နပန်း လာလုံးလောက်အောင် မိုက်မဲသော လူကို လင်းလွန်း တစ်ယောက်မှ လွဲ၍ တစ်ခါမှ မကြုံဖူးသောကြောင့် ဖြစ်၏။ ထို့ပြင် မိမိက အားရပါးရ ကိုက်ဖဲ့ပစ်ခဲ့ပါလျက် မိမိကို ချစ်ခင် နှစ်သက်လျက် ရှိသော လူကို တအံ့တသြလည်း ဖြစ်နေရှာ၏။

မေမွန်နန္ဒသည် လုံးထွေး သတ်ပုတ်ခဲ့ကြသော ခွေးနဲ့ လူကို တစ်လှည့်စီ ပြုစုရလေ၏။ လင်းလွန်းတွင် နာမည် ရှိပြီးသား ဖြစ်၍ နာမည် ပေးစရာ မလိုသော်လည်း ခွေးကြီးကိုကား *Mike* ဟု နာမည် ပေးလိုက်လေသည်။ မည်သို့ပင် ဖြစ်စေ လင်းလွန်းသည် လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ခွေးကြီး *Mike* သည် လည်းကောင်း မေမွန်နန္ဒ၏ တစ်မျိုးစီ ချစ်ခင်နှစ်သက်ခြင်းကို ခံယူ ရရှိကြလေ၏။

ခွေးကိုက်ခံရသော ဒဏ်ရာများ၏ အနာရှိန်ကြောင့် လင်းလွန်းသည် တစ်ရက်ခန့် ဖျား၏။ လင်းလွန်း၏ အစ်မကြီး မငြိမ်းသည် သူ့မောင်ကို စိတ်ပူပြီး ပြုစုနေရသဖြင့် ဆိုင် တစ်ရက် ပိတ်ရလေ၏။ ထိုနေ့က မေမွန်နန္ဒသည် လူနာကို ငါးခါ တိတိ လာကြည့်လိုက်၊ ပြန်သွားလိုက် လုပ်လေ၏။ ခွေးကို သွားလုံး၍ အကိုက်ခံရကြောင်း သိသော် မငြိမ်းသည် သူ့မောင်ဦးနှောက်မှ ကောင်းသေးရဲ့လားဟု အံ့သြ၏။ အပျိုကြီးပီပီ ပွစိ ပွစိ လုပ်သည်မှ လွဲ၍ မငြိမ်းသည် သူလည်း ခွေး ချစ်တတ်သူ ဖြစ်သောကြောင့် ဤကိစ္စတွင် မည်သူ့ကိုမျှတော့ အပြစ် မတင်ချေ။ သူ့မောင်နှင့် လုံးသော *Mike* ကို သွားကြည့်၍ မြင်သော အခါတွင်မူ မေတ္တာဝင်၍ မည်သူ့ကို မှတ်ရှုမှန်း မသိသော သူမ၏ ဒေါသသည် *Mike* ကြီး၏ ပထမ [illegible]င်များပေါ်သို့ ဖုံကျသွားလေ၏။

ကောင်မလေး တစ်ယောက်ကြောင့် ခွေးနှင့် နပန်းလုံးကာ သေလု မျောပါး အကိုက်ခံလိုက်ရကြောင်း သတင်း ကြားသော် လင်းလွန်း၏ အစ်ကိုကြီး ကိုဆန်းဝင်းသည် ဒေါသလည်းဖြစ် စိတ်လည်း ပူကာ အသက် ဗီဝါဦးမလားဟု ကျောက်တွင်းထဲမှ ရန်ကုန်သို့ အပူတပြင်း ဆင်းလာ၏။ သို့သော် ရန်ကုန် ရောက်သော် သူ့ညီ လန်းလန်း လန်းလန်းနှင့် ချွမြူးနေသည်ကိုသာ တွေ့ရ၏။ ဦးနန္ဒတို့အိမ် သွားရောက် လည်ပတ်၍ စကား ပြောဆိုကြစဉ် မေမွန်နန္ဒကို မြင်သော် သူ့ညီသည် ဤလို ကောင်မလေးနှင့် ပတ်သက်လျှင် ခွေးနှင့်သာမက လိုအပ်လျှင် ဆင်နှင့်ပင် နပန်း လုံးချင် လုံးပေလိမ့်မည်ဟု ကိုဆန်းဝင်း သဘောပေါက်သွားလေသည်။ ထို့နောက် အစ်ကို အကြီးဆုံး ပီပီ ညီမ မငြိမ်းနှင့် ညီလင်းလွန်းတို့၏ စီးပွားရေး၊ လူမှုရေး လိုအပ်သော ကိစ္စများ မေးမြန်း ညွှန်ကြားပြီး နောက် သုံးရက်ခန့် ရန်ကုန်တွင် နေထိုင်ပြီး ကျောက်တွင်းသို့ ပြန်လေ၏။

မေမွန်နန္ဒ၏ အဒေါ် အန်တီကြွယ်သည် လင်းလွန်းကို ကရုဏာ သက်၍ ခွေးကိုက် ခံရပြီး ဖျားစဉ်က စားကောင်းသောက်ဖွယ်များ ချက်ပြုတ်ကာ သူ့တူမနှင့် ပို့စေ၏။ သို့သော် လင်းလွန်းသည် အရသာ တွေ့သွား

www.burmeseclassic.com



ကာ နောက်ပိုင်းတွင် အန်တီကြွယ် လက်ရာက အရမ်း ကောင်းလွန်းလို့ ဟိုဟာလေး ချက်ပါဦး ဒီဟာလေး ချက်ပါဦးနှင့် ညာစားလေတော့၏။

မြို့ထဲတွင် နေသော လင်းလွန်းတို့ ဘကြီးသည် လူမမာ လင်းလွန်းကို လာကြည့်၏။ သို့သော် ဘာမှ သိပ်မဖြစ်ဘဲ စပ်ဖြီးဖြီးနှင့်သာ လူမမာကို တွေ့ရသော် မင်းတို့ ခေတ်လူငယ်တွေ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ လူကြီးဘာဝ မြည်တွန် တောက်တီး၍ ပြန်သွားလေ၏။

မည်သို့ပင် ဖြစ်ပျက်ကြစေ ...

မေမွန်နန္ဒသည်

သူ့အမေနှင့် သူ့အဒေါ် ရှေ့တွင်

လင်းလွန်း ယူလာပေးသော မေတ္တာလက်ဆောင် ဇော်ဂျီ ရုပ်သေး ရုပ်လေးကို ရွက်စနိုး အမူအရာလေးနှင့်

အလေးအနက် လက်ခံ ယူခဲ့လေသည်။

ထိုနေ့က ...

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အမှန်တကယ် သာယာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

'စစ တွေ့တွေ့ချင်းမှာ အမူးသမား နှစ်ယောက်နဲ့ တွယ်ရတော့ မလို ဖြစ်တယ်'

'အင်း'

'နောက် မင်းဟာမင်း မွန်ပြီးတော့ နတ်ပွဲထဲ အတင်း ဝင်ရှုပ်လို့ နတ်ကတော်ကြီးနဲ့ သတ်ကြတယ်၊ နတ်အုန်းသီးနဲ့ အထုခံရတယ်၊ နတ်ကတော်တွေနဲ့ အရပ်နဲ့ ပေါင်းပြီး ဝိုင်း မရိုက်တာ ကျေးဇူးတင်'

'အဲဒီနေ့ပဲ ကားတိုက်တယ်၊ ဆိုက်ကားသမား ထွန်းအောင်ကျော်ကြီး မသေတာ ကံကောင်း'

'အင်း'

'အခုလည်း ရူးနေမှန်း မသိ၊ ကောင်းနေမှန်း မသိတဲ့ ခွေးကို အတင်း နပန်းဝင်လုံးတော့ အကိုက်ခံရတာ မှလို့'

'အင်း'

'တခြား လူတွေသာဆို မင်းပါးစပ်က ပြောလိုက်မယ့် ဖြစ်ခြင်း ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ စုံနေမှာ၊ မင်းကျတော့ ရည်းစားလေး တစ်ယောက် ရဖို့ ခွေးနဲ့တောင် နပန်းလုံးတဲ့ အထိ၊ မင်း ဘာဖြစ်ချင်သေး လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မပြောချင်ဘူး'

'အေး၊ မင်း ပြောချင်လည်း ပြောလို့ မရတော့ဘူး ဟော့ကောင်၊ ငါတို့တွေ ရည်းစား ထားတုန်းက ဘာဖြစ်သလေး ညာဖြစ်သလေး ပြောတဲ့ ကောင်၊ မင်းအလှည့်ကျ ...'

'ဟုတ်ပ သားကြီးရာ၊ ငါတို့ အားလုံး ရည်းစား ထားဖူးကြပါတယ်၊ ဘယ်သူမှတော့ ခွေးနဲ့ ဖက်မကိုက်ဘူး'

'သော်ဇင် ငါ ဖက်ရုံပဲ ဖက်တာပါကွာ၊ ကိုက်တော့ မကိုက်ခဲ့ပါဘူး'

'လုပ်မနေစမ်းပါနဲ့ လင်းလွန်းရာ၊ မင်း ကိုက်ချင်လည်း ကိုက်ခဲ့မှာပါ၊ ငါတို့မှ မမြင်ရတာ'

'အေးလေ'

လက်ဖက်ရည်ဆိုင်မှာပါ။

ဒီနေ့ မေမွန် သူ့အဖေနဲ့ အပြင် သွားနေလို့ ကျွန်တော် ပျင်းတာနဲ့ လက်ဖက်ရည်ဆိုင် ထွက်ထိုင်တုန်း ဒီကောင်တွေနဲ့ တည့်တည့် တိုးလို့ ဝိုင်းပြောတာ ခံနေရတာပါ။ ဒီကောင်တွေနဲ့ တွေ့ရင် အပြောခံရမယ်မှန်း သိလို့ အိမ်သီယိုးပီးယားတောင် မသွားဘဲ လက်ဖက်ရည်ဆိုင် လာထိုင်တာမှ တည့်တည့် တိုးတော့တယ်။ ကျွန်တော် စကားလမ်းကြောင်းများ ပြောင်းမလား ဆိုပြီး

'သားကြီး မင်းဆိုင် မင်း မသွားဘူးလား'

'*Direction* မလွှဲနဲ့ ဟော့ကောင်၊ ငါ့ဆိုင်ငါ သွားချင် သွားမယ်၊ မသွားချင် မသွားဘူး၊ ငါ့အလုပ် ငါ သိတယ်၊ မင်းလို အပေါင်းအသင်းပျက် အလုပ်ပျက် မွှန်နေတဲ့ ကောင်မျိုး မဟုတ်ဘူး'

မရပါလားဟ။ နေဦး။ နောက်တစ်မျိုး စမ်းကြည့်ဦးမှ။

'သော်ဇင် ဒီတစ်ပတ် ချန်ပီယံလိဂ် ပွဲတွေ ရှိလား'

သော်ဇင်က မျက်နှာသေနဲ့ ကျွန်တော့်ကို သေချာ ကြည့်တယ်။ ပြီးမှ ခေါင်းကို ဖြည်းဖြည်းချင်း ခါပြီး

'လင်းလွန်း လာမေးမနေနဲ့၊ တခြားဟာတွေလည်း လျှောက်မပြောမနေနဲ့၊ အခုချိန်မှာ ဒါတွေ ဘာမှ အရေးမကြီးဘူး၊ သူငယ်ချင်းကောင်း ပီသစွာနဲ့ မင်းကိစ္စ တစ်ခုတည်းကိုပဲ အဓိကထားပြီး ဦးစည် ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ရလိမ့်မယ်၊ တစ်ခါမှ ရည်းစား မထားဖူးဘဲနဲ့ အခုမှ မတန်မရာ တစ်ယောက် ရတော့ စိတ်ကို မထိန်းနိုင်ဘဲ မင်း ရူးတဲ့ ဘက်ကို နည်းနည်း လုနေပြီ'

'မှန်တယ် သော်ဇင်၊ ဒီကောင်ကို ငါတို့မှ မကယ်ရင် ဘယ်သူမှ ကယ်နိုင်မယ် မထင်ဘူး၊ ဒီမှာ လင်းလွန်း … ငါ့ကို ကြည့်စမ်း … သေချာကြည့်၊ မှတ်မိလား … မင်း သူငယ်ချင်း ဘူးသီးလေ၊ လူတော် လူကောင်းလေးလေ သိလား'

မရတော့ဘူး။ ကျွန်တော် ဗျူဟာ ပြောင်းပြီး လစ်မှ ထင်တယ်။ ကျွန်တော် ဘူးသီး မျက်နှာကို မသိသလို ကြည့်ပြီး

'*sorry* ဗျာ၊ ကျွန်တော် ခင်ဗျားတို့ကို မသိဘူး၊ ခွင့်ပြုဦးနော်၊ ကိစ္စလေးတွေ ရှိသေးလို့ ညီလေးရေ … လက်ဖက်ရည်ဖိုး'

'အမယ် မယ် မယ်၊ ယောကောင် … ဟင်း သေခြင်းဆိုး လူလည် မကျနဲ့ ထိုင်စမ်း'

'ထိုင်ပါ ထိုင်လိုက်ပါ၊ ဟင်း … ဟင်း … ပြန်ထိုင်ချလိုက်စမ်းပါ၊ ဘူးသီး ဆွဲထားစမ်း ဒင်းကို … ဒီလို လစ်ပြေးလို့ ရမလား'

ဘူးသီးက ကျွန်တော့် လက်ကို ဆွဲထားလို့ ပြန်ထိုင်လိုက်ရတယ်။ သားကြီးက ပြောပြောဆိုဆို ခုံရော လုပါ ကျွန်တော့်နား ကပ်လာတယ်။ သော်ဇင်က ကျွန်တော် ခေါ်လိုက်လို့ ရောက်လာတဲ့ စားပွဲထိုးလေးကို မရှင်းသေးဘူး ညီလေး ဆိုပြီး ပြန်လွှတ်လိုက်တယ်။ ပြီးမှ သတိကြီးစွာ ထားတဲ့ ပုံနဲ့

'ဒီမှာ လင်းလွန်း … မင်းကိုယ်မင်း သိလား'

'ဘာကိုလဲ'

'မင်း အခြေအနေ တော်တော် ဆိုးနေပြီ သူငယ်ချင်း၊ မင်း ရောဂါက ရင်လေးစရာ ဖြစ်နေပြီ'

'ဟ ငါက ဘာဖြစ်နေလို့လဲ'

'ဘာဖြစ်နေသလဲ ဆိုတာ ငါ ပြောပြမယ်၊ မင်း သေချာ စဉ်းစား ကြည့်စမ်း၊ မင်း ရူးနေပြီကွ'

'ဟာ အသားလွတ်ကြီးပါလား'



www.burmeseclassic.com

www.burmeseclassic.com



'အသားလွတ်ကြီး မဟုတ်ဘူး၊ ငါ ပြောပြမယ်၊ ကောင်မလေးနဲ့ မင်းနဲ့ တွေ့တာ ဘယ်လောက် ကြာပြီလဲ၊ သိပ်မကြာသေးဘူး မဟုတ်လား'

'အင်း'

'အခု မင်းတို့ရဲ့ နောက်ဆုံး ပတ်သက်မှု အခြေအနေ ငါတို့ကို ပြောပြစမ်း'

ကျွန်တော် နည်းနည်း မသင်္ကာ ဖြစ်နေတယ်။ သော်ဇင် အတည် ပြောနေတာမှ ဟုတ်ရဲ့လား။ ဒီကောင်တွေ မျက်နှာတွေ လိုက်ကြည့်တော့ ခပ်တည်တည်ပဲ။ သားကြီးက

'ဟုတ်တယ် လင်းလွန်း၊ မင်း မရောက်လာခင်လေးတင် မင်း အကြောင်း ငါတို့ ပြောနေကြတာ သော်ဇင် ပြောတာ ငါတို့လည်း သိချင် တယ်၊ မင်းတို့ရဲ့ လက်ရှိ အခြေအနေ တို့ကို ပြောပြ'

ဘူးသီးကလည်း

'ဟုတ်တယ် ဟေ့ကောင်၊ မင်း အရင် နေထိုင်နေတဲ့ ပုံစံနဲ့ အခု မင်း ဖြစ်နေတဲ့ ပုံစံ ကွဲနေပြီ'

သော်ဇင်က ထောက်ခံတယ်။

'အဲဒါကြောင့် ငါ အခု ဒီကောင့်ကို မေးနေတာပေါ့၊ ဟေ့ကောင် ပြောပြ၊ မင်းကိစ္စတွေ အကုန်လုံးကို၊ ပြီးရင် ငါတို့ ကောက်ချက် ချထားတာ မင်းကို ပြောပြမယ် မင်းဟာမင်း စဉ်းစား'

ကျွန်တော် သက်ပြင်းချပြီး မေမွန်နဲ့ ကျွန်တော်နဲ့ အခြေအနေကို အခုချိန်အထိ ဖြစ်ပျက်ခဲ့တာတွေ ပြောပြလိုက်တယ်။ ကျွန်တော် ပြောနေတုန်း မှာ ဒီကောင်တွေ ဘာမှ ဝင်မပြောဘူး။ နားထောင်လိုက် ခေါင်းညိတ်လိုက် လုပ်နေတယ်။ ပြီးတော့မှ သော်ဇင်က

'ငါတို့ သိထားတာနဲ့ မင်း ပြောတာနဲ့ ဘာမှ သိပ်ပြီး မကွဲလွဲဘူး၊ ဒီမှာ လင်းလွန်း ငါတို့က အလကားနေရင်း မင်းအကြောင်း အားအား ယားယား လိုက်စပ်စုနေတာ မဟုတ်ဘူး၊ ဘေးလူ တစ်ယောက် အနေနဲ့ ငါတို့ မြင်တာတွေ ပြောပြမယ်၊ ငါ မေးတာတွေ မင်း ဖြေမလား'

'လုပ်ကြည့်လေ'

'အေး ဟုတ်ပြီ၊ ပထမ တစ်ခု၊ မင်းကောင်မလေး အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာသိလဲ၊ ငါ ပြောချင်တာက မင်းတို့ မိသားစုချင်း ရင်းနှီးကြလို့ သိတာထက် သူ့အကြောင်း မင်း ဘာပိုသိထားလဲ'

'သူ ပြောပြတတ်တဲ့ အကြောင်းတွေတော့ ရှိတယ်၊ ငါကတော့ ဘာမှ သိပ်မမေးမိဘူး၊ လိုက်စပ်စုရာ ကျမှာစိုးလို့'

'ဟုတ်ပြီ ထားတော့၊ နောက်တစ်ခုက မင်း သူ့ကို တိတိပပ *propose* လုပ်ဖူးလား ဆိုလိုတာကကွာ၊ မင်း သူ့ကို အတိအလင်း ဖွင့်ပြောဖူးလား'

'အဲဒီလိုတော့ မပြောဖြစ်လိုက်ဘူး၊ အဖြစ်အပျက်က မထင်မှတ်ဘဲ ဖြစ်ပျက်သွားတာမျိုး'

'ထားပါတော့၊ နောက်တစ်ခု ငါ မေးမယ်၊ သူကရော မင်းကို ပွင့်ပွင့်လင်းလင်း အဖြေ ပြန်ပေးပြီးပြီလား'

'ပါးစပ်က မပြောဘူး၊ ဒါပေမဲ့ အဓိပ္ပာယ် သက်ရောက်မှုက တူတူပဲ'

'ကောင်းပါပြီ၊ နောက်တစ်ချက် ရှိသေးတယ်၊ မင်းက သူ့အပေါ် ဘယ်လောက် အထိ အလေးအနက် ထားတယ်၊ ရည်ရွယ်ထားတယ်၊ သူကလည်း မင်းအပေါ် ဘယ်လို သဘောထားတယ် ဆိုတာတွေကို အေးအေး ဆေးဆေး ချွေးနွေးကြည့်ဖူးလား၊ အချင်းချင်း ပြောဖူးလား'

'မလိုအပ်ဘူး ထင်လို့ မပြောဖူးဘူး၊ ငါကတော့ သူ့ကို သေတဲ့ အထိ ပေါင်းသင်း နေထိုင်သွားဖို့ ဆုံးဖြတ်ထားတယ်'

'သူ့ဘက်ကရော'

'သူ မပြောပြဖြစ်သေးပေမဲ့ ငါ ယုံကြည်တယ်၊ သူနဲ့ငါ စိတ်ချင်း တော်တော် နီးစပ်တယ်လို့ ငါတို့ နှစ်ယောက်စလုံး ခံစားရတယ်'

'ကောင်းပြီ ငါ တစ်ခု ထပ်မေးမယ် လင်းလွန်း၊ မင်း သစ္စာရှိတာကိုတော့ ငါတို့ သိပြီးသား၊ ကောင်မလေး ပုံစံကလည်း မင်းလိုပဲ ရှိမှာပဲ လို့ ငါတို့ ယူဆတယ်၊ ဒါပေမဲ့ ယောက်ျားလေး တစ်ယောက် အနေနဲ့ မဖြစ်မနေ စဉ်းစားထားသင့်တာ ရှိတယ်၊ မင်း သူ့ဘဝကို တာဝန်ယူရပြီဆို အချိန်မှာ ဘယ်လို နေထိုင်သွားကြမလဲ ဆိုတာ မင်း စဉ်းစားထားပြီးပြီလား'

'လောလောဆယ် မစဉ်းစားမိသေးဘူး'

'လင်းလွန်း ... မင်း မေ့သွားပြီလား၊ ငါတို့တွေ ရည်းစားတွေ



www.burmeseclassic.com

www.burmeseclassic.com



ထားနေကြတုန်းက မင်း ခဏ ခဏ ပြောတယ်လေ၊ ယောက်ျားလေး တစ်ယောက်က မိန်းကလေး တစ်ယောက်ကို တာဝန်ယူဖို့ သေချာ မစဉ်း စားထားဘဲနဲ့ အပြေ မတောင်းသင့်ဘူးဆို၊ အခု မင်း သူနဲ့ ပတ်သက်ပြီး ဘာမှ မစဉ်းစားထားသေးဘူး'

ကျွန်တော် ဘာမှ ပြန်မပြောမိဘူး။ ဒီကောင် ပြောတာ ဟုတ်တယ်။ ကျွန်တော် သေချာ စဉ်းစားရမယ့် ကိစ္စတွေ အများကြီး ရှိသေးတယ်။ သော်ဇင်က ဆက်ပြီး

'နောက် ငါ လိုအပ်တာ တစ်ခုပဲ ထပ်မေးတော့မယ်၊ လင်းလွန်း ငါ အစက မေးခဲ့တဲ့ ဟာပဲ၊ မင်း ကောင်မလေး အကြောင်းကို ဘယ်လောက် ထိ သိအောင် လုပ်ပြီးပြီလဲ၊ မင်းနဲ့ အတူ ပေါင်းသင်း နေထိုင်သွားမယ့် လူတစ်ယောက်ဟာ ဘဝမှာ ကြိုက်နှစ်သက်မှု နေမှု ထိုင်မှုတွေ ဘယ်လို ရှိတယ် ဆိုတာ မင်း သိအောင် ကြိုးစားနေပြီလား'

'......'

'ဒီမှာ လင်းလွန်း'

'ပြော သူငယ်ချင်း'

'ငါတို့ ခုနက ပြောနေတဲ့ မင်းအကြောင်းက ဘာလဲ သိလား'

'မသိဘူး'

'မင်းဟာ *Software Developer* တစ်ယောက်၊ အရပ်သုံး စကားနဲ့ဆို ကွန်ပျူတာ ပရိုဂရမ်မာ တစ်ယောက်၊ *project* တစ်ခု *software package* တစ်ခုကို ရင်ဆိုင်တဲ့ နေရာမှာ အရင်တုန်းက သိပ် တိကျတယ်၊ *Data collection* လို့ ခေါ်တဲ့ လိုအပ်တဲ့ အချက် အလက်တွေကို ရှာဖွေ စုဆောင်းတဲ့ နေရာမှာရော၊ ကိုယ် ဦးတည်တဲ့ ရည်ရွယ်ချက်နဲ့ *destination point* ကို သတ်မှတ်တဲ့ နေရာမှာရော၊ ကိုယ် အသုံးပြုမယ့် *programming platform* ရွေးချယ် စဉ်းစားရာ မှာရော စနစ်တကျ ရှိခဲ့တယ်၊ ဒါပေမဲ့ အခု မင်း ဘာဖြစ်နေလဲ မင်း ဘာမှ မသိသေးတဲ့ *project* တစ်ခုကို မင်းပုံစံ မဟုတ်ဘဲ ရင်ဆိုင်နေတယ်၊ ငါတို့ကို မင်းပဲ မကြာခဏ ပြောခဲ့တာ၊ စနစ်တကျ မရှိရင် ဘာကိုမှ မကိုင်တွယ်နဲ့ဆို၊ အခု ဘယ်လိုလဲ၊ မင်းဟာ မင်း မဟုတ်တော့သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ သူငယ်ချင်း၊ ငါတို့ ပြောချင်တာက မင်း ဘာလုပ်သင့်တယ် မလုပ်သင့်ဘူး ပြောနေတာ မဟုတ်ဘူး၊ မင်းမှာ လိုအပ်ချက်တွေ အများကြီး ရှိနေတာ ငါတို့ တွေ့နေရတယ်၊ မင်း မတွေ့ဘူး၊ ဒါမှမဟုတ် မတွေ့ချင်ယောင် ဆောင်နေတယ်၊ မင်း ရူးနေပြီ သူငယ်ချင်း'

အတွေး ကိုယ်စီနဲ့ ခဏ တိတ်ဆိတ်သွားတယ်။ သော်ဇင် ပြောတာ ကို ကျွန်တော် အလေးအနက် စဉ်းစားနေမိတယ်။ မှန်ပါတယ် … ကျွန်တော့် မှာ သူနဲ့ ပတ်သက်ပြီး လိုအပ်ချက်တွေ အများကြီး ရှိနေသေးပါလား။ ခဏကြာတော့ ဘူးသီးက

'လင်းလွန်း'

'ဟေ'

'မင်းကောင်မလေးက မင်းအနားကို ရုတ်တရက် ရောက်လာတာ ဆိုတော့ ငါ တွေးကြည့်တယ်'

'ဘာကိုလဲ'

'ဩော်…လူရော ဟုတ်ရဲ့လားလို့၊ မင်း သတိထားမိရင် ပြောပြစမ်း'

'ဘာလဲ'

'သူ နေပူထဲ သွားရင် အရိပ်ရော ထွက်ရဲ့လား၊ မင်း သတိထားဖူး လား'

ကျွန်တော် ဇဝေဇဝါ ဖြစ်သွားတယ်။ အဲဒါကို ကြည့်ပြီး ဒီအကောင် အကျယ်ကြီး ထရယ်တယ်။

ကျွန်တော် သဘောပေါက်သွားပြီး ထဆဲမိတယ်။

ကျွန်တော့် ကောင်မလေးကို မဟော်သဓာ ပြဇာတ်ထဲက ဘီလူးမလို ဟာမျိုးလို့ သွယ်ဝိုက်သော နည်းနဲ့ တွယ်တာပါ။

တစ်ခုတော့ ရှိတယ်။

ဘီလူးမတင် မကဘူး။ နတ်သမီးတို့ ဥစ္စာစောင့်တို့လည်း အရိပ် မထွက်ဘူးလို့ ကျွန်တော် ကြားဖူးတယ်။

သေချာပါတယ်။

သူကတော့ လူမလေးပဲ ဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

'ဘာဖြစ်နေတာလဲ'

'ဘာဖြစ်ရမလဲ၊ ရှင့်ကို ကြောက်နေတာပေါ့'

'ကျွန်တော့် ရုပ်က အဲဒီလောက် ကြောက်စရာ ကောင်းနေလို့လား၊ သူ့ကို ကျွန်တော်ပဲ နေ့တိုင်း အစာ ကျွေးနေတာပဲ'

'မရဘူး၊ ရှင်က သူ့ကို အတင်း ဝင်ဖမ်းထားတဲ့ လူကိုး၊ ရှင့်ကို ကိုက်လို့လည်း မရဘူး၊ ရှင့်ကြောင့် သူ မေ့သွားတယ်လေ၊ ရှင့်အနံ့ကို သူ မှတ်ထားတာပေါ့၊ ရှင်က သူ့ကို နိုင်ထားတော့ ရှင့်ကို တွေ့ရင် သူ ကြောက်နေတာပေါ့'

ဆေးခန်းထဲမှာပါ။

ကျွန်တော်နဲ့ နတ်သမီးနဲ့ *Mike* ကြီးကို အစာ ကျွေးပြီး ဆေး တိုက်ဖို့ လုပ်နေကြတာ၊ *Mike* ကြီးက တော်တော် ယဉ်ပါးလာပြီ။ ဒါပေမဲ့ ကျွန်တော့် မြင်ရင် မေမွန့် လက်ထဲက ရုန်းပြီး ပြေးချင်နေတုန်း။ ကျွန်တော် က *Mike* ကြီးကို ပွတ်သပ် ကိုင်တွယ်ကြည့်ချင်တယ်။ သူ့သခင်မလေးက သေချာ ပြုစု စောင့်ရှောက်ထားတော့ တော်တော် ကျန်းမာ သန်စွမ်းနေပြီ။

'လင်းလွန်း ကျုပ် အစာကျွေးပြီး ဆေးတိုက်ရဦးမယ်၊ ရှေ့ခန်းမှာ သွားနေကွာ၊ ရှင် ရှိရင် သူ ရုန်းနေတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ကြည့်ချင်လို့'

'သူ ရှင့်ကို ကြောက်နေပါတယ် ဆိုမှ'

'ကြောက်စရာမှ မရှိတာ၊ သူ့ကို ချစ်လို့ ကြည့်နေတာပဲဟာ'

'လင်းလွန်း … သွားကွာ၊ ခွေးဆိုတာ ကျားကို ကြောက်တာပဲ၊ စီးတော်ကျားစုတ်ကြီး'

သူ မျက်စောင်းလေး ထိုးပြီး ပြောတယ်။ ကျွန်တော် စချင်သွားတယ်။

'သခင်ကရော စီးတော်ကျားကြီးကို မကြောက်ဘူးလား'

'အမယ် … ဘာလို့ ကြောက်ရမှာလဲ၊ လုံးဝ မကြောက်ပါဘူးနော်'

'ပြောမရရင် သခင်ကိုပါ နပန်းဖက်လုံးပြီး မေ့ဆေး ထိုးပစ်လိုက်မှာ'

'*Mike* လိုပဲ အသားတွေ ပွဲထွက်အောင် ကိုက်ပစ်မှာပေါ့'

နှုတ်ခမ်း နက်နက်တွေ ကြားက ဖွေးဖွေးဖြူနေတဲ့ သွားလေးတွေကို စိပြတယ်။ ကျွန်တော် အသည်းယားသွားတယ်။

'ကိုက်ပစ်ကွာ၊ အကိုက်ခံပစ်လိုက်မယ် … စမ်းကြည့်ရအောင် လာခဲ့ …'

အနားကပ်သွားတော့မှ သူ ကျွန်တော့်ကို တွန်းထုတ်ပြီး

'အာ … ယောကျာင်း ဘာဖြစ်နေလဲ မသိဘူး၊ သွားကွာ၊ သွယ်သွယ် မြင်သွားရင် ရှက်စရာကြီး လာမထိနဲ့'

'အမယ် အခုမှ …. *Mike* ရောက်လာတဲ့ နေ့တုန်းကတော့'

'မပြောနဲ့ …'

သူ့မျက်နှာလေး နီပြီး ရှက်နေတယ်။ မျက်စိ မှိတ်ပြီး အော်တယ်။

'ဟ ဘာပြောသေးလို့လဲ၊ မေမွန်က ကိုယ့်ဟာကိုယ် ဘာတွေ လျှောက်တွေးနေတာလဲ၊ ကျွန်တော် ပြောတာက ဒဏ်ရာတွေ *dressing* လုပ်တော့ သွယ်သွယ့် ရှေ့မှာ ထိမိတာပဲလို့ ပြောမလို့ဟာ၊ မေမွန်က ဘာပြောမယ် ထင်လို့လဲ'

'အာ လင်းလွန်းကွာ၊ ဘာမှန်းလဲ မသိဘူး သွားကွာ၊ ရှေ့ခန်းထဲမှာ ပဲ သွားနေတော့ဆို'



www.burmeseclassic.com

www.burmeseclassic.com



သူ ပိုရှက်သွားပြီး အတင်း တွန်းလွှတ်လိုက်လို့ ဆေးခန်း ရှေ့ခန်းဘက် ထွက်လာရတယ်။ ရှေ့ခန်းမှာ ဗီရိုထဲက ဆေးပုလင်း ရှာနေတဲ့ သွယ်သွယ်က ပြုံးစိစိနဲ့ ဘာဖြစ်တာလဲလို့ မေးဆတ်ပြတယ်။ ကျွန်တော်က မဲ့ရွဲ့ ပခုံးတွန့်ပြီး လက်ခါပြလိုက်တော့ သူ ရယ်တယ်။ ဟိုဘက်ခန်းမှာ မေမွန် *Mike* ကြီးကို ချော့ခေါ်နေတဲ့ အသံ ကြားနေရတယ်။ အဲဒီအချိန်မှာ

ဆေးခန်းရှေ့ကို *Mitsubishi Extra Cab* ကြီး ဝေါခနဲ ထိုးရပ်လာတယ်။

'ဒယ်မေးလရှင်းကြီးပါလား'

ကျွန်တော့် ပါးစပ်က အသံ ထွက်သွားလို့ သွယ်သွယ်က လှမ်းကြည့်ပြီး ခွိခနဲ ရယ်တယ်။ ကျွန်တော်နဲ့ သွယ်သွယ် ကြည့်နေကြတုန်းမှာ

တံခါး ပွင့်လာတယ်။ ထုံးစံအတိုင်း ကိုအာကာကြီးရဲ့ ခြေထောက်တစ်ဖက် ဗတ်ခနဲ ထွက်လာတယ်။ ဒီတစ်ခါ ရှူးအဖြူ၊ ဘောင်းဘီ အဖြူရောင် ဆွတ်ဆွတ်။ နောက် လူတစ်ကိုယ်လုံး ထွက်လာတယ်။ မြတ်စွာဘုရား ကယ်တော်မူပါ။ သွယ်သွယ့်ထံက တခွိခွိ ရယ်သံ ထွက်လာတယ်။ ကိုအာကာကြီးက ခွေခေါင်ခေါင် ပူပူလောင်လောင်ကြီးမှာ တပြောင်ပြောင်အရောင်တွေ ထွက်နေတဲ့ တစ်ကိုယ်လုံး *suit* အပြည့်အစုံ အဖြူရောင်နဲ့။

ဖိနပ် အဖြူ၊ ဘောင်းဘီ အဖြူ၊ ခါးပတ်ကတော့ ကုတ်အဖြူနဲ့ ဖုံးနေလို့ မမြင်ရဘူး။ ဒါပေမဲ့ အဖြူပဲ နေမှာပါ။ *Neck Tie* [illegible] အထဲက ရှပ်အဖြူ၊ အမယ် လက်နှစ်ဖက်မှာတောင် လက်အိတ် အဖြူ နှစ်ဖက် စွပ်လို့။ မိုက်ကယ်ဂျက်ဆင်ထက်တောင် လက်အိတ် တစ်ဖက် ပိုသေး။ ခေါင်းတစ်ခုပဲ အဖြူရောင်နဲ့ မလိုက်မဖက်။ မျက်နှာကြီးက နီနီ၊ ဆံပင် အနီရောင် တောက်တောက်တွေကို ပိပြားနေအောင် နောက်လှန် ဖြီးလို့။ မျက်လုံးမှာ နေကာမျက်မှန် အနီရောင် အကြီးကြီး။ သူ့ကြည့်ရတာ ဘဲငန်းအဖြူကြီး ခေါင်းမီးတောက်နေသလို။

ဆေးခန်းဘက် ခပ်တည်တည် တစ်ချက် ကြည့်တယ်။ ကျွန်တော့်ကို မြင်တော့ ခေါင်းတစ်ချက် ဆတ်ပြပြီး သူ့ကားထဲက တစ်စုံတစ်ခု ဆွဲထုတ်လိုက်တယ်။ သိမ်းငှက် မွေးတဲ့ သူတွေ သုံးလေ့ ရှိတဲ့ သားရေလက်အိတ်



www.burmeseclassic.com

www.burmeseclassic.com



အထူ အကြီးကြီး တစ်ဖက်။ သူ့ဘယ်လက်မှာ ထပ်စွပ်လိုက်တယ်။ ပြီးတော့ သူ့ကားရဲ့ ဟိုဘက် တံခါးပေါက်ဘက်ကို ဂေါ့ဖားသား ပျားတုပ်ခံရတဲ့ ခြေလှမ်းနဲ့ ဆတ်တောက် ဆတ်တောက် ပတ်လျှောက်သွားပြီးတော့ တံခါးကို ဆွဲဖွင့်တယ်။ အထဲက ပစ္စည်းကြီး တစ်ခုကို ထုတ်ပြီး ဒီဘက် ပြန်လျှောက်လာတယ်။ သူ့ကြည့်ရတာ တော်တော် လေးပုံပဲ။ ကားနဲ့ ကွယ်နေလို့ ဘာသယ်လာမှန်း မမြင်ရသေးဘူး။ ဒီဘက် သူ ပတ်လျှောက် လာတော့မှ သူ့လက်ထဲ ဆွဲလာတာက ...

သံလှောင်ချိုင့် အကြီးကြီး တစ်ခု။ အထဲမှာ စွန်လား၊ လင်းယုန်လား၊ သိမ်းငှက်လား၊ လဒကြီးပဲလား သေချာ မမြင်ရတဲ့ ငှက်ကြီး တစ်ကောင်။ လှောင်ချိုင့်ကြီးကို သူ့ကား ဘောနပ်ပေါ်ကို အနိုင်နိုင် မတင်တယ်။ လမ်းပေါ်မှာ ဖြတ်သွား ဖြတ်လာ တချို့က သူ့ကို ကွက်ကြည့် ကွက်ကြည့် လုပ်သွားကြတယ်။ ကိုအာကာ ဘယ်သူ့မှ ဂရုမစိုက်ဘူး။ ကားဘောနပ်ပေါ်က လှောင်ချိုင့်ကြီးရဲ့ တံခါးကြီးကို ဆွဲဖွင့်လိုက်တယ်။ အထဲက ခြေထောက်မှာ သံကြိုး တန်းလန်း တစ်ဖက်နဲ့ ငှက်ကြီးကို လက်အိတ်ထူ ဝတ်ထားတဲ့ ဘယ်လက်နဲ့ နှိုက်ပြီး ခြေထောက်က ဆွဲထုတ်တယ်။ ငှက်ကြီးက သူ့လက်ကို ဖောက်ခနဲ လှမ်းဆိတ်တယ်။ ဒါပေမဲ့ လက်အိတ်ထူကြီးနဲ့မို့ သူ မမှုဘူး။ ခြေထောက်က ကိုင်ပြီး အတင်း ဆွဲထုတ်တယ်။ ငှက်ကြီးက ဖောက်ထိုးကြီး သံကြိုး တန်းလန်းနဲ့ ပါလာတယ်။ ငှက်ခြေထောက်က သံကြိုးကို သူ့ညာလက်နဲ့ ကိုင်ပြီး လက်အိတ်ကြီး ဝတ်ထားတဲ့ ဘယ်လက်ပေါ်မှာ ငှက်ကြီးကို ဟန်ပါပါ နားခိုင်းဖို့ ကြံနေတယ်။ သူ လုပ်နေတာကို ကြည့်ပြီး မိသွယ် တခစ်ခစ်နဲ့ ရယ်နေတယ်။ ကျွန်တော် ပြုံးမိပေမဲ့ တစ်ခု သတိရလို့

'ဒီလူ နာတော့မယ် မိသွယ်၊ အစ်ကို သွားကူညီလိုက် ...'

စကားတောင် မဆုံးလိုက်ဘူး။ ကိုအာကာ လက်ထဲမှာ ဖောက်ထိုး မိုးမျှော် ကိုးရိုးကားရား ဖြစ်နေတဲ့ ငှက်ကြီးက သူ့အတောင် ဖြန့်လို့ ရတယ် ဆိုတာ သိသွားပြီး ဖြန်းခနဲ အတောင် နှစ်ဖက် ဖြန့်လို့ ကိုယ်ကို လိမ်ပိုက်ပြီး ကိုအာကာရဲ့ ဘယ်လက်ပေါ် တက်နားတယ်။ ကိုအာကာ ပြုံးတယ်။ သူ့လက်ပေါ်မှာ ငှက်ကြီးက သူ လိုချင်တဲ့ ပုံစံ နားနေပြီ။ သူ ဂုဏ်ယူစွာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘယ်လက်ကို အပေါ်ကို မြှောက်ယူလိုက်တယ်။

တစ်စက္ကန့် အတွင်းမှာ

'ဖြန်း'

'အား'

'ဖြန်း ဖြန်း ဖြန်း'

'အား ... အား'

'ဗွ'

ဖြစ်ပျက်သွားတာ သိပ်မြန်ပါတယ်။ ဘယ်လက်ပေါ် တက်နားလိုက်တာဟာ ကိုအာကာ ထင်သလို မဟုတ်ပါဘူး။ ငှက်ကြီးက တိုက်ခိုက်ဖို့ *body balance* ခဏာ ထိန်းရုံပါ။ ပြီးတာနဲ့ အတောင် နှစ်ဖက်နဲ့ မျက်နှာကို ရိုက်ပြီး ခြေသည်းတွေနဲ့ ကုတ်ဆွဲတယ်။ ငှက်ခြေထောက်က သံကြိုးကို ကိုအာကာ ညာလက်က ကိုင်ထားတော့ ငှက်ကြီး ဟန်ချက် ပျက်သွားပေမဲ့ တိုက်ခိုက်မှုမှာ မွေးရာပါ ကျွမ်းကျင်တဲ့ လင်းယုန်ငှက်ကြီးတို့ သဘာဝ ချက်ချင်း ညာလက်ကို နှုတ်သီးနဲ့ ပေါက်တယ်။ သူ့ခြေထောက် အနှောင် အဖွဲ့ လွတ်တာနဲ့ ကိုအာကာရဲ့ ကိုယ်လုံးနဲ့ မျက်နှာ အနှံ့ကို အတောင်တွေနဲ့ရိုက် ခြေသည်းတွေနဲ့ တိုက်ခိုက်ရင်း ပခုံး တစ်ဖက်မှာ ခဏနားအားယူလိုက်ပြီးတာနဲ့ အဝေးကို ပျံထွက်သွားပါတော့ တယ်။ ကျွန်တော် စိတ်ပူပြီး သူ့အနား ပြေးသွားလိုက်တယ်။

'ဘယ်လို ဖြစ်တာလဲဗျာ၊ ခင်ဗျား ကံကောင်းလို့ စုံလုံးမကန်းတာ'

အမှန်ပါပဲ။ ကိုအာကာ တပ်လာတဲ့ နေကာ မျက်မှန်ကြီး ကယ်ပေလို့ မျက်လုံးတွေ အန္တရာယ်က လွတ်သွားတာပါ။ ဒါပေမဲ့ ပါးမှာ တစ်ချက်တော့ ခြေသည်းရာ မိသွားပြီး အစင်းလိုက် သွေးစို့နေတယ်။ ကုတ်အင်္ကျီရဲ့ လက် နဲ့ ရင်ဘတ် သုံးလေးနေရာမှာ ဖွာထွက်နေတယ်။ အသားတော့ မထိဘူး

ပထမတော့ သူ ကြောင်နေတယ်။ နောက်သတိဝင်လာပြီး သူ့ဘော ဘောနပ်ပေါ်က ယောင်းလောင်း ကျန်ခဲ့တဲ့ သံလှောင်ချိုင့်ကြီးကို ကျွန်တော် လက်ထဲ ထိုးထည့်တယ်။

'ရော့'

ပြီးတာနဲ့ ကားပေါ် တက်ပြီး ဘာမပြော ညာမပြော မောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားပါတော့တယ်။ လမ်းပေါ်မှာ လှောင်ချိုင့်ကြီး ဝိုက်ပြီး သူ့ကား နောက်မြီးကို ငေးရင်း ကျွန်တော် ကျန်ခဲ့တယ်။ နောက်မှ ဆေးခန်းထဲ ပြန်ဝင်ခဲ့တယ်။

ဆေးခန်းထဲမှာ မေမွန့်ကို သွယ်သွယ်က ဖောက်သည်ချလို့ နှစ်ယောက်သား ရယ်နေကြတယ်။ ကျွန်တော် လှောင်ချိုင့်ကြီးကို ခုံပေါ် တင်လိုက်ရင်း ခပ်တည်တည်နဲ့ သူတို့ကို

'ရယ်မနေနဲ့ လူနာ ကြည့်ကြဦး၊ သူက လှောင်ချိုင့် နေမကောင်းလို့ ဆေးခန်း လာပြတာ၊ လှောင်ချိုင့်စောင့်က သူ့ရပ် သူ့ရွာကို စတီးကြိုး တစ်ချောင်း ခိုးပြီး ပုံပြောင်းသွားပြီ၊ အဲဒီ ကိစ္စ ရဲတိုင်ရဦးမှာ'

ပြောလိုက်မှ ပိုရယ်ကြပါတော့တယ်။ တော်တော်ကြာမှ သွယ်သွယ် က ရယ်ရင်း

'အဲဒီလူဟာ ဖြစ်လိုက်ရင် တလွဲချည်းပဲ၊ အစ်ကို မြင်လိုက်လား ဘာငှက်ကြီးလဲ'

မေမွန်ကလည်း

'အေးလေ လင်းလွန်း တွေ့လိုက်လား ဘာငှက်လဲ'

အစတည်းက ကြည့်နေတဲ့လူ ဆိုတော့ ကျွန်တော် မြင်လိုက်ပါတယ်။ သူတို့ကို ပြောပြလိုက်တယ်။

'ကျေးရွာရှင်က လေမုဆိုးကြီး မချလာတာကိုး၊ သူလည်း မပိုင်နိုင် ဘဲနဲ့'

'ဘာလဲ လင်းလွန်း၊ လေမုဆိုး ဆိုတာ'

'လေထဲက ငှက်တွေထဲမှာ ကြောက်စရာ အကောင်းဆုံးလို့ ပြောလို့ ရတဲ့ ငှက်လေ မေမွန် သိပါတယ်၊ *Eagle* ကြီးလေ'

'ဟောတော့'

'အဲဒီ ငှက်ကြီးတွေက ယဉ်ပါးဖို့ မလွယ်ဘူး၊ တိုက်ခိုက်ရာမှာလည်း ရက်စက်ပြီး အရမ်း သွက်တယ်၊ မျက်စိလည်း သိပ်ရှင်တာ၊ နောက်ပြီး ဓာန်လည်းကြီး ဒေါသလည်း ကြီးတယ်၊ သူ့ကို ကြက်လို ဘဲလို သွားနိုင် တာကိုး'

ကျွန်တော် အမှတ်တမဲ့ ရှင်းပြနေမိတယ်။ မေမွန်က ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ သေချာ လာကြည့်ပြီး

'လင်းလွန်းက *Hawk* တွေ *Eagle* တွေ အကြောင်းလည်း သိတာပဲလား'

ကျွန်တော် သူ့မျက်နှာလေး ကြည့်ပြီး စချင်သွားတယ်။ အဲဒါနဲ့

'ကျွန်တော် လေမှုဆိုး၊ ရေမှုဆိုး၊ ကုန်းမှုဆိုးတွေ အကြောင်း နည်းနည်း လေ့လာဖူးတယ်၊ ကုန်းပေါ်မှာ နေတဲ့ မှုဆိုး ဗိဇ သတ္တဝါ တွေထဲမှာ ဘာကောင်က ကြောက်စရာ အကောင်းဆုံးလဲ သိလား'

သူတို့ နှစ်ယောက်လုံး စိတ်ဝင်စားသွားတယ်။ ကျွန်တော် သွယ်သွယ် ဘက် လှည့်ပြီး

'မှတ်ထား မိသွယ်ရဲ့၊ အဲဒီ အကောင်က တစ်ကိုယ်လုံး အရမ်း လှတာ၊ အသားအရေက ရွှေလို ဝါဝင်းပြီး မျက်လုံးတွေက အနက်ရောင် တလက်လက် တောက်လို့'

'ဘာကောင်လဲဟင်'

မေမွန် ဝင်မေးတာပါ။ ကျွန်တော် သူ့ကို မကြည့်ဘဲ မိသွယ်ကိုပဲ

'သူ့နှုတ်သီးလေးတွေက ပျော့ပျော့အိအိလေးတွေ၊ အစက ပန်းရောင် လေး သန်းနေတာ၊ ဒါပေမဲ့ အဲဒီ အကောင်က နှုတ်သီးတွေ လက်သည်း ခြေသည်းတွေကို အမြဲပဲ အမည်းရောင် ဆိုးထားတယ်၊ ဒီနားမှာတင်ကို ရှိတာ ကြောက်စရာကြီး'

မိသွယ် မေမွန့်ကို ကြည့်ပြီး ထရယ်ပါတယ်။ မေမွန် ဒေါပွပြီး ကျွန်တော့်ကို လာထုတယ်။

'ဟာ လင်းလွန်းကွာ၊ အကောင်းမှတ်လို့ ကျုပ်ကို အကောင်တဲ့'

ကျွန်တော် ရှောင်ရင်း မိသွယ်ကို ဆက်ပြောရတယ်။

'ဟုတ်တယ် မိသွယ်ရဲ့၊ တောထဲက စီးတော်နတ်ကျားကိုတောင် အဲဒီ မှုဆိုးကောင် လှလှလေးက အသာလေး ဖမ်းထားတာ'

'ဘာကောင်လဲ ကိုလင်းလွန်း၊ နာမည်က ဘယ်လို ခေါ်လဲ'

ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်ရယ်ရင်း မိသွယ်က ထော[illegible] တယ်။ ကျွန်တော် ပြောပြလိုက်ရတယ်။

'နာမည်လား … မှုဆိုး နတ်သမီးလို့ ခေါ်တယ်၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သကြီးတယ်'

'လင်း…လွန်း…နော်'

လောကကြီးက ပျော်စရာ ကောင်းပါတယ်ဗျာ။ မဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

ရက်ကို လစား၊ လကို နှစ်စား၊ လူတွေကလည်း ကိုယ့်ထမင်း ကိုယ်စား၊ သတ္တဝါတွေလည်း ကိုယ့်အစာ ကိုယ် ရှာစားကြရင်းနဲ့ပဲ အချိန်တွေ ကုန်သွားတယ်။

တချို့ ရက်တွေမှာ သူ ကျွန်တော်နဲ့ ရှိနေတယ်။

တချို့ ရက်တွေမှာ ကျွန်တော်က သူနဲ့ ရှိနေပြန်တယ်။

တချို့ နေ့တွေ စကား အများကြီး ပြောဖြစ်ကြတယ်။

တချို့ နေ့တွေမှာ စကား ဆိုစရာ မရှိ။

ကျွန်တော်နဲ့ သူနဲ့ ကုလား နှစ်ကူး တစ်ခု၊ တရုတ် နှစ်ကူး တစ်ခု၊ အင်္ဂလိပ် *New Year party* တစ်ခုနဲ့ မြန်မာ နှစ်သစ်ကူး သင်္ကြန် ကာလ တစ်ခုကို တစ်နှစ်တည်း အတွင်းမှာ ဖြတ်သန်းခဲ့ကြပြီးပြီ။

ကုလား နှစ်ကူးမှာ ကျွန်တော် သူ့ကို ဆာရီ ဝတ်ပြခိုင်းတယ်။ သူက ကျွန်တော့်ကို 'ဟာရေး' လို့ ခုနစ်ခါ အကျယ်ကြီး အော်ခိုင်းတယ်။ သူက ဆာရီ မဝတ်ချင်ဘူး။ ဗိုက်ပေါ်ရင် လင်းလွန်းကို ရှက်တယ် ဆိုပြီး ငြင်းတယ်။ ဒါဆို ကျွန်တော်လည်း မအော်ဘူးလို့ ပြောတော့ သူ စိတ် ကောက်တယ်။ ကျွန်တော်တို့ နည်းနည်း ရန်ဖြစ်မယ် လုပ်ကြတုန်း ကုလား နှစ်ကူး ပြီးသွားတယ်။


www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ် နှစ်ကူး *New Year Party* တစ်ခုကို အိသိယိုးပီးယား မှာ တံခါး ပိတ်ပြီး ကျွန်တော်တို့ချည်းပဲ ကျင်းပကြတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေ ကြားမှာ သူဟာ ညီမ အငယ်ဆုံးလေးလို ဆိုးခွင့် ရထား ပါပြီ။ သူ ရှန်ပိန် တစ်လုံး ရှာပြီး ယူလာတယ်။ ဆယ့်နှစ်နာရီ ထိုးလို့ *Happy New Year* အော်ကြမယ် လုပ်တော့ စားပွဲ တစ်ခုပေါ်မှာ မျက်နှာလေး အပ်လို့ သူ အိပ်ပျော်နေပြီ။

တရုတ် နှစ်ကူးကျတော့ မဆီမဆိုင် ကျွန်တော့်ဆီမှာ သူ အံ့ပေါင်း လာတောင်းတယ်။ သူလည်း တရုတ် မဟုတ်၊ ကျွန်တော်လည်း တရုတ် မဟုတ်ပေမဲ့ သူက ခပ်တည်တည်ပဲ။ ကျွန်တော့် ရှေ့မှာ လက်လေး ဖြန့်လို့ အံ့ပေါင်း ပေးတဲ့။ အိတ်ထဲ ရှိတာ အားလုံး ထုတ်ပေးလိုက်တော့ သူ ကျွန်တော့်ကို တရုတ်တန်း ခေါ်သွားတယ်။ စားချင်တာ ကျွေးမယ် ဆိုပဲ။ ကျွန်တော်တို့ နှစ်ယောက် ဘာတွေမှန်း မသိ တွေ့ရာ လျှောက်ဝယ် စားကြတယ်။ တစ်နေရာမှာ ထိုင်ရင်း သူက မေးတယ်။ ကြံတွေ ဘာလုပ်တာ ထဲတဲ့။ ကျွန်တော်က ရိုးရာ ယုံကြည်မှု တချို့ ပြောပြတယ်။ သူ အမြဲတမ်း မေးနေကျ စကားနဲ့ ကျွန်တော့်ကို မေးတယ်။ လင်းလွန်းက ဒါတွေ သိတာပဲလားတဲ့။ ကျွန်တော်ကလည်း အမြဲ ပြန်ဖြေနေကျ စကားပဲ ပြော ဖြစ်တယ်။ ဒီလိုပဲ နည်းနည်း သိတာပေါ့လို့။ အဲဒီလိုနဲ့ တရုတ် နှစ်သစ်ကူး သွားရော။ သူက အိမ်ပြန်တော့ ကြံအရှည်ကြီး နှစ်ချောင်း ဝယ်လာတယ်။ ကျွန်တော် မေးတော့ တစ်ချောင်းကို အရှည် ညှစ်သောက်ပြီး တစ်ချောင်း ကို စုပ်စားပစ်မယ်တဲ့။

သင်္ကြန်ကျပါပြီ။ သူ ဆေးခန်းမှာ တစ်ယောက်တည်း သွားပုန်း နေတယ်။ ကျွန်တော် လိုက်ရှာပြီး ရေလောင်းလိုက်တယ်။ နောက် ကျွန်တော့် သူငယ်ချင်းတွေ ရှိတဲ့ မဏ္ဍပ်ကို သွားကြည့်ကြတယ်။ မဏ္ဍပ်ပေါ်မှာ ထင်တဲ့ အတိုင်း မူးရူးနေတဲ့ တစ်ယောက်က သူ့ကို ရေလောင်းလို့ ကျွန်တော်နဲ့ ကြက်ဖတွေလို ခွပ်ကြတယ်။ ထင်တဲ့အတိုင်းပဲ သူက ဝင်မခွဲ ဘူး။ ထင်တဲ့အတိုင်းပဲ ဟိုလူ မှောက်သွားတယ်။ မူးရူးနေတာကိုး။ ကျွန်တော် က မေးတော့ ထင်တဲ့အတိုင်းပဲ သူက ဖြေတယ်။ ဝင်ခွဲရင် ပိုကုန်မှာ ပေါ့တဲ့။ လူက အရက် မူးနေတယ်။ ကျားက အရက်မှ မသောက်တာ။



www.burmeseclassic.com

www.burmeseclassic.com



အခု ဟိုလူ စီးတော်ကျား ကိုက်ခံရပြီတဲ့။ နောက်တော့ ကျွန်တော်တို့ နှစ်ယောက်တည်း မြို့ပြင်ဘက်က လယ်ကွင်းတွေနား သွားထိုင်နေကြတယ်။ ဒီလိုနဲ့ သင်္ကြန် ပြီးသွားပြီး သီကြားမင်းကြီး မိုးပေါ် ပြန်တက်သွားရော။

ကျွန်တော်နဲ့ သူနဲ့ တစ်နှစ်ထဲမှာ လေးခါ နှစ်သစ်ကူးပစ်လိုက်ကြတယ်။

တစ်ရက်ကျ သူက ပြောတယ်။

'လင်းလွန်း ကျုပ် ထန်းရည် သောက်ကြည့်ချင်တယ်၊ တစ်ခါမှ မသောက်ဖူးဘူး'

မြတ်စွာဘုရား။ ဒါပေမဲ့ ကျွန်တော် လိုအပ်တာပဲ မေးဖြစ်တယ်။

'ဝမ်းသွားတတ်တယ်ဗျ၊ ဝမ်းခိုင်လား'

'အင်း ခိုင်တယ်'

'သွားဝယ်ပေးရမလား၊ ဆိုင်မှာ ထိုင်သောက်ကြည့်ချင်တာလား'

'ဆိုင်မှာ ထိုင်သောက်ကြည့်ချင်တယ်'

'ထန်းရည် အချို သောက်ချင်တာလား၊ အခါး သောက်ချင်တာလား'

'နှစ်မျိုးလုံး သောက်ကြည့်ချင်တယ်'

အချိုရော အခါးရော သောက်လို့ ရနိုင်တဲ့ နေရာ တစ်ခုကို ကျွန်တော် ခေါ်သွားပေးလိုက်တယ်။ အတွေ့အကြုံ အသစ်ကြောင့် သူ ပျော်နေတယ်။ ကျွန်တော်က မူးယစ် ရီဝေတဲ့ အရသာကို မကြိုက်ဘူး။ ဒါကြောင့် သိပ်မသောက်ဘူး။ ခဏနေတော့

'လင်းလွန်း'

'ဘာလဲ'

'ဟီဟိ … ခစ် ခစ် ခစ်'

သူ စပ်ဖြဲဖြဲလေးနဲ့ တခိခိ ဖြစ်နေပြီ။ ကျွန်တော် သဘောပေါက်လိုက်ပါတယ်။

အဲဒါနဲ့ …

'လာ … ထ … တော်လောက်ပြီ ပြန်မယ်'

ကလန်ကဆန် လုပ်ပြီး စကားတွေ ရှည်မနေဘူး။ ခပ်အေးအေး ထလိုက်လာရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာ တခိခိနဲ့ ဘောက်နေ ပါလာတယ်။ နောက်တစ်ဆိုင် ဝင်ရအောင်လို့ ပြောသေးတယ်။ ကျွန်တော် မကြားချင်ယောင် ဆောင်နေ လိုက်တယ်။ ရန်ကုန်ထဲ ပြန်ဝင်လာတော့ ကားမောင်းနေတဲ့ ကျွန်တော့်ကို

'လင်းလွန်း'

'အမိန့်ရှိပါ'

'အိမ်မပြန်သေးဘူး၊ အင်းလျား ကန်ဘောင် သွားထိုင်မယ်'

'မှောင်တော့မယ်ဗျ'

'ဘာဖြစ်လဲ၊ လင်းလွန်း အိမ်ကို ဖုန်းဆက်ပေးပေါ့'

စပ်ဖြဲဖြဲနဲ့ နတ်သမီး မျက်နှာနီလေးကို သည်တစ်ခါပဲ တွေ့ဖူး သေးတယ်။ အင်းလျားကန်ဘောင်ပေါ် သွားထိုင်ကြတယ်။ ပထမတော့ သူ ခဲလုံး သေးသေးလေးတွေ လျှောက်ကောက်၊ ကန်ထဲ ပစ်ချပြီး ဆော့နေ သေးတယ်။ ကျွန်တော်ကတော့ တစ်နေရာကပဲ ထိုင်ကြည့်နေလိုက်တယ်။ နေဝင်ခါနီးကျ ကျွန်တော့် ဘေးနား လာထိုင်ပြီး မှီနေတယ်။ နေဝင်သွားတော့ ကျွန်တော့် ပခုံးကို မှီပြီး သူ အိပ်ပျော်နေပါပြီ။

တစ်နာရီ ... နှစ်နာရီ ... သုံးနာရီ။

ညဟာ အမှောင်သက် ရင့်ရင့် လာနေတယ်။ ကျွန်တော် သူ နိုးသွားမှာ စိုးလို့ မလှုပ်ဘူး။ တာဝန်ရှိသူ တစ်ယောက် လျှောက်လာတယ်။ ကျွန်တော်တို့ နှစ်ယောက်ကို တွေ့တယ်။ အနားကို လာတယ်။ ကျွန်တော့် မျက်နှာကို တွေ့တော့မှ ပြုံးပြပြီး ပြန်ထွက်သွားတယ်။ ကျွန်တော်နဲ့ သိတဲ့ လုံခြုံရေး ဝန်ထမ်းပါ။ ကျွန်တော်က စွန်ရာသီဆို ဒီမှာ စွန်လာဖြတ် နေကျကိုး။

နတ်သမီး ပြန်နိုးလာတယ်။

'ခြင်ကိုက်တယ်ကွ လင်းလွန်းရဲ့'

'ယပ်ခတ်ပေးမလို့ပဲဗျ၊ လှုပ်လိုက်ရင် နိုးသွားမှာ စိုးလို့'

'ဘယ်နှစ်နာရီ ရှိပြီလဲဟင်'

'ကိုးနာရီ ကျော်ပြီ'

'ဟင် ကျုပ် ရှင့်ကို မှီပြီး အကြာကြီး အိပ်ပျော်သွားတာပဲ ရှင် ဒီအတိုင်း ထိုင်နေပေးတာလား'

'အေးလေ ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ညောင်းနေမှာပေါ့၊ ပြီးတော့ ခြင်တွေလည်း ကိုက်ခံရမှာ'

ကျွန်တော် ပြုံးမိတယ်။ ရေးကြီးခွင်ကျယ် လုပ်လို့။

'ကျွန်တော် ယောဂ ကျင့်ဖူးတယ်ဗျ'

သူ ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေတယ်။ နောက်တော့ ... ကျွန်တော့် နားရွက် ရှေ့နားကို အနက်ရောင် နှုတ်ခမ်းလေးတွေ ဖျတ်ခနဲ ရောက်လာပြီး ... ပြန်ခွာသွားတယ်။

သူ့ ခေါင်းလေး ငုံ့ထားတယ်။

သူ့ ပခုံး လုံးလုံးလေးကို ကျွန်တော် ဖက်ထားမိလိုက်သလား...။

အပြန်လမ်းမှာ ကျွန်တော်တို့ တိတ်ဆိတ်နေကြတယ်။

သူ့အိမ်နား ရောက်တော့ ကျွန်တော် တစ်ခွန်း ပြောမိတယ်။

'မေမွန် ... ကျွန်တော်တို့ လက်ထပ်ကြရအောင်'



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

တစ်ယောက်ကို တစ်ယောက် သံယောဇဉ် တဖြည်းဖြည်း ကြီးမား လာကြပြီးတဲ့ တစ်နေ့မှာ နတ်သမီးလေးဟာ ဘယ်သူ့ကိုမှ တိုင်ပင်မနေ တော့ဘဲနဲ့ ဖန်ဆင်းမှု တစ်ခုကို သူ့ဟာသူ လုပ်လိုက်တယ်။

တခြားတော့ မဟုတ်ပါဘူး။ သူနဲ့ အတူ သွားလာ စားသောက် နေခဲ့တဲ့ မျောက်ကို လူငယ် တစ်ယောက် အဖြစ် ပြောင်းလဲ ဖန်ဆင်းလိုက် ပြီး အသက်ရှင် နေထိုင်ခွင့် ပေးလိုက်တာပါ။

လူငယ် တစ်ယောက် အဖြစ် ပြောင်းလဲသွားတဲ့ မျောက်ဟာ သူ့ရဲ့ မျောက်ဘဝဟောင်းကြီးကို လုံးဝ မေ့သွားပြီး နတ်သမီးလေးနဲ့ အတူ လူ့လောကကြီးထဲမှာ ပျော်ရွှင်နေကြတော့တယ်။

နတ်သမီးနဲ့ လူငယ်ရဲ့ သတင်းဟာ နတ်ပြည်နဲ့ လူ့ပြည် တစ်ဝန်း မှာ ပျံ့နှံ့သွားပြီး အုတ်အော်သောင်းနင်း ဖြစ်ကြတာပေါ့။

နတ်တွေနဲ့ လူတွေဟာ တစ်စုံတစ်ရာကို အလေးအနက် တိုင်ပင် ဆွေးနွေးကြရတော့တယ်။

နတ်သမီးလေးကို မိန်းကလေး တစ်ယောက် အဖြစ် ပြောင်းလဲ အသက်ရှင် နေထိုင်ခွင့် ပေးကြမလား ...



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ်ရင်

မျောက်ဘဝကနေ လူဖြစ်လာတဲ့ လူငယ်ကိုပဲ နတ်သား တစ်ပါး အဖြစ် ပြောင်းလဲ ရှင်သန်ခွင့် ပြုလိုက်မလား …

ဘာပဲဖြစ်ဖြစ်လေ

သူတို့ နှစ်ယောက်ကို ခွဲခြားထားလို့ မရနိုင်တော့ဘူး မဟုတ်လား …



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

'ကျွန်တော်တို့က ယောက်ျားလေးရှင်ဘက် ဆိုတော့ အစစ အရာရာ စီစဉ်ဖို့ တာဝန် ရှိပါတယ်၊ အန်ကယ် ဦးနန္ဒတို့ အနေနဲ့ အေးအေးသာ နေပါ၊ ကျွန်တော်ပဲ အားလုံး စီစဉ်လိုက်ပါ့မယ်'

'ပြောနေစရာ လိုတဲ့ လူတွေမှ မဟုတ်တာ မောင်ဆန်းဝင်းရယ်၊ လိုအပ်တာ ရှိလည်း ဦးတို့ကို ပြောပါ၊ အားမနာနဲ့ ဟုတ်လား'

'ဒီဘက်ခေတ် လူငယ်တွေတော့ ကျွန်တော် လိုက်မမီဘူး ကိုနန္ဒရေ၊ ခွေးနဲ့ လုံးလိုလုံး'

'ဟာ ဘကြီးကလည်း ဘာတွေ လျှောက်ပြောနေတာတုန်း'

'ဟ မင်းညီ လုပ်ပုံ ဟုတ်တာ ပြောတာကွ'



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

'ကျွန်တော် ထင်တယ်ဗျ၊ ဖေဖေနဲ့ မေမေသာ ရှိရင် ဝမ်းသာကြမှာပဲနော် မကြီး'

'မောင်လေးရယ်'

'သားကလည်းကွယ်၊ မင်းအစ်မ စိတ်မကောင်းအောင်လို့'

'မဟုတ်ဘူး ထင်တယ်နော် အန်ကယ်ကြွယ်ရဲ့၊ မကြီးက နောက်ကားကျော်တက်သွားလို့ သူ ဘူပိတ်သွားပြီ ထင်ပြီး ညစ်နေတာ နေမှာ၊ ဘာမှ မပူနဲ့ မကြီး၊ ကျွန်တော် ကိုယ်တိုင် ရှာပေးစားမယ် စိတ်ချ သိလား'

'ကောင်စုတ်လေး၊ ကြည့်စမ်း ကိုယ့်အစ်မကို၊ သားငယ်ဟာလေ ပါးစပ်ကို ဒီအရွယ်ထိ မထိန်းဘူး၊ တစ်ခါတည်းကို ...'

'နားပူတော့မယ် ပြေးပြီဗျို့'



www.burmeseclassic.com

www.burmeseclassic.com

(၂)

'ဘယ်မှာ မင်္ဂလာဆောင်မှာလဲ'

'မေမွန် ဆောင်မယ့် နေရာမှာ ဆောင်မယ်'

'ဘာဝတ်မှာလဲ'

'မေမွန် ဝတ်တာ လိုက်ဝတ်မယ်'

'မင်္ဂလာဆောင်ပြီး ဘယ်မှာ နေမှာလဲ'

'မေမွန် နေတဲ့ နေရာ လိုက်နေမယ်'

'ကျုပ်က ကိုကိုကြီးတို့ဆီ ပြန်ထွက်ပြီး ကျောင်းတက်ချင်သေးတယ်၊ လူဆရာဝန် ဖြစ်ချင်သေးတာ'

'လိုက်မှာပေါ့'

'လင်းလွန်းက ဘာလိုက်လုပ်မှာလဲ'

'မေမွန် ခိုင်းတာ လိုက်လုပ်မယ်'

'စီးတော်ကျားကြီးက လူနဲ့ မင်္ဂလာဆောင်လို့ ရလား'

'မင်္ဂလာဆောင်ကျ ဟိုနတ်ကတော်ကြီး ဖိတ်ပြီး မေးကြည့်ကြမယ်လေ'

'ခစ် ခစ် ... ဟို ဒယ်မေးလရှင်းကြီးရော ဖိတ်မှာလား'

'ဖိတ်ရမှာပေါ့၊ ဒယ်မေးလရှင်းကိုရော၊ သွယ်သွယ်ရော၊ ဆိုက်ကားသမား



www.burmeseclassic.com

www.burmeseclassic.com



သမား ထွန်းအောင်ကျော်ကြီးရော နောက်ဆုံး *Mike* ကြီးနဲ့ ပထမ ပိုင်ရှင် တွေပါ ဖိတ်ရမှာ'

'ဟင် ဘယ်သူက လင်းလွန်းနဲ့ မင်္ဂလာဆောင်မယ် ပြောလို့လဲ'

'မဆောင်လို့ မရဘူး၊ နပန်းဖက်လုံးပြီး မေ့ဆေး ထိုးလိုက်မယ်၊ အေးလေ ပြောသာ ပြောတာ နပန်းက ...'

'လင်းလွန်းနော်၊ ပေါက်ကရ လျှောက်မပြောနဲ့'



www.burmeseclassic.com

www.burmeseclassic.com

# (၂၃)

'တစ်သက်လုံး မသောက်လာတဲ့ကောင် *Bachelor Night* ကျရင်တော့ မင်း အမှောက်ပဲ'

'ဆရာကြီးကို လာစမ်းလို့ မရဘူးကွယ့်၊ သားတော်ကြီး ဘူးသီးရဲ့'

'အေးပါ၊ မင်း စောင့်ကြည့်စမ်းပါ'

'မေမွန် ဒီကောင့်ကို မူးအောင် နင်ကိုယ်တိုင် တို့ရှေ့မှာ တိုက်ရမယ် မရဘူး'

'ကိုသားကြီးတို့ ကြားမှာ မေမွန် မပါဘူး'

'သူ့အကောင် မူးမှာကျ သိတတ်တယ်၊ ဘာလဲ ဒီကောင် မူးရင် နင် အန့်ဖတ် ကျုံးရမှာ စိုးလို့လား'

'ဟော့ကောင် သော်ဇင် ဘာမှ ဝင်မပြောနဲ့၊ ငါတို့ မင်္ဂလာမဆောင်ခင် မင်း သဘော်တက်ရမှာ'

'နေစမ်းပါ လင်းလွန်းရာ၊ မင်း မင်္ဂလာဆောင် မပြီးမချင်း ဘယ်သဘော်ပေါ်မှ ငါ မတက်ဘူး၊ သဘော် မပြောနဲ့ သဘော်ပင်ပေါ်တောင် ယောင်လို့ မတက်ဘူးမှတ် ဟော့ကောင်၊ ပြုတ်ကျပြီး မင်း ဒုက္ခ မပေးနိုင် လိုက်မှာစိုးလို့'

'သော်ဇင် သဘော်ပေါ်က ကျရင် ဘာနဲ့ ကျမလဲ [illegible]လား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာနဲ့လဲ'

'နဖူးသက်သက်နဲ့ကို ကျမှာ ဟော့ကောင်ရေး'

'ဒီမှာ ဘူးသီး မင်း မေ့သွားပြီလား၊ ငါ နဖူးနဲ့ ကျတိုင်း ငါ့နဖူး ပြောင်ပြောင်လေးကို မင်း ညီမလေးက ဥုံဖွ လုပ်ပေးနေကျလေ'

'ငါ ...'



www.burmeseclassic.com

www.burmeseclassic.com

(၂၄)

'မင်္ဂလာဆောင်ပြီးရင် မင်းတို့ ဟန်းနီးမွန်း ဘယ်သွားမလဲ'

'ဘန်ကောက်နဲ့ ဗုဒ္ဓဂါယာ သွားမယ် ကိုကြီး၊ အားလုံး ခေါ်သွားမယ်၊ ကိုကြီး စရိတ်ခံ'

'အောင်မယ်လေးဗျာ … ဟော့ကောင် လင်းလွန်း၊ မင်း အစ်ကိုကို မင်း ဘာထင်နေသလဲ၊ ဒီမှာ ကြည့်စမ်း … ဆန်းဝင်း မျက်နှာ သေချာကြည့်စမ်း၊ ပင်ပင်ပန်းပန်း လုပ်ကိုင် ရှာဖွေနေရတာကွ မင်းတို့ အတွက်'

'ကိုကြီးက သူဌေးပဲဟာ၊ မှန်မှန်ပြော ကျွန်တော် သိတယ်၊ ပြီးခဲ့တဲ့ ကျောက်မျက် ပြပွဲတုန်းက ကိုကြီး တင်တဲ့ *Lot* တွေ အကုန် ရောင်းရတယ် မဟုတ်လား'

'အဲဒါ မင်းနဲ့ ဘာဆိုင်တုန်း'

'ကပ်စေးမနည်းစမ်းပါနဲ့ ကိုကြီးရာ၊ ကိုယ့်ညီလေး တစ်ခါတည်း မင်္ဂလာဆောင်ရတာ၊ ကိုကြီးတို့ မကြီးတို့ ဆိုရင် ဆောင်စရာတောင် မတွေ့ …'

'ဟော့ကောင် တော် တော် ငါ မင်းလို ဒုက္ခ မရှာဘူး၊ ငါ့ဟာငါ အေးအေး စီးပွား လုပ်နေတာ'

'သိပ်မလန့်ပါနဲ့ ကိုကြီးရာ၊ ဩစတြေးလျက မေမွန် အစ်ကိုတော



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက် အကုန်ကျခံမှာပါ'

'မင်းတို့ကျ တစ်ပြားမှ မစိုက်ဘဲနဲ့'

'ကျွန်တော်နဲ့ မေမွန် သုံးထောင် စိုက်မယ်လေ'

'ဒေါ်လာလား'

'မဟုတ်ဘူး၊ လေဆိပ်ထိတော့ ကားငှားလို့ ရောက်လောက်မယ် ထင်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com

*New Delhi International Airport*

*Bangkok to Delhi*

*Air Line No. (  ) to (  )*

*Emergency Announcement*

*Missing List* ..........................
*Missing List* ..........................
*Missing List* ..........................
*Missing List* ..........................

'GOD DAMNED IT'

အိမ်သူရွှေမ တာတေ

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

အခန်းငယ် တစ်ခုထဲတွင် လူငယ် တစ်ယောက် ငြိမ်သက်စွာ ထိုင်နေလေသည်။ သူသည် မျက်လုံးများကို မှိတ်လျက် …။

'သူက စကား အရမ်း နည်းတယ်၊ ပြောလည်း *Language* က *English* တစ်မျိုးပဲ သုံးတယ်၊ ဒီနှစ်ဟာ သူ့အတွက် ဒီမှာ *Fifth Year* မြောက်ပေါ့၊ သူ စာလေးတွေတော့ တစ်ခါတလေ ရေးတယ်၊ ဇာတ်လမ်း တစ်ခုထဲကိုပဲ ဆင်တူယိုးမှား အကြိမ်ကြိမ် အထပ်ထပ် ရေးနေတာ၊ အဆုံး သတ်လည်း ဘယ်တော့မှ မပါဘူး၊ အဲဒီ အချိန်မှာပဲ မြန်မာလို ရေးတယ်၊ သူ ရေးထားတဲ့ စာလေးတွေ လေးငါးအုပ် ရှိတာ ဖတ်ကြည့်ဖို့ ဆရာ ပေးထားပြီးသားပဲ၊ ဖတ်ကြည့်ပြီးပြီလား'

'ဟုတ်ကဲ့ ဆရာကြီး'

'နောက်ဆုံး အဆုံးသတ်သွားတိုင်း *English Sentences* တွေနဲ့ ချည်းပဲ၊ တချို့က ဘာတွေမှန်း မသိဘူး၊ တချို့က အဓိပ္ပါယ် ခန့်မှန်း လို့ နည်းနည်း ရတယ်၊ သူ့စိတ်ထဲမှာ ပေါ်လာတဲ့ *Halucination* တွေ ကို ခန့်မှန်းကြည့်နိုင်လိမ့်မယ်၊ သေသေချာချာ ဖတ်ကြည့်နိုင်ရင် ကောင်း လိမ့်မယ်'

'ဟုတ်ကဲ့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဆရာတို့ရဲ့ အလုပ်က *Patient* ရဲ့ *Type* ကိုရော *History* ကိုရော၊ သူ့မှာ ပြောင်းလဲ ဖြစ်ပေါ်နေတဲ့ စိတ်အခြေအနေ အမျိုးမျိုးကိုရော *Physical, Mental Conditions* တွေ အားလုံးကိုပါ သိထားမှ လိုအပ်တဲ့ *treatment* မျိုး ပေးနိုင်မှာ'

ဆရာကြီးသည် ယနေ့မှ တာဝန်စကျလာသော ဆရာဝန် အသစ်အား သူ ကိုင်တွယ်ရမည့် လူနာ အကြောင်းကို ပြောပြရင်း အခန်းထဲမှ လူငယ်ကို ကြည့်နေကြလေသည်။ ဆရာဝန်ကြီးက ဆက်ပြီး

'သူ ဒီမှာ ရှိနေတဲ့ ငါးနှစ် အတွင်း တစ်ခါမှ အကြမ်းဖက်ခြင်း၊ ဆူပူ အော်ဟစ်ခြင်း မရှိခဲ့ဘူး၊ သူ့ *History* ကို ဆရာ နည်းနည်း ထပ်ပြောပြမယ်၊ ရှေ့ပိုင်းတွေတော့ သိပြီးသားပဲ ဖြစ်လိမ့်မယ် ထင်တယ်၊ သူ ရေးရေးနေတတ်တဲ့ စာလေးတွေထဲမှာလည်း ပုံစံ အမျိုးမျိုးနဲ့ ပါပါနေတတ်တယ်၊ သူ ဒီကို ရောက်မလာခင်လေးမှာ ဖြစ်ပျက်ခဲ့တာတွေ ရှိတယ်၊ သူ့ ဦးနှောက်ထဲမှာ သိနိုင်စွမ်း မှတ်နိုင်စွမ်း မရှိတော့တဲ့ အချိန်မှာ ဖြစ်ခဲ့တာတွေပေါ့'

'ဟုတ်ကဲ့ပါ ဆရာကြီး'

'သူ့ *History* ထဲမှာ ပါခဲ့သလိုပါပဲ၊ သူတို့ မင်္ဂလာဆောင်ပြီး တော့ ဟန်နီးမွန်း အနေနဲ့ရော ဘုရားဖူး ထွက်တဲ့ အနေနဲ့ရော နှစ်ဖက် မိသားစုတွေ ပေါင်းပြီး ဗုဒ္ဓဂါယာကို ဘုရားဖူး သွားဖို့ စီစဉ်ကြတယ်'

'ဟုတ်ကဲ့ သိပါတယ် ဆရာကြီး'

'အဲဒီလို စီစဉ်တဲ့ အခါ သူက *India* မှာ နှစ်နဲ့ချီပြီး *Study* လုပ်ခဲ့ဖူးတဲ့သူ ဆိုတော့ ကျန်တဲ့ မိသားစုဝင်တွေ နေရေးထိုင်ရေး စားသောက် သွားလာရေး အဆင်ပြေအောင် *India* ကို တစ်ပတ်ကျော်ကျော်လောက် ကြိုသွားနှင့်တယ်၊ စီစဉ်စရာ ရှိတာတွေ စီစဉ်ထားနှင့်ပြီးမှ မိသားစု ရောက်လာရင် အတူတူ ဘုရားဖူးကြဖို့ သူတစ်ယောက်တည်း ရောက်နှင့်နေတာ၊ သူ့ *family* ရော သူနဲ့ လက်ထပ်တဲ့ ကောင်မလေးရဲ့ *family* ဘက်ကရော တော်တော် ချမ်းသာကြတယ်၊ ငွေကြေး တတ်နိုင်ကြတဲ့ လူတွေ ဆိုတော့ သူတို့ အတွက် ပျော်စရာ အကောင်းဆုံး အချိန်တွေပေါ့'

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သူ့အမျိုးသမီးရဲ့ အစ်ကို တစ်ယောက်က *Australia* မှာ နေနေတာ အိမ်ထောင်နဲ့၊ အဲဒီ မိသားစုကလည်း *Bangkok* ကိုလာ၊ ရန်ကုန်က ထွက်လာတဲ့ မိသားစုနဲ့ ပေါင်းပြီးမှ *New Delhi* ကို လေယာဉ်တစ်စီးထဲ အတူ လာဖို့ စီစဉ်ထားကြတာ၊ ဒါပေမဲ့ သူတို့ မိသားစုတွေစီးလာတဲ့ လေယာဉ်က စက် ချို့ယွင်းပြီး အိန္ဒိယ သမုဒ္ဒရာထဲ ပျက်ကျသွားခဲ့တယ်၊ အဲဒီ သတင်းကို *New Delhi Airport* မှာ သွားကြိုနေတဲ့ သူက ကြားလိုက်ရတယ်၊ လူတစ်ယောက် အနေနဲ့ ဘာဖြစ်သွားမလဲ၊ ရုတ်တရက် မိသားစုကြီး တစ်ခုလုံးကို ဆုံးရှုံးလိုက်ရတာ တကယ့်ကို မယုံနိုင်စရာ အဖြစ်ပဲ၊ သူ့မိသားစုဝင်တွေရဲ့ နာမည် စာရင်းကို *Missing List* ပျောက်ဆုံး စာရင်းထဲမှာ သူကိုယ်တိုင် တွေ့လိုက်ရတယ်။ *Airport* ထဲက ခုံတစ်လုံးမှာ လေးရက်တိတိ သူ ထိုင်နေခဲ့တယ်။ လေယာဉ်ကြီး တစ်စီးလုံး အတွက် ပူဆွေးနေကြတဲ့ လူတွေ အများကြီး ကြားမှာ သူတစ်ယောက်ကို ဘယ်သူမှ သတိမထားမိခဲ့ကြဘူး'

'နောက်တော့ သူ့ကို တွေ့သွားကြတယ်၊ ဒါပေမဲ့ သူဟာ စိတ်ဖောက်ပြန်သွားခဲ့ပြီးပြီ၊ ဒီအဖြစ်အပျက်ကို လက်မခံနိုင်တဲ့ စိတ်နဲ့ ဒီအဖြစ်အပျက်ကြီးဟာ တကယ် ဖြစ်ပျက်သွားခဲ့ပြီးပြီ၊ လက်ခံမှ ရမယ် ဆိုတဲ့ စိတ်နှစ်ခုဟာ သူ့ကိုယ်ထဲမှာ အပြင်းအထန် တိုက်ခိုက်ရာက သူဟာ စိတ်နောက်သွားခဲ့တယ်၊ သူ ဘာမှ မသိတော့ဘူး၊ သူ့ကို ဘာမှ မေးလို့ မရတော့ဘူး၊ လေဆိပ် ဝန်ထမ်းတွေက ဆိုင်ရာ ဆေးရုံ ပို့ခဲ့ကြရတယ်'

'သူဟာ အင်မတန် ကံဆိုးတဲ့ လူတစ်ယောက်ပဲ၊ နောက်ဆက်တွဲရောက်လာတဲ့ အဖြစ်အပျက်တွေကို သူ့ဦးနှောက်က ဘာတစ်ခုမှ လက်ခံနိုင်စွမ်း မရှိတော့ဘူး၊ ဘာဆို ဘာတစ်ခုမှ သူ မသိတော့ဘူး၊ *New Delhi* က ဆေးရုံပေါ်မှာ သူ သုံးရက်လုံးလုံး ငြိမ်ငြိမ်လေးပဲ ဆက်ကုသခံခဲ့တယ်၊ သူ့အတွက် အရမ်း နှစ်နာသွားခဲ့တဲ့ တစ်ခု ရှိတယ်၊ သူ့အကြောင်းကို စဉ်းစားမိတိုင်း ဆရာ ကိုယ်တိုင် အခုထိ တဖျစ်တောက်တောက် ယူကျုံးမရ ဖြစ်ရတုန်းပဲ၊ သူ့ကို အသိပေးလို့ မရတော့တဲ့ သတင်း တစ်ခု သူ မသိနိုင်တော့ပေမဲ့ သူ့အတွက် အဖိုးမဖြတ်နိုင်လောက်အောင် အရေးကြီး ရှိတဲ့ သတင်း တစ်ခုကို သူ မသိလိုက်ရဘူး၊ အဲဒါက သူ့မိသားစုဝင်တွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ ပျက်ကျသွားခဲ့တဲ့ လေယာဉ်နဲ့ အတူ တစ်ယောက်မှ မပါသွားခဲ့ဘူး ဆိုတာကိုပဲ’

‘သူ့မိသားစုဝင်တွေဟာ အဲဒီ လေယာဉ်ကို စီးဖို့ ပျော်ပျော်ရွှင်ရွှင်ပဲ *Bangkok* လေဆိပ်မှာ စောင့်နေခဲ့ကြတယ်၊ သူတို့ အတွက် အရာအားလုံးဟာ ပျော်စရာ ဖြစ်နေမှာပေါ့၊ အဲဒီ ပျက်ကျသွားမယ့် လေယာဉ်ကြီးဟာလည်း ကွင်းထဲမှာ ကြွကြွရွရွ ရပ်နေပါလိမ့်မယ်၊ အဖြစ်ဆိုးကြီးတစ်ခု ဖြစ်ပျက်လာတော့မယ် ဆိုတာကို ဘယ်သူက ကြိုတင် သိနိုင်မှာတဲ့လဲ၊ သူ့မိသားစုဟာလည်း တခြား ခရီးသည်တွေလို *Check in* ဝင်ပြီးလို့ လေယာဉ်ပျံကြီးပေါ် ရောက်ခါနီးပါး ဖြစ်ခဲ့ကြတယ်၊ ဒါပေမဲ့ သူတို့ မိသားစုဟာ အဲဒီတုန်းက *Bangkok* နဲ့ *Delhi* က သတင်းစာတွေမှာ ဖော်ပြခံကြရတဲ့ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး မိသားစု ဖြစ်ခဲ့ကြတယ်၊ လေယာဉ်ထွက်ခါနီးလေးတင်ပဲ သူနဲ့ လက်ထပ်ထားတဲ့ ပူပူနွေးနွေး ဇနီးသည်ကောင်မလေးဟာ *Appendicitis* ကြောင့် အရေးပေါ် ဆေးရုံ ပို့ခဲ့ရတယ်။ သူတို့ မိသားစုဝင် အားလုံးလည်း စိတ်ပူကြ၊ ဆေးရုံ ပြေးကြနဲ့ တစ်ယောက်မှ အဲဒီ ခရီးစဉ်ကို လိုက်မသွားဖြစ်ခဲ့ကြဘူး၊ ဒါပေမဲ့ သူတို့အားလုံးရဲ့ နာမည်တွေကတော့ *Passenger List* ထဲမှာ ပါသွားပြီးကြပြီ၊ လေယာဉ် ပျက်ကျလို့ *New Delhi Airport* ဘက်က ထုတ်ပြန်တဲ့ ပျောက်ဆုံး ခရီးသည် စာရင်းထဲမှာ သူတို့ နာမည်တွေ ဖော်ပြခံခဲ့ကြရတယ်၊ ဘယ်သူ့ အမှားမှ မဟုတ်ဘူး၊ အားလုံးက အရေးပေါ် အခြေအနေတွေ ဖြစ်နေခဲ့တာကိုး၊ *New Delhi Airport* မှာ သူ နာမည်တွေ ဖတ်လိုက်ပြီး စိတ်ဖောက်ပြန်သွားတဲ့ အချိန်မှာ သူ့မိသားစုတွေဟာ *Bangkok* က ဆေးရုံ တစ်ရုံထဲမှာ သူ့ရဲ့ ပူပူနွေးနွေး ဇနီးသည် ကောင်မလေးအတွက် အရေးပေါ် ခွဲစိတ် ကုသမှု အတွက် စိတ်ပူပန်နေခဲ့ကြတာ’

ဆရာဝန်ကြီးသည် မောသွားသဖြင့် သက်ပြင်းချလျက် ခေတ္တ စကားဖြတ်သွားလေသည်။ ထို့နောက်မှ

‘သူ့ဇနီးသည် ကောင်မလေးရဲ့ အခြေအနေ စိုးရိမ်စရာ မရှိတော့တဲ့အချိန်မှ သူ့ကို အပူတပြင်း ဆက်သွယ်ဖို့ သတိရကြတယ်၊ *New Delhi Airport* ကလည်း သူ စိတ်ဖောက်ပြန်သွားပြီးတဲ့ ခဏလေးမှာ တကယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ စီးနင်းခဲ့တဲ့ ခရီးသည်တွေထဲ သူ့မိသားစုတွေ တစ်ယောက်မှ မပါခဲ့ဘူး ဆိုတာကို သတင်း ရရချင်း ထုတ်ပြန်ခဲ့တာပဲ၊ ဘယ်လောက် စိတ်လှုပ်ရှားဖို့ ကောင်းသလဲ၊ တစ်နာရီရဲ့ မိနစ်ပိုင်းလေး အတွင်းမှာပဲ လူတစ်ယောက်ရဲ့ ဘဝ တစ်ခုဟာ ပြောင်းလဲသွားခဲ့တာ'

'သူ့မိသားစုထဲက သူ့အစ်ကိုကြီးဟာ *New Delhi* က ဆေးရုံပေါ်မှာ သူ့ကို ရှာတွေ့ခဲ့တယ်၊ သူ့အစ်ကိုကြီးဟာ သူ့အခြေအနေ အားလုံး သိရတဲ့ အချိန်မှာ ယောကျ်ားကြီးတန်မဲ့ ယူကျုံးမရ ငိုကြွေးခဲ့တယ်လို့ ပြန်ပြောပြတယ်၊ သူ့ကို ရန်ကုန်ကိုပဲ ပြန်ခေါ်လာခဲ့ဖို့ ဆုံးဖြတ်ကြပြီး ဆရာတို့ဆီမှာ ယုံကြည်စွာ အပ်နှံ ကုသခဲ့ကြတယ်၊ သူ့မိသားစု တစ်ခုလုံးဟာ သူ့အတွက် ဝမ်းပန်းတနည်း ဖြစ်ခဲ့ကြရတာ၊ ဒီလူငယ်ဟာ သူ လူကောင်း ဘဝက အင်မတန် ထက်မြက်တဲ့ နည်းပညာရှင် တစ်ယောက် ဖြစ်ခဲ့တယ်၊ အခုတော့'

ဆရာဝန်ကြီးသည် စိတ်မကောင်း ဖြစ်သွား၍ အခန်းထဲမှ လူငယ်ကို ငေးနေလေသည်။ လူငယ်မှာ ငြိမ်သက်စွာ ထိုင်ကာ မျက်လုံးများ မှိတ်ထား လျက်ပင်။ ဆရာဝန်ကြီးက ဆက်ပြောလေသည်။

'သူ့မိသားစုဝင်တွေထဲမှာ ဆရာ ကိုယ်တိုင် အံ့သြ ချီးကျူးရတဲ့ သူတစ်ယောက် ရှိတယ်၊ အဲဒါကတော့ သူ့ဇနီး ကောင်မလေးပဲ၊ ဆရာ ဒီကို ဒီ *Patient* ရောက်လာပြီး နှစ်နှစ် အကြာမှ တာဝန်ကျခဲ့တယ်၊ ဆရာ ရောက်ပြီး သုံးနှစ် အတွင်းမှာ ဒီလူနာရဲ့ ဇနီးသည် ဒီကို တစ်ခါမှ လာတာ မတွေ့ခဲ့ဘူး၊ ပထမတော့ ဆရာကြီး စိတ်ကွက်မိတာ အမှန်ပဲ၊ တစ်ခါလောက်တော့ အနည်းဆုံး လာကြည့်ဖို့ ကောင်းတာပေါ့၊ နောက် သူ့မိသားစုဝင် တစ်ယောက်နဲ့ စကားစပ်မိတော့မှ ဒီ *Patient* ရဲ့ ဇနီး ဟာ *Australia* မှာ ဆေးပညာ သင်ကြားနေတယ် ဆိုတာ သိရတယ်။ သူ့ရည်ရွယ်ချက်က တစ်ခုပဲ ရှိတယ်။ သူနဲ့ ရက်ပိုင်းပဲ ပေါင်းလိုက်ရတဲ့ ဒီ *Patient* ရဲ့ ဝေဒနာကို မပျောက်ပျောက်အောင် သူကိုယ်တိုင် တာဝန်ယူ ကုသဖို့ပဲ။ လူငယ်တွေရဲ့ သစ္စာရှိမှုကို ဆရာ ဒီတစ်ခါမှာ လေးစားမိတယ်။ ဒီနှစ်၊ ဒါမှမဟုတ် နောက်နှစ်လောက် ဆိုရင် ဒီလူနာဟာ သူ့ဇနီးသည် ကုသတာကို ခံယူနိုင်ကောင်းပါရဲ့လေ'



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးမှာ သက်ပြင်းချလေသည်။ ပြီးမှ တစ်ချိန်လုံး ငြိမ်သက်စွာ ဘေးမှ နားထောင်နေသော ဆရာဝန် အသစ်အား တစ်ချက် လှည့်ကြည့်၍

'ဘာပဲဖြစ်ဖြစ်ပါလေ၊ ဒီ *Patient* ရဲ့ *Type* ဟာ သူ့ကို နားလည်တာဝန်ယူနိုင်မယ့် *Doctor* တစ်ယောက်ယောက် အပေါ်မှာ မူတည်တယ်၊ သူ့ရဲ့ စိတ်ကို အနီးကပ် ကြည့်ပြီး ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်မယ် ဆိုရင် အသိ ချဉ်းကပ်လာတာနဲ့ တစ်ပြိုင်နက် အချိန်မရွေး လူကောင်း ပြန်ဖြစ်သွားနိုင်တယ်၊ ဒါမှမဟုတ်ရင်လည်း တစ်သက်လုံး ...'

ဆရာဝန်ကြီးသည် စကားကို ရပ်၍ ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်လေသည်။ ထို့နောက်

'မင်းအနေနဲ့ လူနာရဲ့ *Personal Facts* တွေတော့ အလွတ်ရလောက်ရောပေါ့'

'ရပါတယ် ဆရာကြီး'

'အေး တစ်ခါလောက် ရွတ်ပြစမ်းပါဦး'

'ဟုတ်ကဲ့'

BURMESE CLASSIC

| | |
|---|---|
| ***Patient No.*** | *33* |
| ***Patient Name*** | *Linn Loon* |
| ***Age*** | *28* |
| ***Sex*** | *Male* |
| ***Before History*** | *Microsoft & Cisco Certified IT Technician,*<br>*MSc Computer Science*<br>*International Recognized & Certified Professional Web Security Technician* |
| ***After History*** | *Stability ..............................*<br>*.................................................*<br>*.................................................* |

'ရပါပြီကွယ်၊ တော်လောက်ပါပြီ'

**အိမ်သူရွှေမ စာပေ**

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ ဆရာကြီး'

'မင်းအနေနဲ့ တစ်ခု သေချာ သိထားရမှာက ဒီမှာ ကိုယ် ကိုင်တွယ်ရတဲ့ *Patient* တစ်ယောက်ကို ဘယ်လို အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် ကိုယ့်ရဲ့ မိသားစုဝင် တစ်ယောက်လို သဘောထားနိုင်ဖို့ပဲ၊ ကဲ ဒီနေ့တော့ ဒီလောက်ပါပဲ'

ဆရာဝန်ကြီးသည် အခန်းဝကို ကျော်ခိုင်း၍ လှည့်ထွက်လာလေသည်။ သူ့နောက်တွင် သူ သွန်သင် ညွှန်ကြားခဲ့သော အလုပ်ဝင်စ ဆရာဝန် အသစ်သည် တစ်ဘက်သို့ လှည့်လာလေသည်။

လူနာ အမှတ် (၃၃) ကို ကိုင်တွယ် တာဝန်ယူ ကုသရန် အသစ် တာဝန်ကျသော ဆရာဝန် အသစ်၏ မျက်နှာသည် နေရောင်ခြည်တန်း တစ်ခုအောက် အရောက်တွင် ထင်ထင်ရှားရှား ပေါ်လာလေသည်။

သူသည် ကြမ်းပြင်ကိုသာ ကြည့်လျက် လျှောက်လာလေသည်။ သူ၏ ခေါင်းတစ်ချက် ပြန်အမော့တွင် မြင်ရသည်မှာ ...

သူသည် ချောမော လှပ၍ ငယ်ရွယ်သော ဆရာဝန်မလေး တစ်ယောက် ဖြစ်လေသည်။

ထို့အပြင် ...

မျက်ရည်ဝဲလျက် ရှိသော မျက်လုံးများနှင့်

စိုလက် တောက်ပလျက် အနည်းငယ် တုန်ယင်နေသော လှပ၍ နူးညံ့သည့် အနက်ရောင် နှုတ်ခမ်း တစ်စုံကိုလည်း ...

နေသားတကျ လှပစွာ ပိုင်ဆိုင်ထားသူ တစ်ယောက် ဖြစ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

အာရေဘီယံ ဒဏ္ဍာရီတွေဟာ အင်မတန် ကောင်းပါတယ်။

တချို့ဟာ

အဆုံးသတ်ပိုင်းမှာ တွေးစရာလေးတွေ၊ ဖြေရှင်းစရာ ပြဿနာလေးတွေ ထည့်ထားပေးတတ်ကြတယ်။

နတ်သမီးနဲ့ မျောက်ပုံပြင် မူရင်းဟာ အခု ဖော်ပြထားတဲ့ အပိုင်း (၅) ပိုင်းထက် ပိုရှည်ပါတယ်။

ဒီပုံပြင် အဆုံးသတ်က

နတ်သမီးကို လူအဖြစ် ပြောင်းမလား ...

မျောက်ကနေ လူဖြစ်လာတဲ့ လူကို နတ်သား အဖြစ် ပြောင်းမလား ....

BURMESE CLASSIC

..............................

ဖတ်သူတွေက ခံစား ဖြေရှင်းဖို့ပါပဲ။

ဒါက

ကျွန်တော် စုဆောင်းထားတဲ့ အာရေဘီယံ ပုံပြင်ထဲက အမှတ် (၃၃) ပါ။

ဒါ

အာရေဘီယံ (၃၃) ပါပဲ။



www.burmeseclassic.com